

တက္ကသိုလ်
သိဟအောင်
ဓားကြွယ်ယိ နှင့်
ခေါင်းနှစ်လုံးမြွေဖွေး

၄၆၀/၉၅(၂ဂ)

(ဂ)

ပထမအကြိမ်

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး ၈၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးလှဌေး (မြဲ-၀၁၁၈၃)
လှဌေးစာပေ
အမှတ် ၂၅၊ ၁၂၆ လမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြဲ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၀၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

တက္ကသိုလ် သီဟအောင်

# ဓားကြယ် နှင့် ခေါင်းနှစ်လုံးမြေခွေး

(ပထမပိုင်း)

ဒုတာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | (ဒုအရေး) |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | (ဒုအရေး) |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... | (ဒုအရေး) |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

ရဏာလမ်းမှ ခရီးသွား

နေခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

အဝေးတွင် မှိုင်းညို့ညို့တောင်တန်းများနှင့် စိမ်းလန်း
မြည်သည့် တောအုပ်များကို တွေ့မြင်ရလေသည်။

လေပြည် ဝေ့ယမ်း တိုက်ခတ်လာသောအခါ မွှေးကြိုင်
သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံလာသည်။

တောလမ်းလေးအတိုင်း မြင်းစီးသမားတစ်ယောက် ခရီး
နှင်လာလေသည်။

‘ခွပ်ခွပ်....ခွပ်ခွပ်’

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်
သည်။

မြင်းစီးသမားသည် အညိုရောင် အဝတ်အစားများ ဝ
ဆင်ထားသည့် လုလင်တစ်ယောက်ဖြစ်သည်။

ယောကျ်ားပီသစွာ ချောမောခံ့ညားသည့်ရုပ်သွင်ပိုင်
ဖြစ်ပြီး ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားလေရာ သိုင်းပည
တတ်မြောက်ထားသူ ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ
သည်။

သူ၏ဓားသည် ထူးခြားသော ဓားတစ်လက် ဖြစ်ကြော
ထင်ရှားပါသည်။

ဓားအိမ်မှာ အနက်ရောင်ဖြစ်ပြီး ရွှေနားကွပ်ထားသည
ဓားရိုးမှာ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည်။

လုလင်၏ ပုသဏ္ဌာန်မှာ သူ၏ခါးမှဓားနှင့် သူစီးနင်းလို
သည့် အမွေးပွ မြင်းဖြူကြီးကြောင့် အလွန် အားကျဖွ
ကောင်းသောအသွင် ပေါ်လွင်နေပါတော့သည်။

အမှန်တော့ ထိုလုလင်မှာ သိုင်းလောကမှ လူငယ်လူရွှ
များ ကြားတွင် ရေပန်းစားနေသည့် ကျောက် စိမ်း ဓ
'ကောက်ယိ'ဖြစ်လေသည်။

ကျောက်စိမ်းဓား ကောက်ယိသည် လွန်ခဲ့သော သုံးနှ
စ၍ ကျော်ကြားလာပြီး အချိန် အနည်းငယ်အတွင်း ထိပ်
သိုင်းသမားကြီးများနည်းတူ လျှမ်းလျှမ်းတောက် နာမည်
လာခဲ့ပေသည်။



ကောက်ယိသည် နယ်ခြား ကန္တာရဒေသသို့ ဦးတည်နေ
သာ တောလမ်းခရီးအတိုင်း ခရီးနှင်နေလေသည်။

ပြည်မသိုင်းလောကမှနေပြီး နယ်ခြားကန္တာရဆီသို့ဦးတည်
သွားနေခြင်းမှာ အကြောင်းတော့ ရှိရပေမည်။

ရုတ်တရက်....

'ဟေး....'

ကောက်ယိသည် ဟြသံပေးလိုက်ပြီး မြင်းအရှိန် လျှော့ချ
လိုက်သည်။

အကယ်၍ ဆက်ပြီး ဒုန်းစိုင်းစီးနင်းသွားမည် ဆိုပါလျှင်
လမ်းပေါ်၌လဲကျနေသူတစ်ယောက်အား တက်နင်းမိမည်ဖြစ်
လသည်။

အရှေ့ဘက် မလှမ်းမကမ်း တစ်နေရာ လမ်းပေါ်တွင်
လူတစ်ယောက် မှောက်လျက် လဲကျနေလေသည်။

လမ်းပေါ်တွင် ကန့်လန့်ဖြတ် လဲကျနေပြီး တုတ်တုတ်မျှ
လှုပ်ချေ။

ကောက်ယိသည် မြင်းကိုအချိန်မီရပ်တန့်လိုက်ပြီး လွှားခနဲ
ခုန်ဆင်းလိုက်သည်။

ထို နောက် လမ်းပေါ်၌ လဲကျနေသူအား အကဲခတ်ကြည့်
လိုက်သည်။

ကောက်ယိ မျက်မှောင်ကြုတ်သွားသည်။

'ဒီလမ်း ဒီခရီးမှာ မိန်းကလေးတစ်ယောက် ခုလိုလဲနေပုံ
က အတော် ထူးဆန်းတာပဲ'

ဟု တွေးရင်း ရှေ့သို့ လှမ်းသွားလိုက်သည်။

အနီးရောက်သည့်တိုင် မိန်းကလေးသည် တုတ်တုတ်မလှုပ်ဘဲ ရှိနေ၏။

ကောက်ယိ စိုးရိမ်လာသည်။

'ဒုက္ခပဲ၊ အသက်မှ ရှိသေးရဲ့လား မသိဘူး'

မိန်းကလေးအား ပက်လက်လှန်ကြည့်ဖို့ ဟန်ပြင်လို

သည်။

မိန်းကလေး၏ပခုံးကို ဆုပ်ကိုင်မိလိုက်သည်နှင့်....

'ယား....'

ဩသံပေးသံနှင့်အတူ မိန်းကလေး ခုန်ထလာလေသ

သူမ၏ လက်ထဲ၌ ဝင်းလက်တောက်ပြောင်နေသော

တစ်လက်ကိုင်ထားသည်။

သူမသည် အလစ်အငိုက်ဖမ်းတာ ကောက်ယိ၏ရင်

ခေါ ဖြင့် ထိုးသွင်းလိုက်လေတော့သည်။



ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

မိန်းကလေးထိုးသွင်းလိုက်သည့် ဓားဦးသည် ကောက်ယိရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်လာသည်။

သူမ၏လှုပ်ရှားမှုသည် ကျားသစ်တစ်ကောင်ကဲ့သို့ အလွန်လျင်မြန်ဖျတ်လတ်နေပေတော့သည်။

'ယား....'

ဩသံပေးကာ မြေပေါ် ခြေဆောင့်ပြီး နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်၏။

သို့တိုင်....

'ဗျို....'

မိန်းကလေး၏ဓားဦးသည် သူ၏အင်္ကျီရင်ဘတ်ကို စုတ်ပြဲသွားစေကာ ရင်ဝတွင် လေးလက်မခန့်အရှည်ရှိသည့် ဒဏ်ရာတစ်ချက်ဖြစ်ပေါ်သွားစေခဲ့သည်။

အပေါ်ယံ လျှပ်ဆီခြင်းဖြစ်၍သာ ကောက်ယိသက်သာသွားခြင်း ဖြစ်ပေသည်။

ကောက်ယိသည် ဝေဒနာကို အမှုမထားအားဘဲ နောက်သို့ သုံးလေးလှမ်းမျှ ထပ်ဆုတ်လိုက်၏။

ထို့နောက် မိန်းကလေးကို နားမလည်နိုင်စွာ ကြည့်ရင်း...

'မင်း ဘယ်သူလဲ ဘာကြောင့် ကျုပ်ကို ရန်မူရတာလဲ'

ဟု မေးလိုက်သည်။

မိန်းကလေးက ဘာမျှမပြောပါ။

ဓားဝေ့ယမ်းကာ ကောက်ယိထံသို့ ပြေးဝင်တိုက်ခိုက်လာသည်။

သူမသည် အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်သော်လည်း အောင်မြင်ခြင်းမရှိ၍ ဒေါသသွက်နေပုံရသည်။

ကောက်ယိအား သုတ်သင်ပစ်ရန် တရကြမ်းတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကောက်ယိ မကျေမနပ်ဖြစ်သွားသည်။

'မင်းလွန်လာပြီနော်'

ဟုပြောကာ ရှောင်တိမ်းလိုက်သည်။

ကောက်ယိ၏လှုပ်ရှားမှုသည် မိန်းကလေးထက် ပို၍လျင်မြန်နေပါသည်။

ထို့ကြောင့် မိန်းကလေးသည် မည်မျှပင် ကြိုးစားစေကာမူ ကောက်ယိ၏အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်းမရှိ ဖြစ်နေရတော့သည်။

မိန်းကလေးသည် သိုင်းကွက်သုံးဆယ်ကျော်ခန့် တိုက်ခိုက်ပြီးလျှင် ကောက်ယိအား ဒုက္ခပေးနိုင်တော့မည် မဟုတ်ကြောင်း ဆင်ခြင်မိလိုက်သောကြောင့် တိုက်ခိုက်မှုကို ရပ်တန့်လိုက်သည်။

သူမက အံကိုတင်းတင်းကြိတ်ရင်းဖနောင့်တစ်ချက်ပေါက်လိုက်သည်။

'ဘောက် ... ဓားမှာ အဆိပ် သုတ်မထားမိတာ မှားတာပဲ'

ဟုလည်း ရေရွတ်လိုက်သည်။



သူမ၏ စကားကြောင့် ကောက်ယိ မျက်လုံးပြူးသွားသည်။

ရက်စက်ကြမ်းကြုတ်သည့်စိတ်ထား ရှိနေသည် မဟုတ်ပါလား။

သူ့အားသုတ်သင်ရန် ကြိုးစားသည့်စိတ်ထားရှိနေသည် မဟုတ်ပါလား။

ထိုမိန်းကလေးသည် အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိပါသေးသည်။

ရုပ်ဆင်းရူပကာ ချောမော လှပသူလေးလည်း ဖြစ်သည်။

ရုပ်ရည်နှင့် သူမစိတ်ထား မည်သို့မျှ မဆိုင်ပေ။

'နေပါဦး၊ မင်းနဲ့ငါ ဘယ်လိုရန်ငြိုးရန်စမှလဲမရှိပါလား၊ ဘာကြောင့် ငါ့ကို ဒုက္ခပေးချင်ရတာလဲ'

ဟု မေးလိုက်၏။

'ရှင့်ပါးစပ် ပိတ်ထားစမ်း၊ ရှင့်ကို မသတ်နိုင်ရင် ကျွန်မကိုယ်ကျွန်မ သတ်သေလိုက်မယ်'

ဟု ပြောကာ ဓားဖြင့် သူမ၏ရင်ဝသို့ ပြန်လှည့်ထိုးစိုက်ရန် ဟန်ပြင်လိုက်၏။

ကောက်ယိ အထိတ်တလန့်ဖြစ်သွားသည်။

'ဟော့....ဟော့ ... ဒီလိုမလုပ်နဲ့လေ'

ဟန့်တားရင်း ချက်ချင်းပြေးဝင်သွားပြီး မိန်းကလေး၏ ဓားကို လုယူရန် ဟန်ပြင်လိုက်၏။

မိန်းကလေးအား တစ်ကြိမ် တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးပါ။

ယခုလိုအငြိုးကြီးစွာ သုတ်သင်ပစ်ရန် ကြိုးစားသည်မှာ အကြောင်းတစ်ခုခု ရှိမည်ဟု ယုံကြည်မိသည်။

အဘယ့်ကြောင့် ဆိုသည်ကိုလည်း သိလိုနေပါသည်။

ထို့ကြောင့် မိန်းကလေးအား ဟန့်တားလိုက်ခြင်း ဖြစ်သည်။

မိန်းကလေးသည် ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန်ဟန်ပြင်နေရာမှ ကောက်ယိက လျင်မြန်စွာ ချဉ်းကပ်လာသောအခါ လက်ကောက်ဝတ်ကို တစ်ချက် လှည့်လိုက်ပြီး ဓားဖြင့် ကောက်ယိ၏ရင် ကို စိုက်ချလိုက်သည်။

'ဟော့....ဘာလုပ်....'

ကောက်ယိ ချက်ချင်း နောက်ဆုတ်လိုက်ရသည်။

'ယား....'

မိန်းကလေးက ငြာသံပေးကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

သူမသည် ရက်စက်ကြမ်းကြုတ်သည့်အပြင် ဥာဏ်များသူ ဖြစ်ကြောင်းလည်း ကောက်ယိ သဘောပေါက် သွားလေသည်။



စိတ်ထဲ ခံပြင်းလာသည်။

'ငါက ညှာပေမယ့် ငါ့အပေါ် ရက်ရက်စက်စက်လုပ်နေပါလား'

မှန်ပေသည်။

မိန်းကလေး ကြောင့် နှစ်ကြိမ်တိုင်တိုင် အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရပြီဖြစ်ရာ မညှာချင်တော့ပါ။

'မင်း ဘာတတ်နိုင်မှာမို့ လဲ'

ဟု ငေါက်ကာ လက်ဝေ့ယမ်းပြီး ပြန်လည်တိုက်ခိုက်ပစ်လိုက်၏။

ကောက်ယိ၏တိုက်ကွက်ထွက်ပေါ်လာသည်နှင့်....

'ဝုန်း....'

ကျယ်လောင်သောမြည်သံနှင့်အတူ မိန်းကလေးမှာအဝေးသို့ လွင့်စဉ်သွားလေတော့သည်။

လွင်စာပေ
အမှတ် ၁၅ ၁၃၈၊ ၆ လမ်း
အောင် ၃ မြို့
ဖုန်း ၂၁၇၄၄

မိန်းကလေး မြေပေါ်မှ လူးလိမ့်ထလိုက်၏။

သူမ၏လက်ထဲမှဓားသည် မြေပေါ်လွင့်စဉ်ကျနေပြီ ဖြစ်သလို ဓားကိုင်ခဲ့သော လက်မှာ တွဲလောင်းကျနေရာ လက်ကျိုးသွားပြီ ဖြစ်ကြောင်း ထင်ရှားပေါ်လွင် နေပေတော့သည်။

ကောက်ယိက ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ပါ။

ခံပြင်းစိတ်နှင့် တုန့်ပြန်လိုက်ပြီးမှ မိန်းကလေး လက်ကျိုးသွားသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားလေသည်။

'မင်း....ဘာကြောင့် ငါ့ကိုရန်ပြုရတာလဲ'

ဟု မေးလိုက်သည်။

မိန်းကလေး ဘာမှမပြောပါ။

မြေပေါ်ကျနေသော ဓားကို အကောင်းပကတိ ရှိနေသေးသော လက်တစ်ဖက်ဖြင့် ကောက်ယူလိုက်ပြီး....

'ယား....'

ကောက်ယိထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'ဟော့....ဟော့'

သူမ၏အပြုအမူကြောင့် ကောက်ယိ ထိတ်လန့်သွား၏။

ထိုမိန်းကလေးသည် အသက်ရှင်နေသမျှ ကာလပတ်လုံး သူ့အားသတ်ပစ်ရန် ကြိုးစားမည်ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေပြီဖြစ်ပါသည်။

ကောက်ယိ ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းပေးလိုက်ပါသည်။

'ရှင်....သတ္တိမရှိဘူးလား'



မိန်းကလေးက ဒေါသတကြီးအော်ငေါက်ကာ တရကြမ်း တိုက်ခိုက်နေသည်။

ကောက်ယိ ရှောင်တိမ်းနေသော်လည်း အတင်းပင် လိုက်လံ တိုက်ခိုက်နေခြင်းကြောင့် ရှောင်ဖို့ပင် မလွယ်အောင် ဖြစ်လာတော့သည်။

သူ့အား သုတ်သင် ရှင်းလင်းပစ်ရန် ကြိုးစားနေသူတစ်ယောက်အား ညှာတာထောက်ထားနေခြင်းဖြင့် အသက်အန္တရာယ် ထိခိုက်မည့်အဖြစ်မျိုး အဖြစ်မခံနိုင်ပါ။

သူ့တွင် ရှေ့ခရီးဆက်စရာ ရှိသေးသလို အရေးတကြီး လုပ်စရာကိုင်စရာများ ရှိနေပါသေးသည်။

သူလျှောက်လှမ်းရသည့် ခရီးသည် ကြမ်းတမ်းသည့် မရဏခရီးလမ်းတစ်ခုဖြစ်သလို ယခု မိန်းကလေးနှင့် တွေ့ဆုံရခြင်းသည် ကောင်းသောနိမိတ်မဟုတ်ဟု မှတ်ချက်ချလိုက်သည်။

မိန်းကလေးအား ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး လက်ဝေ့ယမ်းလိုက်လျှင်....

'ဝုန်း....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံနှင့်အတူ မိန်းကလေးမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

....၁....

ယခုတစ်ကြိမ်....

မိန်းကလေးသည် မြေပေါ်လဲကျနေပြီး ပြန်ထမလာနိုင်တော့ပါ။

သူမ မသ္တပ်မသုက်ဖြစ်နေပုံကို ကြည့်ကာ ကောက်ယိမဲ့ပြုံးပြုံးလိုက်မိသည်။

သူမသည် သတိလစ်ချင်ဟန် ဆောင်ကာ သူ့အား လှည့်စား၍ ရတော့မည်မဟုတ်ပါ။ သူ၏လက်ချက်ဖြင့် အမှန်တကယ် သတိလစ် မေ့မြောနေပြီဖြစ်ပါသည်။

ကောက်ယိက မိန်းကလေးအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

'မင်းက ငါ့ကိုလုပ်ကြံဖို့ ကြိုးစားပေမယ့် ငါက မင်းကို ချမ်းသာပေးလိုက်ပါမယ်၊ မင်းကို ဒီအတိုင်းထားပစ်ခဲ့လို့ မဖြစ်ဘူးဆိုတာလဲ ငါသိပါတယ်'

စကားဆုံးလျှင် မိန်းကလေးအား ပွေ့ချီကာ သူ၏ မြင်းပေါ် တင်လိုက်သည်။ ထို့နောက် မြင်း၏တင်ပါးကို တစ်ချက်ပုတ်လိုက်သည်။

'ဟီး....ဟီး....ဟီး'

မြင်းဖြူကြီးသည် ရှည်လျားစွာ ဟီးလိုက်ပြီး နောက်ကြောင်းလှည့်ကာ လာရာလမ်းအတိုင်း ဒုန်းစိုင်း ပြေးလွှားသွားလေသည်။

မိန်းကလေးသည် မြင်းကျောပေါ်တွင် မှောက်လျက်ပါသွားလေသည်။



ကောက်ယိ ငေးကြည့်နေရာ မြင်းဖြူကြီးသည် တဖြည်းဖြည်း ဝေး၍ ဝေး၍သွားပြီး နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

စိမ်းလန်းသော တောအုပ်များသည် နောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မှိုင်းညို့ညို့ တောင်တန်းကြီးကို ဖြတ်ကျော်ပြီးသော အခါ မျက်စိတစ်ဆုံး အပြောကျယ်လှသည့် ကန္တာရနယ်မြေကို တွေ့မြင်ရမည် ဖြစ်ပေသည်။

တောင်တန်းကြီးများနှင့် ကန္တာရနယ်မြေကြားတွင် မြို့ငယ်လေးတစ်မြို့ တည်ရှိနေပါသည်။

ကောက်ယိသည် ထိုမြို့ငယ်လေးဆီ ရောက်ရှိလာသည်။

မြို့ထဲ၌ အရက်ဆိုင်၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များ အစီအရီ ရှိနေပါသည်။

အထူးသဖြင့် ကန္တာရခရီးကို ဖြတ်သန်းသွားလာ မည့်သူ များအတွက် လိုအပ်သော ပစ္စည်းပစ္စယ အစုံအလင် ရောင်း ချသော ဆိုင်များကို ပေါများလှပေသည်။

ကောက်ယိသည် လိုအပ်သည့် ပစ္စည်းပစ္စယများနှင့် မြင်း တစ်ကောင် ငယ်ယူလိုက်သည်။

ထို့နောက်....

စားသောက်ဆိုင် တစ်ဆိုင်သို့ဝင်ကာ စားသောက်လိုက်လေ သည်။

ဆိုင်ထဲ၌ စားသောက်နေကြသူများဖြင့် စည်ကားနေလေ သည်။ ပြည်မမှ လာသူများ ဒေသခံများအပြင်၊ မွန်ဂိုသုံး လေးယောက်လည်း တွေ့ရသည်။

နယ်ခြားဒေသမှ မွန်ဂိုကုန်သည်များသည် ကန္တာရကို ဖြတ် ကျော်ကာ ဤနေရာသို့တိုင် လာရောက်ပြီး ကုန်ပစ္စည်း ရောင်း ဝယ်ဖောက်ကားလေ့ ရှိကြပေသည်။

ကောက်ယိ၏ စားပွဲနှင့် ကပ်လျက်ရှိသော စားပွဲတွင် အသက်လေးဆယ်ခန့် ဝဝဖိုင့်ဖိုင့်ရှိသူ တစ်ယောက်သည် အဖော်ဖြစ်သူနှင့်အတူထိုင်ကာ စားသောက်နေပါသည်။

ထိုလူဝကြီးသည် စားသောက်ရင်း....

'ခုတလော မွန်ဂိုကုန်သည်တွေ အလာကျဲတယ်၊ ကုန် ပစ္စည်းတွေ လိုသလောက်မရနိုင်လို့ ဈေးတွေ တက်ကုန်ပြီ'

ဟု ပြောရာ သူ၏ အဖော်က....

'ဒီဘက်ကကော ဘာထူးလို့လဲ၊ ကန္တာရဖြတ်သွားတဲ့ လူ နည်းသွားတော့ ပစ္စည်းတွေ ဟုတ္တိပတ္တိ မရောင်းရတော့ဘူး'



ဟု ပြောလိုက်သည်။

ထိုလူ နှစ်ယောက်မှာ ကုန်သည်ပွဲစားများ ဖြစ်ကြဟန် ရှိ လေသည်။

ကောက်ယိသည် ကန္တာရခရီး၏ အခြေအနေကို သိရလေ အောင် နားစွင့်နေလိုက်သည်။

လူဝကြီးက....

'ကန္တာရထဲ အသွားအလာကျဲကုန်တာ တခြားကြောင့် မဟုတ်ဘူး၊ ခုတလော ပေါ်လာတဲ့ သရဲမျက်နှာဆိုတဲ့ ဓားပြ ကြီးကြောင့်ပဲဗျ၊ သရဲမျက်နှာက ကန္တာရထဲ ဖြတ်သွားတဲ့ လူမှန်သမျှ ချမ်းသာမပေးဘဲ လုယက် သတ်ဖြတ်ပစ်တော့ ဘယ်သူမှ မသွားရဲအောင် ဖြစ်နေကြတာပေါ့'

ဟု ပြောသည်။

သူ၏ အဖော်က....

'ခင်ဗျားကသာမသွားရဲဘူးပြောနေ၊ ရွှေတရိဂ အာမခံဌာ နက ကန္တာရဖြတ်သွားဖို့ စုံင်းပြင်းနေတာ မကြားမိဘူးလား'

'အင်း....သူတို့ကတော့ ထိပ်သီး သိုင်းသမားတွေရှိတော့ သွားဝံ့တာပေါ့လေ၊ ကျုပ်က သာမန် ကုန်သည်ပွဲစားတွေ မသွားရဲဘူးလို့ ပြောချင်တာပါ၊ ဘာပဲဖြစ်ဖြစ် သရဲမျက်နှာ နဲ့တွေ့ရင် ရွှေတရိဂ အာမခံဌာနလဲ သက်သာမယ် မထင် ပါဘူး'

လူဝကြီး၏ စကားကြောင့် သူ၏အဖော်သည် မခံချင်ဖြစ် သွားပုံ ရလေသည်။

'ခင်ဗျားကလဲဗျာ၊ ရွှေဘရိဂ ' အာမခံဌာနကို အထင်မသေးစမ်းပါနဲ့၊ မယုံရင် ခင်ဗျားနဲ့ကျုပ် လောင်းကြေးထပ်ကြမလား'

'ခင်ဗျား သဘောက'

'ရွှေဘရိဂ ' အာမခံဌာနက ကန္တာရထဲက ဖြတ်သွားရင် သရဲမျက်နှာကြောင့် ဒုက္ခလှလှကြီး တွေ့ရမယ်လို့ ကျုပ်လောင်းမယ်၊ သူတို့ ဒုက္ခရောက်တယ်ဆိုရင် ကျုပ်အနိုင်ရမယ်၊ ကျုပ်ပြောသလို မဖြစ်ဘူးဆိုရင် ကျုပ်ရှုံးမယ်၊ ငွေတစ်ထောင်ကြေး ဘယ့်နှယ်လဲ'

ဟု စိန်ခေါ်လိုက်သည်။

လူဝကြီးလည်း အလောင်းအစား ဝါသနာပါပုံ ရလေသည်။

'စိန်လိုက်လေ၊ ရွှေဘရိဂ ' အာမခံဌာနကို အထင်သေးလို့ကတော့ ခင်ဗျားမှားပြီ'

ကောက်ယီသည် သူတို့၏ စကားကို နားစွင့်ရင်း ကန္တာရနယ်မြေမှ ထူးခြားသော အကြောင်းကိစ္စများကို တစ်စွန်းတစ်စ သိရှိလိုက်ရတော့သည်။

....o....

ရိုပ်မှမာ

လွင်စာပေ
စာမှတ် [illegible] ၁၃၈၊ [illegible] လမ်း
[illegible]
ဖုန်း ၂၁၃၄၄

ကန္တာရနယ်မြေ....

နေ ခြစ်ခြစ်တောက် ပူပြင်းနေပါသည်။

သဲဝါလွင်ပြင်မှာ မျက်စိတဆုံး ဖုံးလွှမ်းထား၏။

ချိုင့်များ၊ ကျင်းများ၊ သဲတောင်ကုန်းများဖြင့် တန်ဆာင်ထားသည့် ကန္တာရနယ်မြေ ဖြစ်လေသည်။

ကန္တာရနယ်မြေသည် အပြောင်းအလဲ မြန်ဆန်လှသည့် း မတစ်ယောက်နှင့် တူသည်ဟု တင်စားသည့် စကားကို ာက်ယိ ကြားဖူးထားပေသည်။

လက်တွေ့တွင် ကန္တာရနယ်မြေသို့ ရောက်သောအခါ လောင်မှုဒဏ်ကို တစ်ချိန်လုံး ခံစားနေရသဖြင့် မီးပုံကြီးထဲ င်းရသည်နှင့် တူသည်ဟုသာ သဘောထားမိတော့သည်။

ဤကန္တာရနယ်သို့ သူ တစ်ကြိမ်တစ်ခါမှ ရောက်ဖူးသ
မဟုတ်ပါ။ ယခုလို ရောက်လာရသည်မှာ မလာမဖြစ်သေ
အကြောင်းကိစ္စတစ်ခုကြောင့်သာ ဖြစ်ပါသည်။

ကောက်ယိသည် မြင်းကို ဖြည်းဖြည်းမှန်မှန် စီးနှင်းလာ
လေသည်။ နေ့အက်တွင် နေထွက်ရာအရပ်ကို အမှတ်အသ
ပြုကာ ခရီးသွားပြီး ညအက်တွင် ကြယ်တာရာများကိုကြ
ကာ ခရီးသွားကြသည်က ကန္တာရခရီးသည်တို့၏ ထု
အတိုင်း တသွေမတိမ်း ပြုမူကျင့်ကြံကာ ခရီးဆက်လာခဲ့သည်

တစ်နေ့လုံးခရီးနှင်ပြီး ညအက်ရောက်သောအခါ လူ
အိမ်ခြေနှင့် ဝေးကွာပြီး ကန္တာရအလယ်တွင် လူ့လော
ကြီး တစ်ခုလုံးနှင့် အဆက်အသွယ်ပြတ်သလို ဖြစ်သွားရ
တော့သည်။

....၀....



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်
သွားပြီ ဖြစ်လေသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု ဝင်ရောက်
လာသည်။

နေရောင်နှင့်အတူ အပူရှိန် ကွယ်ပျောက်သွားပြီး ည
အမှောင်နှင့်အတူ အအေးဓာတ်ပါလာလေသည်။

ကောက်ယိသည် ခြောက်သယောင်းနေသည့် ကန္တာရ
ဆူးချုံပင်များဖြင့် မီးပုံတစ်ခု ပြုလုပ်လိုက်သည်။

ထို့နောက် အသင့်ပါလာသော ရိက္ခာခြောက်များကို
စားသောက်ပြီး မြင်းကို အနားပေးလိုက်သည်။

မီးပုံဘေး၌ အိပ်ရာလိပ်ခင်းကာ ကျောချ အနားယူလိုက်
သည်။

တစ်နေ့လုံး ပင်ပန်းခဲ့သမျှ တစ်ညအနားယူရမည် ဖြစ်
ပေသည်။

ကောက်ယိသည် မီးပုံနံဘေး၌ လဲလျောင်းရင်း မေ့ခနဲ
အိပ်ပျော်သွားလေတော့သည်။

.... ....

အချိန်မည်မျှ ကုန်ဆုံးသွားမှန်းမသိ။

ကောက်ယိသည် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ ဆ
ခနဲ လန့်နိုးလေသည်။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ မီးပုံမှာ မီးသေနေပြ
ဝန်းကျင်တစ်ခုလုံး မည်းမည်းရှိနေသည်ကို တွေ့ရလေသည်

ကြယ်ရောင်လရောင်သာ မရှိပါလျှင် ကိုယ့်လက်ကိုယ်
ကိုယ်ပြန်ပြီး မြင်ရဖို့မလွယ်ပေ။

အရိုးကွဲမတတ်သော အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံ
လွှမ်းခြုံထားပါ၏။

ကောက်ယိမှာ ခြေလက်များ ထုံကျဉ်လာသည်ဟု
ခံစားရလေသည်။

ထို့ကြောင့် ခြေလက်များကို ပွတ်သပ် ဆုပ်နယ်က
မီးပြန်မွေးရန် ဟန်ပြင်လိုက်၏။

အနည်းငယ် လှုပ်ရှားလိုက်ပြီးမှ စိတ်ထဲ ထူးခြားသေ
ခံစားချက်တစ်ခု ဖြစ်ပေါ်လာသဖြင့် ရပ်တန့်လိုက်သည်။

ပတ်ဝန်းကျင်ကိုလည်း ထပ်မံ အကဲခတ်ကြည့်လိုက်လေ၏

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ချောက်ချားဖွယ်ကောင်းအောင် တိတ်ဆိတ် ငြိမ်သ
နေခြင်းမျိုး ဖြစ်လေသည်။

ကောက်ယိ မျက်မှောင်ကြုတ်သွားသည်။

'တစ်ခုခုတော့ တစ်ခုခုပဲ'

ဟု ရေရွတ်လိုက်မိသည်။



ကန္တာရနှင့်စိမ်းနေသူမို့ ကန္တာရ၏ ဖောက်ပြန်တတ်သည့်
သဘောထားကို ကောက်ယိ မသိနိုင်ခဲ့ပါ။

ရုတ်တရက်....

အဝေးမှ ထူးခြားသောအသံများ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေသည်။

'ဘာပါလိမ့်'

ကောက်ယိ ခေါင်းထောင်လာသည်။

အဝေးတွင် နက်ရှိုင်းသော အမှောင်ထုကြီးတစ်ခု ရှိနေ
သည်ဟုလည်းကောင်း၊ ထိုအမှောင်ထုကြီးသည် အလွန် လျင်
မြန်စွာ ရွေ့လျားလာသည်ဟုလည်းကောင်း ထင်မှတ်မိလိုက်
လေသည်။

ကောက်ယိ တအံ့တဩ ကြည့်နေစဉ်မှာပင် အမှောင်ထု
ကြီးသည် လျင်မြန်စွာ ချဉ်းကပ်လာလေတော့သည်။

'ဝှီး....ဝှီး....ဝှီး'

'ဝေါ....ဝေါ....ဝေါ'

မြည်ဟည်းသံများလည်း ကျယ်လောင်စွာ ထွက်ပေါ်လာ
သည်။

သဲမှုန်များသည် ကောက်ယိထံသို့ တဖွားဖွား လွင့်စဉ်
ကျရောက်လာလေတော့သည်။

ယခု....

အခြေအနေမှန်ကို ကောက်ယိ သိလိုက်ပြီ ဖြစ်ပါသည်။

'သဲမုန်တိုင်း'

မှန်ပေသည်။

အရှိန်အဟုန်ပြင်းစွာဖြင့် သဲမုန်တိုင်း တိုက်ခတ်လာပြီ ဖြစ်လေသည်။

သဲကန္တာရတွင် အပူရှိန်နှင့် အအေးဓာတ်ထက် ပို၍ကြောက်စရာကောင်းသည်မှာ သဲမုန်တိုင်း အန္တရာယ် ဖြစ်သည်ဟု ကောက်ယိ ကြားဖူးထားပါသည်။

သဲမုန်တိုင်း တိုက်ခတ်လာလျှင် မြေပထဝီအနေအထား ပြောင်းလာကုန်သည်။

ရေအိုင်များ ခန်းခြောက်ကုန်သည်။

စသည့်စသည့် နောက်ဆက်တွဲ အန္တရာယ်များလည်း ရှိသေး၏။

ကောက်ယိ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပါသည်။

ကန္တာရနှင့် ပတ်သက်လျှင် အတွေ့အကြုံမရှိသဖြင့် ကပျာကယာ ခင်းထားသောစောင်ကို ကိုယ်ပေါ် ခြုံထားလိုက်မိသည်။

မျက်စိထဲ နားထဲ သဲများမဝင်နိုင်စေရန် ကာကွယ်ဖို့အလို့ငှာ ဖြစ်သည်။

လုပ်မိလုပ်ရာလုပ်လိုက်သည်ကပင်ျခပ်ကောင်းကောင်းဖြစ်သွားပေတော့သည်။

'ဝှီး....ဝှီး....ဝှီး....'

'ဝေါ...ဝေါ...ဝေါ..'



သဲမုန်တိုင်းမှာ အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်လာပြီး ကောက်ယိကို ဝါးမျိုသွားတော့သည်။

တဝီဝီမြည်သံများ နားကွဲမတတ် ဆူညံနေသလို လွင့်စဉ်လာသည့်သဲများက တရစပ်ကျရောက်လာသည်။

စောင်ခြုံထားသည့်တိုင် တစ်ကိုယ်လုံး အပ်များဖြင့် ထိုးဆွခံရသလို စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။

သဲမုန်တိုင်း၏ အလည်ဗဟိုချက်မသို့ ကောက်ယိ ရောက်ရှိသွားသောအခါ....

'ဝုန်း....'

ပြင်းထန်စွာ တိုက်ခတ်လာသည့် အရှိန်အဟုန်ကြောင့် မြေပေါ်၌ ဝပ်မနေနိုင်တော့ဘဲ မုန်တိုင်း တိုက်ခတ်ရာနောက်သို့ လိမ့်ကာ လိမ့်ကာဖြင့် လွင့်ပါသွားလေတော့သည်။

----၁----

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်ပါ
သည်။

သဲပြင်ကြီးမှာ မျက်စိတစ်ဆုံး ကျယ်ပြောစွာ ရှိနေသည်၊
တိုက်ခတ်လာသော နံနက်ခင်းလေတွင် အပူငွေ့ ပျံ့နေ
သည်။

မိုးလင်းလာသည်နှင့် သဲကန္တာရမှာ မီးပြင်းတိုက်ထား
သော ဒယ်အိုးကြီးပမာ ပူလောင်လာလေတော့သည်။

'ရေ....ရေပေးပါ'

သဲပြင်တစ်နေရာမှ အသံတစ်သံ ထွက်ပေါ်လာသည်။

သဲထဲတွင် ကိုယ်တစ်ပိုင်း နစ်မြုပ်နေသူတစ်ယောက်သည်
ယောင်ယမ်းပြီး ရေတောင်းနေသံ ဖြစ်သည်။

ထိုလူမှာ ကောက်ယိဖြစ်သည်။

ကောက်ယိ....

သဲမုန်တိုင်းနောက်သို့လွင့်ပါသွားခဲ့သော်လည်းကံကောင်း
ထောက်မပြီး အသက်ရှင်နေခဲ့သည်။

သို့သော်....

သူ၏မြင်းသည်လည်းကောင်း၊ ရေနှင့် စားနပ်ရိက္ခာသည်
လည်းကောင်း ဘယ်ဆီရောက်ကုန်ပြီမဆိုနိုင်ပါ။

ရေမပါ၊ စားစရာမပါဘဲ သဲကန္တာရထဲ မည်သို့ အသက်
ရှင်နိုင်ပါအံ့နည်း။



'ရေ....ရေပေးပါ'

ကောက်ယိသည် တီးတိုးညည်းတွားရင်း သတိရလာလေ
သည်။

မျက်လုံးဖွင့်လိုက်လျှင် စူးရှတောက်ပသော နေ၏အလင်း
ရောင်ကြောင့် ချက်ချင်း မျက်လုံး ပြန်မှိတ်ထားလိုက်ရလေ
သည်။

သူ၏ နှုတ်ခမ်းများ ခြောက်သွေ့ အက်ကွဲကုန်ပြီ ဖြစ်
သည်။

သဲမုန်တိုင်းဒဏ်ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ
ပြီး နှာခေါင်းနှင့် နားထဲမှ သွေးအနည်းငယ် ယိုစီးကျ
နေ၏။

တစ်ညတာ အချိန်ကာလအတွင်း သူ၏အခြေအနေသည်
အပြောင်းလဲကြီး ပြောင်းလဲသွားတော့သည်။

ကန္တာရအတွင်းသို့ဝင်လာစဉ်က နုပျိုလန်းဆန်းပြီး တက်
ကြွသော လူငယ်တစ်ယောက်အသွင်ရှိခဲ့၏။

ယခုမူ....

အလွန်ကြမ်းတမ်းသောခရီးကို ရက်ပေါင်းလပေါင်းများ
စွာ ကျော်ဖြတ်ခဲ့ရသူအလား အလွန် ပင်ပန်းနွမ်းနယ်ကာ
စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေသူ တစ်ယောက်အသွင်
ဖြစ်နေတော့သည်။

ကောက်ယိသည် မျက်လုံးကို ခပ်မှေးမှေးသေး ဖွင့်ကာ လှူးလိမ့်ထလိုက်၏။

လှုပ်လှုပ်ရှားရှား လုပ်လိုက်ရခြင်းကြောင့် တစ်ကိုယ်သုံး နာကျင်သွားပါသည်။

'အားကျွတ်....ကျွတ်....ကျွတ်....'

ကောက်ယိ ညည်းညူလိုက်၏။

ဟိုဟိုသည်သည် ကြည့်လိုက်ရာ သဲပြင်ကြီးမှလွဲပြီး ဘာမှ မတွေ့ရဖြင့် စိတ်ဓာတ်ကျသွားသည်။

မြင်းမရှိ၊ စားစရာမရှိ၊ ရေမရှိ။

ထိုအချက်ကို ချက်ချင်းတွေးမိလေရာ ကောက်ယိ ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။

'ဒုက္ခပဲ၊ ကန္တာရထဲမှာ အစာငတ် ရေငတ်ဖြစ်ပြီး သေရ တော့မယ် ထင်ပါရဲ့'

ကောက်ယိသည် သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

သိုင်းလောကဌ်ထင်ရှားသည့် လူငယ်သိုင်းသမား တစ်ဦးဟု ဆိုက ပို၍မှန်မည် ဖြစ်သည်။

သိုင်းသမားလည်းဖြစ်၊ လူငယ်လည်း ဖြစ်နေခြင်းကြောင့် အခက်အခဲကို အရှုံးမပေးဘဲ ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ် လာလေသည်။



ထိုအခါ ချက်ချင်းပင် တစ်ကိုယ်လုံးအင်အားများပြည့်ဖြိုး သွားသည်ဟု ခံစားလိုက်ရ၏။

နေထွက်ရာအရပ်ဆီသို့ ရှေ့ရှုကာ ခြေလှမ်း ကျဲကျဲဖြင့် လှမ်းသွားလိုက်လေတော့သည်။

.... ○ ....

တစ်ရက်....

နှစ်ရက်....

သုံးရက်....

သုံးရက်ဟူသော အချိန်ကာလမှာ ရှည်ကြာလွန်းလှသည် ဟု ကောက်ယိ ခံစားရလေသည်။

သုံးရက်အတွင်း နေ့ဘက်တွင်ခရီးသွားပြီး ညအချိန်ရောက် သောအခါ ဝစ်နေရာရာတွင် လဲလျောင်းပြီး အနားယူလိုက် သည်။

ရေမရှိ၊ စားစရာမရှိဘဲ ခရီးသွားရသည်မှာ လွယ်သည်တော့ မဟုတ်ပါ။

ပထမတစ်ရက်တွင် မထောင်းသာသေးသော်လည်း ဒုတိယရက်တွင် သိသာလာသည်။

တတိယရက်တွင်မူ ခြေကုန်လက်ပန်း ကျလာတော့၏။

ပင်ပန်းနွမ်းနယ်မှုဒဏ်၊ အပူဒဏ်အပြင် ဆာလောင် မွတ်သိပ်မှုဒဏ်ကိုလည်း ခံစားလာရတော့၏။

ကောက်ယိမှာ ရက်ပိုင်းအတွင်း ချုံးချုံးကျသွားပါသည်။

စိတ်ဓာတ်မည်မျှပင် ကြံ့ခိုင်မာကျောပါစေ ခန္ဓာကိုယ်က မခံနိုင်တော့ပါ။

တရွေ့ရွေ့ လျှောက်သွားနေသော ကောက်ယိသည်....

'ဝုန်း....'

သဲမြေပြင်ပေါ် ပစ်လဲကျသွားလေတော့သည်။

....၁....



ကောက်ယိသည် သဲမြေပြင်ပေါ် လဲလျောင်းနေ၏။

မည်မျှပင် အားတင်းထားပါစေ၊ ရှေ့ဆက် မသွားနိုင်တော့ပါ။

ဆက်သွားဖို့မဆိုထားနှင့်၊ လှုပ်ပင်မလှုပ်ချင်အောင်ဖြစ်လာရလေတော့၏။

ကောက်ယိသည် သဲပြင်ပေါ် သဲလျောင်းရင်း သက်သာသလို နေလိုက်သည်။

စိတ်လျှော့လိုက်သည်နှင့် ဘယ်တော့မှ ပြန်ထနိုင်တော့မည် မဟုတ်ကြောင်းလည်း နားလည်ထားလေ၏။

ရုတ်တရက်....

ကောက်ယိ၏မျက်ဝန်းအစုံသည် မလှမ်းမကမ်းတစ်နေရာ၌ လူရိပ်တစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေ၏။

က်ရှိလူသား တစ်ယောက်တလေ၏ အရိပ်အယောင်ကို တွေ့ရခြင်းသည် ကောက်ယိအတွက် အားဆေးတစ်ခွက် ဖြစ်လေသည်။

ကောက်ယိ ငေါက်ခနဲ ထထိုင်လိုက်၏။

လူရိပ်တွေ့လိုက်ရသည့် နေရာဆီသို့ သေသေချာချာ ကြည့်လိုက်လေသည်။

မည်သူမျှ ရှိမနေတော့ပါ။

'ဘယ်လိုဖြစ်တာပါလိမ့်'

ကောက်ယိက မျက်လုံးကိုပွတ်သပ်ရင်း ထပ်မံ အကဲခတ်ကြည့်လိုက်ပါသည်။

မရှိ။ မည်သူမျှ ရှိမနေပါ။

သက်ရှိလူသား တစ်ယောက်အား တွေ့လိုက်ရ ခြင်းမှ အာရုံလွဲမှားပြီး စိတ်ထင်ရာ မြင်ယောင်နေခြင်းမျိုး ဖြစ်ေ သည် တကား။

ကောက်ယိ စိတ်ဓာတ် ကျဆင်းသွားပါသည်။

သို့သော်....

ပြန်လည် လဲလျောင်းခြင်း မပြုတော့ဘဲ ထရပ်လိုက်၏ ရှေ့ဆက် သွားရလိမ့်မည် ဖြစ်သည်။

ဘဝ၏ နောက်ဆုံးချိန် ရောက်သည်အထိ ဆက်၍ သွ နေရမည် ဖြစ်သည်။

သွားနေခြင်းဖြင့် တစ်ချိန်မဟုတ် တစ်ချိန်တွင် အခက်အ အန္တရာယ်မှ လွတ်မြောက်ရာသို့ ရောက်သွားနိုင်သည် မဟု ပါလော။

....၀....



ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေပါသည်။

ကန္တာရ နယ်မြေမှာ တိတ်ဆိတ်ခြောက်သွေ့ နေလေ သည်။

ကောက်ယိသည် သဲပြင်ပေါ်တွင် စိတ်မသက်မသာဖြင့် လဲလျောင်း နေရလေသည်။

သူ၏ အသားအရေမှာ ဝါကျင်ကျင် ဖြစ်လာသည်။

ဆံပင်များက နီကြင်နေပြီး မျက်လုံးဟောက်ပက် ဖြစ်လာ သည်။

'ငါ ကြာကြာခံနိုင်တော့မှာ မဟုတ်ဘူး'

ကောက်ယိ ထိုသို့ ခံစားနေရလေ၏။

ကန္တာရထဲ ဝင်လာခဲ့သည်မှာ ရှုးသွပ်မိုက်မဲရာကျမှန်း အစ ကတည်းက နားလည် သဘောပေါက်ထားပါသည်။

သို့သော်....

'ငါ အသက် ရှင်နေသေးရင်တော့ ငါ့ရဲ့ ရည်ရွယ်ချက် အောင်မြင်မှာပဲ'

ကောက်ယိ အားတင်း လိုက်ပြန်သည်။

ထိုစဉ်....

လရောင်ဖြင့် လူရိပ်တစ်ခု ဖျပ်ခနဲ လှုပ်လှုပ်ရှားရှား ဖြစ် သွားသည်ကို တွေ့မြင်လိုက်ရသည်။

ယခုတစ်ကြိမ် ကောက်ယိ လှုပ်လှုပ်ရှားရှား မဖြစ်တော့ ပါချေ။

ထိုလူရိပ်ကို သုံးလေးကြိမ်မက တွေ့ခဲ့ရ၍ ဖြစ်သည်။

လူရိပ်ကို တွေ့လိုက်ရပြီး သေသေချာချာ ကြည့်လိုက်သောအခါ ဖြစ်စေ၊ အသံပြုလိုက်သောအခါ ထိုလူရိပ်သည် ရုတ်ခြည်း ကွယ်ပျောက် သွားတတ်ပေသည်။

ကယောင်ချောက်ချား အထင်အမြင် လွဲမှားမှုမျိုးလည်း မဟုတ်ပါ။

သေသေချာချာ တွေ့မြင်ခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်ထားသည်။

ထို့အပြင် ...

နာနာဘာဝ မကောင်းဆိုးရွား ဟူသည်ကို ကောက်ယိ လက်မခံနိုင်ခြင်းကြောင့်သူက လူတစ်ယောက်အား မကြာခဏ ရိပ်ခနဲရိပ်ခနဲ တွေ့မြင်လိုက်ရကြောင်း နားလည်ထားလေ၏။

လူတစ်ယောက်....

မိမိ၏ ပက်ဝန်းကျင်တွင် လူတစ်ယောက် ရှိနေကြောင်း သိုင်းသမားအသိဖြင့် ကောက်ယိ ခံစားသိရှိ ထားပေတော့သည်။

ထိုလူမှာ မည်သူ ဖြစ်ပါသနည်း။

....၀....



ကောက်ယိ မလှုပ်မယှက် လဲလျောင်းနေဆဲ....

ရုတ်တရက်....

လရောင်အောက်တွင်လူရိပ်တစ်ခုထွက်ပေါ်လာပြီး တရွှေ့ရွှေ့ ချဉ်းကပ်လာသည်။

ကောက်ယိက တုတ်တုတ်မျှ မလှုပ်ဘဲအကဲခတ်ကြည့်လိုက်သည်။

လဝန်း ထိန်ထိန်သာနေရာ ထိုလူမှာ အနက်ရောင် ဝတ်ဆင်ထားပြီး အသက် လေးဆယ်ခန့်ရှိသူ တစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။

ထိုလူသည် ကောက်ယိနှင့် မလှမ်းမကမ်းသို့ အရောက်တွင် ခြေလှမ်းရပ်လိုက်ပြီး ကောက်ယိကို သေသေချာချာ အကဲခတ် ကြည့်လေ၏။

ကန္တာရ အလယ်တွင်ငါ ဒုက္ခရောက်နေသည့် ကောက်ယိမှာ လူတစ်ယောက်အား တွေ့လိုက်ရသော်လည်း ဝမ်းမသာနိုင်အားပါ။

ထိုလူသည် သူ့အတွက် ဝမ်းသာစရာ ကောင်းသူမဟုတ်ကြောင်း သဘောပေါက်ထား၍ ဖြစ်လေသည်။

ထိုလူသည် အတန် အကဲခတ်ကြည့်ပြီးလျှင်....

'မသေသေးပါလား'

ဟု ညည်းညူလိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ လျင်မြန်စွာ ထွက်ခွာသွားတော့သည်။

....၆....

မိုးလင်းလာပြီ ဖြစ်၏။

ညအမှောင်နှင့်အတူ အအေးဓာတ်များ လွင့်ပါးကွယ်ပျောက်သွားလေ၏။

နေ့၏ အလင်းရောင်နှင့်အတူ အပူရှိန် လွှမ်းမိုးလာတော့သည်။

သဲမြေပြင်မှာ တစ်စထက်တစ်စ ပူနွေးလာ၏။

ကောက်ယိက လဲလျောင်းနေဆဲ။

ယခု....

ကန္တာရတွင် ခွန်အားကို ချွေတာသုံးစွဲရမည်ဖြစ်ကြောင်း သဘောပေါက်လာပြီ ဖြစ်သည်။

‘ဂီး....ဂီး....’

ရှတ်တရက် စူးရှသော အော်သံများ ထွက်ပေါ်လာသည်။

ကောက်ယိ မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ ကောင်းကင်ပေါ်တွင် လင်းတနှစ်ကောင် ပျံဝဲနေသည်ကို တွေ့လိုက်ရသည်။

ကောက်ယိ ပြုံးလိုက်မိပါ၏။

‘မရဏမင်းရဲ့ ရှေ့ပြေးတမန်တော်တွေတောင်ရောက်လာကြမှကိုး’

ကောက်ယိ ခေါင်းခါယမ်းလိုက်၏။

‘ငါ့အသားကိုစားချင်ရင် မင်းတို့အတော်ကြာကြာစောင့်ရဦးမယ်၊ ဘာကြောင့်လဲဆိုတော့ ငါက သိပ်အသက်ပြင်းတဲ့လူတစ်ယောက် ဖြစ်နေလို့ပေါ့’



ကောက်ယိသည် မိမိကိုယ်ကို ယုံကြည်မှု အပြည့်ရှိသူဖြစ်သည်။

သို့သော်....

ယခုတစ်ကြိမ်တွင် သူထင်သလို အသက်ပြင်းသူ မဖြစ်နိုင်ဘဲ မကြာမီ အသက်ဆုံးရှုံးသွားရတော့မည်ဟု နားလည်သဘောပေါက်ထားပေတော့၏။

လင်းတနှစ်ကောင်သည် ကောင်းကင်ပေါ်တွင် ပျံဝဲနေရာမှ ရှတ်တရက် အဝေးသို့ပျံသန်းသွားလေ၏။

ကောက်ယိ မျက်မှောင်ကုတ်သွားသည်။

‘ဘာဖြစ်တာပါလိမ့်’

ထိုစဉ်....

ခြေသံများထွက်ပေါ်လာပြီး အနက်ရောင် ဝတ်ဆင်ထားသူ ရောက်ရှိလာပြန်တော့သည်။

....o....

အနက်ရောင် ဝတ်ဆင်ထားသူ ရောက်လာပြီ ဖြစ်သည် ယခုတစ်ကြိမ်တွင် တွေးတောနေခြင်းမရှိဘဲ ကောက်ယိ သို့ ခပ်သွက်သွက်လှမ်းလာသည်။

အနီးသို့ရောက်သောအခါ ကောက်ယိက သူ့ကိုကြည့် သည်ကိုမြင်လျှင် အလွန်စိတ်ပျက်သွားပုံမျိုးဖြင့်....

'တော်တော် အသက်ပြင်းတဲ့ ကောင်လေး၊ ခုထိတော မသေသေးဘူး'

ဟု ညည်းလိုက်၏။

ထို့နောက် ပြန်လှည့်ထွက်သွားတော့မည်ဟု ကောက်ယ ထင်မှတ်မိသည်။

သို့သော် ...

ထိုလူသည် ထွက်မသွားတော့ဘဲ မလှမ်းမကမ်းတွင် ထိုင် လိုက်ပြီး....

'မင်းသေတဲ့အထိ ဝါထိုင်စောင့်နေရတော့မှာပဲ'

ဟု ပြောလေ၏။

ကောက်ယာက....

'ကျုပ်သေတဲ့အထိ စောင့်မှာလား'

ဟု မေးလိုက်၏။

သူ၏အသံမှာ အဝင်အားအလွန်ချည့်နဲ့နေသဖြင့် ခပ်မှ မျှဉ်းသာ ထွက်ပေါ်လာပါ၏။

'ဟုတ်တယ်'



ဟိုလူက အမှန်အတိုင်းပြောသည်။

ကောက်ယာက....

'ခင်ဗျားမှာ အကြောင်းတစ်ခုခုရှိမယ်ထင်တယ်'

ဟု မေးလိုက်ပြန်၏။

ထိုလူက ...

'သိပ်ရှိတာပေါ့ကွာ'

'ကျုပ်ကို ပြောပြပါလား'

ထိုလူသည် အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'အေး....မင်းဟာ သေရတော့မယ့်လူဆိုတော့ ငါ ပြော ပြမယ်၊ မင်းသေသွားရင် မင်းမှာပါတဲ့ ပစ္စည်းတွေကို ယူ မလို့ကွ'

'ဟား....ဟား....ဟား'

ကောက်ယိ ရယ်မောလိုက်လေသည်။

ထိုလူက....

'မင်း ဘာရယ်တာလဲ၊ သေကာနီးတောင် ရယ်နိုင်သေး တယ်၊ အံ့သြစရာပဲ'

ကောက်ယာကို တအံ့တသြကြည့်ကာ ပြောလေသည်။

ကောက်ယာက....

'လူတစ်ယောက်ဟာ မွေးပြီးမှတော့ တစ်နေ့ သေရမှာ ပေါ့ဗျာ၊ မထူးဆန်းပါဘူး၊ ကျုပ်ရယ်တာက ခင်ဗျားကို သဘောကျလို့ပါ'

'ငါ့ကို....'

'ဟုတ်ဘယ်'

‘ငါက မင်းပစ္စည်းတွေ ယူမယ့်လူကွ၊ ငါ့ကို သဘောကျစရာ မရှိဘူး’

‘ဟုတ်တယ်လေ၊ တခြားအချိန်ဆိုရင် သဘောကျစရာ ဖြစ်မှာမဟုတ်ဘူး၊ ခုတော့ ကျုပ်လို တစ်ပြားတစ်ချပ်မှ မရှိတဲ့ လူတစ်ယောက်ကို သေအောင်စောင့်ပြီး ပစ္စည်းယူမယ်ဆိုတာ သဘောကျစရာ ကောင်းနေလို့ပေါ့’

ထိုလူ မျက်မှောင်ကြုတ်သွားပြီး....

‘မင်းမှာ တစ်ပြားတစ်ချပ်မှ မရှိဘူး ဟုတ်လား’

‘သိပ်မှန်တာပေါ့ဗျာ’

ထိုလူ၏အကြည့်သည် ကောက်ယိ၏ခါး၌ ချိတ်ဆွဲထားသည့် ဓားတိလူးဆီသို့ ရောက်ရှိသွားလေသည်။

‘မင်းမှာ ဓားတစ်လက် ရှိသေးတာပဲ၊ ဓားကောင်း တစ်လက် ဖြစ်ပုံရတယ်၊ သွားရောင်းစားလိုက်ရင် ပိုက်ဆံရမှာ သေချာတယ်’

‘ဪ....ဒီလိုလား’

ကောက်ယိက ခါးမှဓားကို ဖြုတ်ယူလိုက်ပြီး....

‘ရော့....ယူသွားပါဗျာ၊ ခင်ဗျားလိုချင်တယ်ဆိုရင် ကျုပ်သေတဲ့အထိ စောင့်နေစရာ မလိုပါဘူး’

ဟုပြောလိုက်သည်။

ထိုလူ ခေါင်းခါယမ်းလိုက်လေသည်။

‘ငါမယူဘူး’

‘ဘာဖြစ်လို့လဲဗျ’

‘မင်းမှ မသေသေးတာ’



‘ဘာဆိုင်လို့လဲဗျ၊ ကျုပ်ပစ္စည်း ကျုပ်သဘောနဲ့ပေးတာ သေတာရှင်တာနဲ့ မဆိုင်ပါဘူး၊ ကျုပ်က ကြည်ကြည်ဖြူဖြူ ပေးနေတာ ရော့....ယူလိုက်’

ထိုလူက လက်မခံပါ။

‘မယူဘူး၊ မင်း မသေသေးဘူးဆိုတော့ ဓားပိုင်ရှင် ရှိနေသေးတာပေါ့၊ ငါက ပိုင်ရှင်ရှိတဲ့ပစ္စည်းကို ပေးလဲမယူဘူး၊ မပေးလဲ ရအောင်မယူဘူး’

သူက လက်ဝေ့ယမ်းပြလိုက်သည်။

‘ဒီကန္တာရကြီးထဲမှာ သေသွားတဲ့ လူတစ်ယောက်ရဲ့ပစ္စည်းဟာ ပိုင်ရှင်မဲ့ပစ္စည်းပဲပေါ့၊ သဲထဲမြုပ်ပြီး ပျောက်သွားမယ့်အတူတူ ငါ ယူလို့ရတာပေါ့’

ကောက်ယိ သက်ပြင်းချလိုက်မိသည်။

အလွန်ထူးခြားသူ တစ်ယောက်နှင့် တွေ့နေရပြီ မဟုတ်ပါလား။

ထိုလူသည် ကောက်ယိအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

‘မင်းကိုကြည့်ရတာ တော်တော်နဲ့ သေဦးမှာမဟုတ်ဘူး၊ ငါသွားဦးမယ်’

စကားဆုံးလျှင် ထိုင်ရာမှထကာ ကောက်ယိကို ကျောခိုင်းပြီး ထွက်သွားလေတော့သည်။

လှိုင်စာပေ

ကန္တာရနယ်မြေကို ဖြတ်သန်းကာ လူတစ်စု ခရီးပြစ်
နှင်နေကြလေသည်။

ထိုလူစုမှာ မြင်းလှည်းတစ်စီးနှင့် မြင်းစီးသမား ဆယ့်ငါ
ယောက်တို့ ဖြစ်ကြပါသည်။

မြင်းလှည်းပေါ်တွင် အလံတစ်ခု လွှင့်ထူထားရာ အလံ
ပေါ်တွင် ရွှေတရိဂံ အာမခံဌာနဟူသော စာလုံးများ ရေး
သားထားသည်ကို အတိုင်းသား တွေ့မြင်ရမည် ဖြစ်လေသည်။

ရွှေတရိဂံအာမခံဌာနသည် ကျော်ကြားသောအာမခံဌာန
တစ်ခု ဖြစ်ပါသည်။

အာမခံဌာနပိုင်ရှင် 'ကျားလက်ဝါး ထင်ကျန်'မှာ သိုင်း
လောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသူ ဖြစ်ပါ
သည်။

ကျားလက်ဝါးယန်ထင်တွင် မိတ်ဆွေ အပေါင်းအသင်း
များစွာရှိသလို အားကိုးရသည့် တပည့် နှစ်ယောက်လည်း
ရှိပေသည်။

သူ၏ တပည့်နှစ်ယောက်မှာ 'သံကွင်း တိဖုံ'နှင့်'မြားစိဗ္ဗာ
ထင်ကျန်' ဖြစ်သည်။

ယခု....

ကန္တာရနယ်မြေသို့ ဖြတ်သန်းလာသည့် အာမခံဌာနအဖွဲ့
အား သံကွင်းတိဖုံက ခေါင်းဆောင်လာခြင်း ဖြစ်ပေသည်။

ကန္တာရအတွင်းသို့ ဝင်ရောက်လာမိသည်နှင့် သံကွ
တိဖုံက...



'ကန္တာရထဲမှာ သရဲမျက်နှာဆိုတဲ့ ဓားပြ တစ်ယောက်
သောင်းကျန်းနေတယ်၊ အားလုံး သတိထားကြပါ၊ တို့ရဲ့
အာမခံဌာနကို တော်ရုံ လူဆိုးဓားပြတွေ ရန်မပြုရဲပေမယ့်
သရဲမျက်နှာဟာ ဘယ်လိုလူစားမျိုးဆိုတာမသိရသေးလို့ ဂရု
စိုက်ဖို့လိုမယ်၊ အားလုံး ကိုယ့်တာဝန်ကိုယ် ကျေပွန်ပါစေ'

ဟု သူ၏လူများကို ကြိုတင် မှာကြားထားလိုက်လေ၏။

အားလုံး သတိဝီရိယဖြင့် ကန္တာရနယ်မြေထဲသို့ ဖြတ်သန်း
လာခြင်း ဖြစ်သည်။

သတိမရှိ၍လည်း မရပါ။

သူတို့သည် အဖိုးတန် ရွှေငွေရတနာများ သယ်ဆောင်
လာခဲ့ကြသည် မဟုတ်ပါလား။

ကန္တာရနယ်မြေ၏ တစ်ဘက်တွင် မွန်ဂိုတို့၏ဒေသ ရှိနေ
ပါသည်။

သံကွင်းတိဖုံ ခေါင်းဆောင်သော ရွှေတရိဂံအဖွဲ့သည်
မွန်ဂိုနယ်မြေဆီသို့ ဦးတည်သွားနေခြင်းပေတကား။

အဘယ့်ကြောင့် ပြည်မကြီးအား အကြိမ်ကြိမ်ကျူးကျော်
ရန်စနေသည့် မွန်ဂိုတို့နှင့် ဆက်နွယ်နေရပါသနည်း။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက်
သွားတော့မည် ဖြစ်သည်။

သံကွင်းတိဖုံသည် ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်
ကြည့်လိုက်ပြီး....

'ကဲ....အားလုံးနားကြမယ်'

ဟု အမိန့်ပေးလိုက်သည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မြင်းလှည်း မောင်းသူက ငြသံပေးရင်း မြင်းလှည်းကို ရပ်တန့်လိုက်သလို မြင်းစီးသမားများကလည်း ရပ်တန့်လိုက်ကြပါသည်။

ထို့နောက်....

တစ်ညတာအနားယူရန် ပြင်ဆင် လိုက်ကြလေတော့သည်။

....၆....

ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေပါ၏။

လရောင်အောက်တွင်ကန္တာရနယ်မြေမှာ အသံပလံမကြားရဘဲ တိတ်ဆိတ်ခြောက်သွေ့နေလေသည်။

ကန္တာရ၏တစ်နေရာတွင် မီးပုံကြီးသုံးခုက လရောင်ထက်ပို၍ လင်းထိန်နေစေ၏။



မြင်းလှည်းတစ်စီးနှင့် လူတစ်စုသည် မီးပုံးနံဘေးတွင် ရှိနေကြ၏။

သံကွင်းတီဖုံ ခေါင်းဆောင်သော ရွှေတာရိဂ အာမဌောနမှ လူစုရှိနေကြပါသည်။

လူသုံးယောက်ကို အစောင့်ချထားပြီး ကျန်လူများက အနားယူနေကြပြီ ဖြစ်လေသည်။

သံကွင်းတီဖုံသည် သဲပြင်ပေါ်၌ စောင်ကြမ်းတစ်ထည် ခင်းကာ ခြေဆင်းပြီး ထိုင်နေသည်။

သူ၏ မျက်လုံးအစုံသည် အရှေ့စူးစူးသို့ ကြည့်နေ၏။

သူတို့သည် သဲကန္တာရကိုဖြတ်ကာ မွန်ဂိုနယ်စပ်ဆီသို့ ခရီးနှင်ရမည် ဖြစ်ပေသည်။

သူ၏ တာဝန်မှာ အရေးကြီးသော တာဝန်တစ်ခုဖြစ်ကြောင်းလည်း ကောင်းစွာ နားလည် သဘောပေါက်ထားလေသည်။

ထို့ကြောင့်....

ညဉ့်နက်လာသောအခါ သူ၏လူများ အိပ်ပျော်သွားကြပြီဖြစ်သော်လည်း သံကွင်း တီဖုံကား မအိပ်နိုင်ပါသေးချေ။

ထိုသို့ မအိပ်နိုင်သေးခြင်းကပင် ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်သည်။

အကြောင်းမှာ....

'ဟင်....'

သံကွင်းတိဖုံ ထခုန်လိုက်၏။

အဝေးမှလူရိပ်တစ်ခု လျင်မြန်စွာ ရွေးလျားလာနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

သံကွင်းတိဖုံ အကဲခတ်ကြည့်နေစဉ်မှာပင်....

'ဟော့....ရပ်လိုက်'

အစောင့်များ၏ ဟန့်တားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလည်း။

ညအချိန်မတော် လူတစ်ယောက်အား တွေ့မြင်ရသည်မှာ သဲကန္တာရမဆိုထားနှင့်၊ ပြည်မတွင်ပင် လူကောင်းမဖြစ်နိုင်ဟူ၍ ဘေးမိကြမည်ဖြစ်သည်။

ယခုလို လူသူ အရောက်အပေါက် နည်းပါးလှသော သဲကန္တာရနယ်မြေတွင် ညအချိန်မတော် လူတစ်ယောက်အား တွေ့လိုက်ရသည်မှာ ကောင်းသော လက္ခဏာမဟုတ်ကြောင်း သံကွင်းတိဖုံ ဆင်ခြင်လိုက်မိသည်။

အစောင့်များထံသို့လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'အား....'

'အွန့်...'

'အမယ်လေး'

စူးရှသော အော်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။



'ရန်သူ'

သံကွင်းတိဖုံ အလိုလို အော်လိုက်မိပြီးသား ဖြစ်သွားလေသည်။

သူ၏ အဖွဲ့သားများ သည်လည်း ချက်ချင်းလန့်နိုးလာကြသည်။

အတွေ့အကြုံရှိပြီးသူများ ဖြစ်ကြသည့်အတိုင်း လက်နက်ကိုယ်စီဆွဲကာ အန္တရာယ်ကို ရင်ဆိုင်ရန်အသင့် ဖြစ်သွားကြတော့သည်။

'ခြမ်း....'

သံကွင်းတိဖုံသည်လည်း သူ၏ လက်နက်ဖြစ်သော သံမဏိကွင်းနှစ်ခုကိုထုတ်ယူကာ ရှေ့သို့ခုန်ထွက်လိုက်၏။

မကြာပါချေ။

မြေပေါ်၌လဲကျနေသည့် အစောင့်သုံးယောက် အနီးသို့ ရောက်ရှိသွားတော့သည်။

အစောင့်သုံးယောက်သည် ရင်ဝ၌ ဓားတစ်လက်စီစိုက်ဝင်စာ သေဆုံးနေကြပြီဖြစ်သည်။

သူတို့၏ ရင်ဝမှဓားများသည် သူတို့ကိုင်ဆောင်ခဲ့ကြသည့် လက်နက်များဖြစ်ကြပေ၏။

ကိုယ့်လက်နက်နှင့် ကိုယ်ပြန်ပြီး အဆုံးစီရင်ခံလိုက်ရခြင်း ဖြစ်သ ။

'တောက်....'

တိဖုံ ခံပြင်းစွာ ဘက်ခေါက်လိုက်၏။
ရန်သူကိုလည်းမကျေမနပ်ဖြင့် ကြည့်လိုက်၏။
လူတစ်ယောက်...
လရောင်အောက်တွင် အနက်ရောင်ဝတ်ဆင်ထားပြီး ဆံပင်
များဖားလျားချကာ ကြောက်မက်ဖွယ်ကောင်းသည့်ရုပ်ဆင်း
အင်္ဂါရှိသော လူတစ်ယောက်ရပ်နေပါ၏။
ထိုလူ၏ ခန္ဓာကိုယ်မှ အေးစိမ့်သော အငွေ့အသက်များ
ထွက်ပေါ်နေသည်ဟု ခံစားလိုက်ရ၏။
တိဖုံ၏ဒေါသစိတ်များ ရုတ်ခြည်းပျောက်ကွယ်သွားလေ
သည်။
ကျောရိုး တစ်လျှောက် အေးစိမ့်သွားပြီး နဖူးပေါ်တွင်
ချွေးများစို့လာ၏။
ထိုလူ၏မျက်နှာကြောင့် ကြောက်ရွံ့စိတ်များလည်း ဖြစ်
ပေါ်လာ၏။

လောကပေါ်တွင်ထိုလူလောက် ကြောက်စရာကောင်းလှ
သော၊ ဆိုးရွားသော ရုပ်ဆင်းအင်္ဂါရှိသူ ရှိနိုင်မည် မထင်
ပါ။

မျက်ခုံး မရှိ။
နှုတ်ခမ်း မုတ်ဆိတ်မွေးမရှိ။
ပြောင်ချောနေသော မျက်နှာတွင် မျက်လုံးနှစ်ပေါက်၊
ပါးစပ်ပေါက်နှင့် နှာတံမရှိသော နှာခေါင်းပေါက် နှစ်
ပေါက် ရှိနေသည်။



မျက်နှာနှင့်မတူဘဲ မကောင်းဆိုးဝါးတစ်ကောင်၏ မျက်
နှာဟုပင်ဆိုနိုင်၏။
ထိုလူကို စေ့စေ့ကြည့်ရင်း....
'သရဲမျက်နှာ'
တိဖုံ လွှတ်ခနဲ ရေရွတ်မိလိုက်၏။
ထိုလူ ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်၊ မင်းယူလာတဲ့ပစ္စည်းတွေကို ထားပစ်ခဲ့ပြီး
ထွက်သွားရင် အသက်ချမ်းသာရမယ်'
အေးတိအေးစက် ခြိမ်းခြောက်လာ၏။
တိဖုံ အံကြိတ်လိုက်၏။
ထိုလူသည် မကောင်းဆိုးဝါးတစ်ကောင် မဟုတ်ဘဲ လူတစ်ဦး
သာ ဖြစ်ပါသည်။
သရဲမျက်နှာဟု နာမည်ကြီးနေသော ကန္တာရဓားပြကြီး
လည်း ဖြစ်သည်။
တိဖုံ၏ရင်ထဲမှ ကြောက်ရွံ့စိတ်များ တစ်မုဟုတ်ချင်း
လွင့်ပါးကွယ်ပျောက်သွား၏။
'မင်းတို့လိုချင်တိုင်း ရမယ်ထင်သလား၊ ရွှေတရိဂံ အာမခံ
ဌာနအကြောင်း မသိသေးဘူးထင်တယ်'
ဟု ငေါက်လိုက်၏။
'ဟား....ဟား....ဟား....'
ထိုလူ၏ ရယ်မောသံက ငှက်ဆိုးထိုးသံပမာ ထွက်ပေါ်လာ
သည်။

'ရွှေတာရိဂ အာမခံဌာနဟာသူဌေးကြီးယုံရဲ့ အာမခံပစ္စည်းတွေကို ပို့ပေးဖို့ တာဝန်ယူခဲ့တယ် ဆိုတာရယ်၊ သံကွင်းတီဖုံက ခေါင်းဆောင်ပြီး ကန္တာရထဲကို ဖြတ်လာတယ်ဆိုဘာ ကျုပ်သိပြီးသားပါ'

'ဟင်....'

တီဖုံ အံ့ဩသွား၏။

သူဌေးကြီးယုံ၏ ပစ္စည်းများ သယ်ဆောင်လာခြင်း ဖြစ်ကြောင်း မည်သူမျှမသိအောင် အထူး လျှို့ဝှက်ထားသည် မဟုတ်ပါလား။

သူဌေးကြီးယုံသည် မွန်ဂိုတို့နှင့် အဆက်အသွယ်ရှိသူဖြစ်၍ လူမုန်းခံရလေရာ သူဌေးကြီးယုံ၏ပစ္စည်းဆိုလျှင် နှောင့်ယှက်လိုသူများ ရှိနိုင်သည်ဟု သတိပြုမိခဲ့ကြသည်။

ယခု....

သရဲမျက်နှာသည် ရွှေတာရိဂ အာမခံဌာန၏ လျှို့ဝှက်ချက်ကို သိရှိနေသည်မှာ အံ့ဩစရာကောင်းလှပေတော့၏။

သရဲမျက်နှာက....

သူဌေးကြီးယုံက မွန်ဂိုတွေအတွက် လိုအပ်တဲ့ လက်နက်ရိက္ခာဝယ်နိုင်အောင် ထောက်ပံ့တဲ့အနေနဲ့ ရွှေဒင်္ဂါးတစ်သိန်း ပို့ပေးလိုက်တယ်ဆိုတာလဲ ကျုပ်သိတယ်၊ တကယ်လို့ မွန်ဂိုတွေ အင်အားတောင့်တင်းလာလို့ ပြည်မကို ဝင်တိုက်မယ်ဆိုရင် သူဌေးကြီးယုံကို နယ်မြေတချို့ အပိုင်စားပေးဖို့ ကတိကဝတ် ပြုထားကြတယ်ဆိုတာ ကဲ....ကျုပ် သိတယ်'

တီဖုံ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။



သရဲမျက်နှာသည် ကြောက်မက်ဖွယ်ကောင်းသူဖြစ်သည်ဟု ပြန်လည် ခံစားလာရပြန်တော့သည်။

သရဲမျက်နှာက....

'ခင်ဗျားတို့ကို လွှတ်လိုက်ပြီးမှ သူဌေးကြီးယုံက စိတ်မချလို့ အာမခံဌာနပိုင်ရှင် ကျားလက်ဝါးယန်ထင်နဲ့ မြားဝိဇ္ဇာကို လိုက်ပြီး စောင့်ရှောက်ဖို့ ဖိအားပေးခဲ့တယ်၊ သူဆိုရင် ကျားလက်ဝါးဟန်ထင်နဲ့ မြားဝိဇ္ဇာတို့ဟာ ခင်ဗျားနောက်ကို လိုက်လာနေကြပြီလေ'

တီဖုံ ဝမ်းသာသွား၏။

သူတို့လိုက်လာနေကြပြီဆိုတာသိလျက် ခင်ဗျားကလုယက်တိုက်ခိုက်ဖို့ စဉ်းစားဝံ့သေးသလား'

ဟု မေးလိုက်၏။

သရဲမျက်နှာ ရယ်မောလိုက်၏။

'သူတို့အမြန်ဆုံးလိုက်လာမယ်ဆိုရင်တောင် မနက်မိုးလင်းမှ ရောက်လာကြလိမ့်မယ်'

တီဖုံက....

'ကျုပ်က ခင်ဗျားကို မိုးလင်းတဲ့အထိ ဟန့်တားမထားနိုင်ဘူးလို့ ထင်နေသလား'

သရဲမျက်နှာက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'ဟား....ဟား....ဟား'

တီဖုံ ရယ်မောလိုက်၏။

သူ၏ ရယ်သံသည် အသက်မပါဘဲ ခြောက်ကပ်ကပ် နိုင်လှပေတော့သည်။

သရဲမျက်နှာက....

'ခင်ဗျားကို အခွင့်အရေး ပေးလိုက်မယ်၊ ခင်ဗျားလူတွေ ခေါ်သွားပြီး အမြန်ဆုံး ထွက်သွားပေတော့'

တီဖုံ ခေါင်းခါယမ်း လိုက်သည်။

'ခင်ဗျားလိုချင်ရင် ကျုပ်ကို အရင်ဆုံး သတ်ပစ်မှဖြစ်မယ်'

'ဒီလိုလဲ ရပါတယ်'

သရဲမျက်နှာက ရှေ့တိုး လာလေသည်။

တီဖုံက....

'နေဦး၊ ကျုပ်မေးစရာ ရှိသေးတယ်'

'ဘာများလဲ'

'ခင်ဗျား ဘာကြောင့် ရွှေတရိဂံ အာမခံဌာနရဲ့ လျှို့ဝှက်ချက်တွေ သိနေတာလဲ'

တီဖုံသည် သူ၏စိတ်ထဲတွင် မရှင်းသည်ကို မအောင့်အည်းနိုင်ဘဲ ဖွင့်မေးလိုက်ခြင်း ဖြစ်လေသည်။

သရဲမျက်နှာက....

'ကျုပ်မှာ မျက်စိတွေနားတွေ ရှိနေတာပဲ၊ ဘာမဆို သိနိုင်တာပေါ့'

'ဪ....ဒီလိုလား'

တီဖုံ သဘောပေါက် သွားလေသည်။



သရဲမျက်နှာသည် တစ်ကိုယ်တော် စားပြမဟုတ်ဘဲ၊ တပည့်ငယ်သားများ အများအပြားရှိပြီး သတင်းပေးမည့်သူများလည်း ရှိနေကြောင်း ရိပ်မိသွားခြင်း ဖြစ်လေသည်။

သရဲမျက်နှာ ကို စိုက်ကြည့်ရင်း....

'ခင်ဗျားမသိတာ ဘာမှ မရှိတော့ဘူးပေါ့ဗျာ'

ဟု အရွဲ့တိုက်ကာ ပြောလိုက်သည်။

သရဲမျက်နှာက....

'ကျုပ် မသိတာ ရှိသေးတယ်'

'ဘာများလဲ'

တီဖုံ အံ့သြသွားသည်။

သရဲမျက်နှာက....

'ရွှေတရိဂံ ဌာနဟာ သိုင်းလောကမှာ နာမည်ကောင်းရနေတဲ့ အာမခံဌာနတစ်ခုပါ၊ ဘာကြောင့်လူယုတ်မာ သူဌေးကြီးယု နဲ့ ပတ်သက်ချင်ရတာလဲ'

တီဖုံက....

'ကျုပ်တို့က အာမခံလုပ်ငန်းလုပ်တယ်၊ ပစ္စည်းလာအပ်တဲ့လူရှိရင် လိုရာရောက်အောင် ပို့ပေးရမှာလဲဗျ'

'ခင်ဗျားတို့ ပို့ပေးတဲ့ ရွှေဒင်္ဂါးတစ်သိန်းဟာ မုန်ဂိုတွေအတွက် အထောက်အကူ ဖြစ်သွားမယ်၊ သူတို့အင်အား ခိုင်မာတောင့်တင်းလာရင် ပြည်မကို ကျူးကျော်လာကြမယ်ဆိုတာ မတွေးမိဘူးလား'

တီဖုံက....

'ဒါတွေ ကျုပ်တို့နဲ့ မဆိုင်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

သရဲမျက်နှာ၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားလေသည်။

'ခင်ဗျား ဆက်ပြောနေလဲ လေကုန်တာပဲ အဖတ်တင်မယ်၊ ကဲ....ခင်ဗျား ထွက်သွားမလား ရင်ဆိုင်မလား'

တိဖုံက....

'ကျုပ် သွားမယ်လို့ ဘယ်တုန်းက ပြောသလဲ'

ဟုဆိုကာ သံကွင်းနှစ်ကွင်းဖြင့် စတင် တိုက်ခိုက်လိုက်လေတော့သည်။

....o....

ရွာပုံတော်

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

နေရောင်ခြည်အောက်တွင် သဲကန္တာရကြီးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက် နေလေသည်။

ရုတ်တရက်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စုသည် ကန္တာရအတွင်းသို့ ဝင်ရောက်လာကြလေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းသည့် အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

အနီရောင် အဝတ်အစားများ ဝတ်ထားပြီး မြင်းညိုကြီး တစ်ကောင် စီးနင်းထားလေသည်။

သူ၏ ကျောပေါ်တွင် အထုပ်လေးတစ်ထုပ် ပိုးထား၏။

ထိုအဘိုးအိုမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် ရွှေဘာရိဂ အာမခံဌာနပိုင်ရှင် ကျားလက်ဝါးယန်ထင် ဖြစ်လေသည်။

ယန်ထင်၏ ယာဘက်တွင် အသက်သုံးဆယ်ခန့်ရှိ လူရွယ် တစ်ယောက် လိုက်ပါလာလေသည်။

ထိုလူရွယ်၏ ကျောပေါ်တွင် ရွှေချထားသော မြားကျည်တောက်နှင့် ရွှေချထားသော လေးတစ်လက် ပိုးထားသည်။

ရွှေလေးမှာ တစ်လံခန့်ရှိသော လေးကြီးတစ်စင်း ဖြစ်သည်။

မြားတံများမှာလည်း ရွှေချထားလေသည်။

ကျည်တောက်ထဲ၌ မြားဆယ်စင်းတိတိ ပါရှိလာသည်။

ရွှေလေး ရွှေမြားရှင်လူငယ်မှာ မြားစိဇ္ဇာထင်ကျန်ဖြစ်ပါသည်။



ထင်ကျန်၏ မြားကို ရှောင်တိမ်းနိုင်သူ မရှိဟု ထင်ရှားကျော်ကြားခဲ့ပသည်။

ထင်ကျန်၏ သိုင်းပညာသည် သံကွင်းတိဖုံထက် ပို၍ မြင့်မားလေသည်။

ကျားလက်ဝါးယန်ထင်၏ ဝဲဘက်တွင် မျက်နှာ လေးထောင့်စပ်စပ်ရှိသူတစ်ယောက် လိုက်ပါလာ၏။

ထိုလူမှာ လက်တစ်ဘက်ပြတ်နေသူ ဖြစ်သည်။

လက်တစ်ဘက်တည်းသာရှိသဖြင့် သူ့အား အထင်သေးမိသူအား မလွဲမသွေ ရှုံးနိမ့်သွားရမည် ဖြစ်လေသည်။

အကြောင်းကား....

ထိုလူသည် သံမဏိလက်သည်းဟု နာမည်ကျော်သိုင်းသမားကြီးစွန်ထုံ ဖြစ်နေခြင်းကြောင့်တည်း။

သံမဏိလက်သည်း စွန်ထုံ၏ နံဘေးတွင် အနက်ရောင်ဝတ် အမျိုးသမီးတစ်ယောက် လိုက်ပါလာသည်။

ထိုအမျိုးသမီးမှာလည်း နတ်ပန်းဒေဝီဟု ထင်ရှားကျော်ကြားသူ ဖြစ်ပေသည်။

သံမဏိလက်သည်း စွန်ထုံနှင့် နတ်ပန်းဒေဝီစွာကျင့်တို့သည် ရွှေတာရိဂ အာမခံဌာနမှလူများ မဟုတ်ပါ။

သူငွေးကြီးယုံက ထည့်ပေးလိုက်ခြင်းကြောင့် ရွှေတာရိဂ အာမခံဌာနပိုင်ရှင် ယန်ထင်က ခေါ်လာရခြင်း ဖြစ်လေသည်။

သူဌေးကြီးယုံသည် သူ၏ပစ္စည်းများကို စိတ်မချသဖြင့် ယန်ထင်အား ဖိအားပေးခဲ့ရာ ယန်ထင်လည်း မနေနိုင်တော့ဘဲ ရွှေတရိဂံ အာမခံဌာနမှ အတော်ဆုံး သိုင်းသမားများကို ခေါ်ကာ ကန္တာရထဲသို့ ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

ကန္တာရနယ်မြေထဲသို့ ထိုးဖောက် ဝင်ရောက်လာကြရင်း တစ်နေရာသို့ အရောက်တွင်....

'ဟိုမှာ ကြည့်စမ်း'

သံမဏိလက်သည်း စွန်ထုံက တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။

အားလုံး လှမ်းကြည့်လိုက်ကြသောအခါ အရှေ့ဘက် အတော်ဝေးဝေး ကောင်းကင်ပေါ်တွင် လင်းတများဖျံဝဲနေသည်ကို တွေ့ရလေသည်။

နတ်ပန်းဒေဝီ စွာကျဗ့်က....

'လင်းတတွေပဲ၊ လူသေအလောင်းတွေ ရှိနေလို့ပဲ ဖြစ်မယ်'

သူမ၏ စကားကြားလျှင် ကျားလက်ဝါးယန်ထင် မျက်နှာပျက်သွားလေသည်။

နတ်ပန်းဒေဝီက....

'အစ်ကိုကြီးယန်ထင်၊ ရှင့်လူတွေများ ဖြစ်နေမလား'

ဟု လှမ်းမေးလေသည်။

ယန်ထင်က....

'သွားကြည့်ကြတာပေါ့'



ဟု ပြောကာ လင်းတများ ပျံဝဲနေသည့်နေရာဆီသို့ ဦးတည်ကာ မြင်းဒုန်းစိုင်းနှင်လိုက်သည်။

ကျန်လူများလည်း....

'ဟေး....ဟေး'

မြင်းများကို အော်ငေါက်ကာ ဒုန်းစိုင်းနှင်ရင်း လိုက်ပါသွားကြလေတော့သည်။

....●....

'ချွမ်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

တိဖုံသည် သံမဏိကွင်းနှစ်ခုကို တစ်ခုနှင့်တစ်ခု ရိုက်ခတ်လိုက်ပြီး သရဲမျက်နှာထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

'ဝှီး....ဝှီး....ဝှီး'

သံမဏိကွင်းနှစ်ခုကို ဝေ့ယမ်းလိုက်သောအခါ စူးရှသော လေတိုးသံများ ထွက်ပေါ်လာလေသည်။

အကယ်၍ သံကွင်းဖြင့် အရိုက်ခံလိုက်ရလျှင် သရဲမျက်နှာ သက်သာမည်မဟုတ်ပါ။

အရိုးများကျိုးကြေကာ ချက်ချင်း လဲကျသွားမည်သာ ဖြစ်လေသည်။

သို့သော်....

သရဲမျက်နှာသည် မြေပေါ်ခြေဆောင့်ကာ အပေါ်သို့ ခုန်တက်ကာ အသာအယာ ရှောင်တိမ်းလိုက်၏။

သူ၏ခန္ဓာကိုယ်သည် တီဖုံ၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ အနောက်ဘက်သို့ ခုန်ဆင်းလိုက်သည်။

တီဖုံက ချက်ချင်း ဒူးထောက်ချလိုက်သည်။

တစ်ဆက်တည်းပင် သံမဏိကွင်းနှစ်ခုဖြင့် လက်နောက်ပြန် လွှဲကာ ရိုက်ချပစ်လိုက်လေသည်။

မတ်တတ်ရပ်နေလျှင် သရဲမျက်နှာ၏တိုက်ခိုက်မှုကို ခံရနိုင်၍ ဖြစ်လေသည်။

ဒူးထောက်ချလိုက်ပြီး သံမဏိကွင်းနှစ်ခုဖြင့် နောက်ပြန် ရိုက်ချလိုက်သည့် တိုက်ကွက်မှာ အကောင်းဆုံး တုံ့ပြန် တိုက်ကွက်ဖြစ်လေသည်။

သို့သော်....

သရဲမျက်နှာသည် သူ့အား တိုက်ခိုက်ခြင်းမပြုဘဲ ဆက်၍ ခုန်ထွက်သွားပြီး မလှမ်းမကမ်းမှ ရပ်ကြည့်နေကြသည့် အာမခံ အဖွဲ့သားများကို တိုက်ခိုက်လိုက်လေတော့သည်။

အာမခံအဖွဲ့သားများ အငိုက်မိသွားကြပြီး....

'စုန်း....'



'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံနှင့် အတူ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေတော့သည်။

'တောက်'

တီဖုံ ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

'သေပေတော့'

ဟုလည်း အော်ငေါက်ကာ သံမဏိကွင်းနှစ်ခုဖြင့် ပစ်ခတ် လိုက်လေသည်။

'ဝှီး....ဝှီး'

သံမဏိကွင်းနှစ်ခုသည် မွှတ်နေအောင် လည်ပတ်ရင်း သရဲမျက်နှာဆီသို့ ပစ်လွင့်သွားလေသည်။

သရဲမျက်နှာက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝေ့ယမ်း ကာ ဖမ်းထားလိုက်လေသည်။

သံမဏိကွင်းနှစ်ခုသည် သရဲမျက်နှာ၏ လက်ထဲ၌ ဖတ် ခနဲ ဖတ်ခနဲ ရောက်သွားလေတော့သည်။

'ဟာ....'

တီဖုံ လွှတ်ခနဲ အော်လိုက်မိလေသည်။

သူ၏လက်နက်သည် သရဲမျက်နှာ၏လက်ထဲ ရောက်ရှိသွား ပြီ မဟုတ်ပါလား။

သရဲမျက်နှာက....

'ယား....'

ငြာသံပေးကာ သံမဏိကွင်းနှစ်ခုဖြင့် ရွှေတရိဂံ အာမခံ ဌာန အဖွဲ့သားများကို တိုက်ခိုက်လိုက်လေသည်။

သူ၏ လှုပ်ရှားတိုက်ခိုက်ပုံမှာ အလွန် လျင်မြန်သွက်လက်နေပြီး သံမဏိကွင်းနှစ်ခု ကိုင်ထားပုံမှာလည်း ကျစ်လည်နေလေသည်။

သရဲမျက်နှာသည် မည်သည့်လက်နက်ကိုမဆို ကောင်းစွာကိုင်တွယ်အသုံးချနိုင်စွမ်းရှိသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

သရဲမျက်နှာ၏ တိုက်ခိုက်မှုကြောင့်....

'ဝုန်း....'

'အား....'

'အမယ်လေး'

ရွှေတရိဂံ အာမခံ အဖွဲ့သားများ တစ်ယောက်ပြီး တစ်ယောက် လဲကျသေဆုံးသွားကြပြန်လေသည်။

တိဖုံ ဒေါသခြောင်းခြောင်း ထွက်သွား၏။

သူ သရဲမျက်နှာကို ဟန့်တားနိုင်ခြင်း မရှိလျှင် အသက်သေဆုံးဖို့သာရှိသည်ဟု နားလည်ရှိသည်။

မည်သည့်နည်းနှင့်မျှ ဒူးထောက်အညံ့ခံနိုင်မည်မဟုတ်ပါ။

အလျှော့ပေးနိုင်မည် မဟုတ်ပါ။

သူသေကိုယ်သေ တိုက်ခိုက်ရမည်သာ ဖြစ်လေသည်။

'ဟား....'

တိဖုံသည် ငြာသံပေးကာ သရဲမျက်နှာထံ ခုန်ဝင် တိုက်ခိုက်လိုက်လေ၏။



သရဲမျက်နှာက....

'ဒီတစ်ခါ မင်းအလှည့်ပဲ'

ဟု ပြောကာ သံမဏိကွင်းနှစ်ခုဖြင့် ဆီးကြို တိုက်ခိုက်လိုက်လေသည်။

တိဖုံက လက်သီးဖြင့် ထိုးသွင်းလိုက်ရာ သရဲမျက်နှာက သံမဏိကွင်းဖြင့် လက်ကောက်ဝတ်ကို လှမ်းစွပ် လိုက်ပြီး သံမဏိကွင်းကို တစ်ပတ်လှည့်လိုက်လျှင်....

'ဖျောက်....'

'အား....'

အရိုးကျိုးသံနှင့်အတူ တိဖုံ၏ စူးရှသောအော်ဟစ်သံထွက်ပေါ်လာလေသည်။

တိဖုံ ဟန်ချက်ပျက်ကာ ဒယီးဒယိုင် ဖြစ်သွားစဉ်မှာပင်....

'သွားပေတော့'

သရဲမျက်နှာက ကျန် သံမဏိကွင်းတစ်ဘက်ဖြင့် တိဖုံ၏ ရင်ဝကို ရိုက်ချလိုက်လေသည်။

တိဖုံ မရှောင်နိုင်တော့ပါ။

'ဝုန်း....'

'အား....'

ပါးစပ်မှသွေးများအန်ထုတ်ကာ မြေပေါ်လဲကျသွားလေသည်။

တိဖုံ လဲကျသွားပြီးနောက် ကျန်နေသေးသည့် အာမခံ ဌာနအဖွဲ့သားများအား သရဲမျက်နှာက သုတ်သင်ရှင်းလင်း ပစ်လိုက်သည်။

ရှေတရိဂ အာမခံအဖွဲ့သည် သရဲမျက်နှာ၏ လက်ချက်ဖြင့် မရှုမလှ ဇာတ်သိမ်းသွားကြရလေတော့သည်။

....o....

ကောင်းကင်ပေါ်တွင် လင်းတများ ပျံဝဲနေလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာကြလေ၏။

ရှေ့ဆုံးမှဦးဆောင်လာသူမှာ ကျားသက်ဝါး ယန်ထင် ဖြစ်ပါသည်။

ရှေတရိဂ အာမခံဌာနခေါင်းဆောင် ယန်ထင် မျက်နှာ ပျက်နေပါ၏။



အကြောင်းကား....

သဲမြေပြင်ပေါ်၌ အတုန်းအရုန်း လဲကျသေဆုံးနေသည့် သူ၏ အဖွဲ့သားများကို တွေ့မြင်နေရခြင်းကြောင့် ဖြစ်လေသည်။

မြင်းလှည်း၌ မြင်းနှစ်ကောင် မရှိတော့ပါ။

အခြားအဖွဲ့သားများစီးနင်းလာသည့် မြင်းများလည်းမရှိ တော့ပါ။

သူတို့ရောက်လာခြင်းကြောင့် လင်းတများ ဝုန်းခနဲ ဝုန်း ခနဲ ထပျံသွားကြလေသည်။

ယန်ထင်က မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထို့နောက်....

မြင်းလှည်းအနီး၌ လဲကျသေဆုံးနေသူတစ်ယောက် အနီး သို့ လှမ်းသွားလိုက်လေသည်။

ထိုလူမှာ လက်တစ်ဘက်ကောက်ဝင်နေပြီး ရင်ဝ၌သံမဏိ ကွင်းစိုက်ဝင်ကာ သေဆုံးနေခြင်းဖြစ်၏။

ယန်ထင် သက်ပြင်းချလိုက်သည်။

'မင်း တာဝန်ကျေပါတယ် တိဖုံ'

ဟု တီးတိုးရေရွတ်လိုက်သည်။

သူ၏ရှေ့မှောက်မှ သေဆုံးနေသူမှာ တိဖုံဖြစ်ပေသည်။ တိဖုံနှင့် အဖွဲ့သားများကား သေဆုံးနေပြီဖြစ်လေသည်။

'ရွှေဒင်္ဂါးတွေကို ကြည့်ပါဦး'

နတ်ပန်းဒေဝီက အောင်ပြောလေသည်။

သူ၏စကားကို မည်သူမျှ ဂရုမစိုက်ကြပါချေ။

အခြေအနေမှာ တိမ်ဖုံတိုလူစု တစ်ယောက်မကျန် သေဆုံးသွားပြီးနောက် ရွှေဒင်္ဂါးများသည် မည်သည့်နည်းနှင့်မျှ ရှိနိုင်တော့မည်မဟုတ်ပါ။

ရှာဖွေကြည့်စရာ မလိုတော့သည့် ကိစ္စဖြစ်လေသည်။

ယန်ထင်က ကျန်အဖွဲ့သားများ၏ အလောင်းကို စစ်ဆေးကြည့်လိုက်လေသည်။

ထို့နောက်....

'လူသတ်သမားက တစ်ယောက်တည်းပဲ'

ဟု မှတ်ချက်ချလိုက်လေသည်။

သူ့အနီးသို့ နတ်ပန်းဒေဝီ စွာကျင့်၊ သံမဏိလက်သည်း စွန်ထုနှင့် မြားဝိဇ္ဇာ ထင်ကျန်တို့ ရောက်လာကြလေသည်။

စွာကျင့်က....

'လူသတ်သမားက တစ်ယောက်တည်းဆိုတာ အစ်ကိုကြီး ဘယ်လိုလုပ် ပြောနိုင်တာလဲ'

ဟု မေးလေသည်။

ယန်ထင်က သူမအား မျက်လုံးတစ်ချက်လှန်ကာ ကြည့်လိုက်ပြီး....

'မင်း....သေသေချာချာ ကြည့်ပါလား'

ဟု ပြောလေသည်။



စွာကျင့် နှာခေါင်းရှုံ့လိုက်သည်။

သေဆုံးနေသည့် အလောင်းများကို စေ့စေ့ကြည့်လိုက်လေသည်။

ယန်ထင်၏စကားကို စောဒကတက်စရာ အကြောင်းမရှိတော့ပေ။

သံမဏိလက်သည်း စွန်ထုက....

'သူဌေးကြီးယုံ တွေးပူနေသလိုတော့ ဖြစ်လာပြီ၊ ရွှေဒင်္ဂါးတစ်သိန်းဖိုးဆိုတာ နည်းတာမဟုတ်ဘူး၊ ခင်ဗျားတို့ အလျှော်ပေးလိုက်ရလို့ကတော့ ချွတ်ခြုံကျသွားနိုင်တယ်'

ဟု ယန်ထင်ကို ပြောလေသည်။

ယန်ထင် သက်ပြင်းချလိုက်သည်။

'ကျုပ်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ကျန်တော့မယ်ဆိုရင်လဲ လျော်စရာရှိတာ လျော်ပေးရမှာပေါ့၊ ဒါပေမယ့် ဓားပြကို မိအောင်ဖမ်းမှာပါ၊ ကျုပ်နာမည်က ပိုပြီး အရေးကြီးပါတယ်'

မှန်ပေသည်။

အာမခံ ပစ္စည်းများနှင့် ပတ်သက်လျှင် ယန်ထင်တွင် တာဝန်ရှိပေသည်။

တစ်စုံတစ်ခုဖြစ်သည်နှင့် လျော်ပေးရလိမ့်မည် ဖြစ်သည်။

လျော်ကြေးပေးနိုင်သည်ထားဦး၊ ဂုဏ်သိက္ခာ ကျဆင်းရသည်မှာ ယန်ထင်ကဲ့သို့ သိုင်းလောကသား တစ်ယောက်အတွက် ရှက်ဖွယ်လိလိ ဖြစ်လေသည်။

ယန်ထင်သည် လှယက်တိုက်ခိုက်သွားသူအား မမိမချင်း လိုက်လံရှာဖွေတော့မည် ဖြစ်ပေသည်။

နတ်ပန်းဒေဝီ စွာကျင့်က....

'သူဌေးကြီးယုံက ကျွန်မတို့ကို အကူအညီ တောင်းပြီး ရှင့်ဆီကို လွှတ်လိုက်တာတော့ ရှင်က သဘောမကျ ဖြစ်နေသေးတာ မဟုတ်လား၊ ရွှေဇာရိဂ်အာမခံဌာနကို ဘယ်သူမှ မနှောင့်ယှက်ဝံ့ဘူးဆို၊ ခုတော့ဘယ်လိုလဲ၊ အာမခံပစ္စည်းတွေ ပါသွားပြီ၊ သူဌေးကြီးယုံကို ဘယ်လိုပြောရမလဲ'

ဟု ယန်ထင်အား အပြစ်တင်လိုက်လေသည်။

ယန်ထင် ဒေါပွသွား၏။

'မင်းအာသာ ပြောချင်တာပြော၊ ငါ ဂရုမစိုက်ဘူး၊ သူဌေးကြီးယုံနဲ့ နောက်မှရှင်းမယ်၊ ခုလောလောဆယ် သူ့မျက်နှာကို တွေ့အောင် ရှာရမယ်'

ဟု ပြောလေ၏။

စွာကျင့်က....

'အဲဒီမျက်နှာဆိုတာ ခုတလော ကန္တာရ နယ်မြေထဲမှာ သောင်းကျန်းနေတယ်ဆိုတဲ့ ဓားပြကို ပြောတာလား'

ဟု မေးလေသည်။

ယန်ထင်က သူမအား ဂရုမစိုက်တော့ချေ။

သိမ်ကိုလက်သည်း စွန်ထုံကလည်း ဂရုမစိုက်ပါ။ ယန်ထင်အနီးသို့ ချဉ်းကပ်သွားပြီး....



'ရွှေဒင်္ဂါး တစ်သိန်းဖိုးဆိုတာ နည်းတဲ့ပစ္စည်း မဟုတ်ဘူး၊ တစ်ယောက်တည်း ဘယ်နည်းနဲ့မှ သယ်သွားနိုင်မှာ မဟုတ်ဘူး'

ဟု ပြောလိုက်သည်။

ယန်ထင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ရန်၊ ၂၁၇၉၉

စွန်ထုံက....

'အလောင်းတွေကို ကြည့်ရတာ သေသွားတာ သိပ်မကြာသေးဘူးဆိုတာ ထင်ရှားတယ်၊ ညသန်းခေါင် အချိန်လောက်က ဖြစ်နိုင်တယ်၊ ခုမှ မိုးလင်းကာစပဲ ရှိသေးတယ်၊ ဒီတော့ ဓားပြတွေဟာ ဝေးဝေးပြေးနိုင်ကြဦးမှာ မဟုတ်ဘူး'

ယန်ထင်သည် စွန်ထုံအား လေးစားသည့် အကြည့်ဖြင့် ကြည့်လိုက်လေသည်။

'အင်း....ခင်ဗျားနဲ့စကားပြောရတာကမှ အကျိုးရှိဦးမယ်၊ ဒီနေရာဟာ သဲကန္တာရဆိုတော့ သူတို့ ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် ဝေးဝေးရောက်အောင် ပြေးနိုင်ဦးမှာမဟုတ်ဘူး၊ ကျုပ်တို့ အမြန်ဆုံး လိုက်ရှာရမယ်'

လုယက်တိုက်ခိုက် သွားသူများကို တွေ့ရမည်ဆိုလျှင် ရွှေဒင်္ဂါးများ ပြန်ရနိုင်ပေသည်။

သူတို့ လူစုမှာ အင်အားကောင်းလှသဖြင့် ရန်သူကိုမှုစရာ မလိုဟု ယုံကြည်ထားကြ လေသည်။

ယန်ထင်က…

'ထင်ကျွန်…'

ဟု ခေါ်လိုက်သည်။

သူ၏ လက်ရုံးတပည့် မြားဇီဇွဲ့ထင်ကျွန်သည် ရှေ့သို့ချက်ချင်း ရောက်ရှိလာပြီး…

'အမိန့်ရှိပါ ဆရာ'

ကျိုးနွံစွာ ပြောလေသည်။

ယန်ထင်က…

'သရဲမျက်နှာကို ဝါတို့ လိုက်ရှာကြမယ်၊ ရှေ့ပြေးအနေ နဲ့ မင်းအရင်ဆုံး သွားရမယ်'

ဟု ပြောလိုက်၏။

ထိုစကား ကြားသည်နှင့် မည်သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထင်ကျွန် သဘောပေါက်လိုက်လေ၏။

'ကောင်းပါပြီဆရာ၊ ကျွန်တော် အခုချက်ချင်း သွားပါမယ်၊ ခြေရာလက်ရာတွေအရ လူသတ်သမားဟာ အနောက်ဘက်ကို ထွက်သွားပုံရပါတယ်'

ယန်ထင်က…

'လိုက်ကြတာပေါ့'

'ကဲ…မင်းသွားတော့'

ထင်ကျွန်သည် မြင်းပေါ်လွှားခနဲ ခုန်တက်လိုက်ပြီး၊ ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

'ခွပ်ခွပ်…ခွပ်ခွပ်'



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ထင်ကျွန်သည် တစ်ခဏအတွင်းပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

…၁…

နေခြစ်ခြစ်တောက် ပူပြင်းလာပြီ ဖြစ်လေသည်။

ကောက်ယီသည် သဲပြင်ပေါ်တွင် လဲလျောင်း နေလေ၏။

သူ၏ အသားအရေမှာ ခြောက်သွေ့နေပြီ ဖြစ်သည်။

နှုတ်ခမ်းများမှာလည်း အက်ကွဲ ခြောက်သွေ့ နေသည်။

တစ်ညတာ ကုန်ဆုံးသွားပြီး တစ်နေ့တာ အချိန်ရောက်လာပြီ ဖြစ်သော်လည်း ကောက်ယီက လဲလျောင်းရာမှ မထသေးပါ။

အကြောင်းမှာ…

သူ့နောက်သို့ အရိပ်ပမာလိုက်နေသူသည်ပြန်လည် ရောက်ရှိလာဦးမည် ဖြစ်ကြောင်း သဘောပေါက်ထားခြင်း ဖြစ်လေသည်။

သူ ကွေ့ထဝ်သားသည့်အဘိုင်းပင် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်ရောက်လာသည်။

ထိုလူသည် ကောက်ယိကို အကဲခတ်ကြည့်လိုက်ပြီး....

'ဒီကစ်ခါတော့ သေလောက်ပါပြီ'

ဟု ရေရွတ်လိုက်၏။

ထို့နောက် ..

ကောက်ယိထံသို့ ချဉ်းကပ်လာသည်။

ကောက်ယိက ပြုံးလိုက်၏။

သူ၏အပြုံးကို တွေ့မြင်လျှင် ထိုလူ ခြေလှမ်းရပ်လိုက်လေသည်။

'ခြော်....မင်းမသေသေးဘဲကိုး'

ကောက်ယိက....

'မကြာတော့ပါဘူးဗျာ'

'အေ.....ဒါတော့ဖြစ်နိုင်တယ်'

'ကျုပ်ဓားကို ခင်ဗျားလိုချင်သေးသလား'

ထိုလူက...

'ဓားကအရေးမကြီးပါဘူ၊ မင်းသေသွားပြီဆိုတာနဲ့ ငါရမှာပဲ'

'ဒါဖြင့် ဘာကအရေးကြီးသလဲ'

'မင်းသေသွားဖို့ပေါ့'

'ဟား....ဟား....ဟား'

ကောက်ယိက ရယ်မောလိုက်၏။

ထိုလူ ခေါင်းကုတ်လိုက်၏။



'မင်းက ရယ်မောနိုင်သေးတယ် ဆိုတော့ ဘော်ဘော်နဲ့သေဦးမှာ မဟုတ်ဘူး'

ဟု ပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ကောက်ယိက....

'ကျုပ် သေတော့မှာပါဗျ'

'ဘာကွ'

ထိုလူ ခြေလှမ်းရပ်လိုက်၏။

ကောက်ယိက....

'ဘာကယ် ပြောတာပါဗျာ၊ ကျုပ်က နောက်တစ်ရက်နှစ်ရက်ထက် ပိုမခံနိုင်တော့ပါဘူး'

ထိုလူ ခေါင်း ညိတ်လိုက်၏။

'အင်း....ဒါတော့ဖြစ်နိုင်တယ်'

ကောက်ယိက ...

'ကျုပ်ဓားကိုလိုချင်ရင် ယူသွားပါဗျာ၊ ကျုပ်ကြည်ကြည်ဖြူဖြူပေးပါတယ်'

'ဟေ့....ဓားအကြောင်း မပြောနဲ့ကွ'

'ဘာကယ်ပြောတာဗျ၊ ကျုပ်ဓားဟာ 'ကျောက်စိမ်းဓား' လို့ နာမည်ရှိတယ်၊ ကျောက်တုံး ကျောက်ခဲ တွေကိုတောင် ခုတ်ဖြတ်ပစ်နိုင်တယ်'

'အဲဒါဘာဖြစ်သလဲ'

'ဒီလိုဓားကောင်းမျိုး သိုင်းလောကမှာများများစားစား ရှိတာမဟုတ်ဘူး'

'ဒါတော့ဖြစ်နိုင်တယ်'

'သိုင်းသမားတစ်ယောက်မှာ ဓားကောင်းတစ်လက်တော့ ရှိသင့်တာပေါ့'

'ဒါလဲဟုတ်တယ်'

'ရော့....ယူပါဗျာ'

ကောက်ယိက ဓားကို လှမ်းပေးရန် ဟန်ပြင်လိုက်လေသည်။

ထိုလူ ခေါင်းခါယမ်းလိုက်၏။

'ငါ မယူဘူး'

ပြောပြီးမှ မျက်မှောင်ကုတ်ကာ ကောက်ယိကို သေသေချာချာ အကဲခတ်ကြည့်လိုက်၏။

ကောက်ယိက ဓားလှမ်းပေးသောအခါ လက်ကိုလှုပ်ရှားဖို့ အတော်ကို အားယူနေရသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်၏။

ကောက်ယိသည် အစာရေစာပြတ်ကာ ခွန်အားကုန်ခမ်းနေပြီး မကြာမီသေဆုံးသွားတော့မည်ဖြစ်[illegible]ခင်း ထင်ရှားပေါ်လွင်နေပေတော့၏။

ထိုလူ ပြုံးလိုက်၏။

'မင်းအားပြတ်နေပြီ'

ဟု ပြောလိုက်၏။

ကောက်ယိက....

'ခင်ဗျားသိပါတယ်ဗျာ'

'အေး....မနက်ဖြန်မနက်မှပဲ ငါလာတော့မယ်၊ ဒါထက် ပိုပြီး မင်း ခံနိုင်တော့မှာမဟုတ်ဘူး'



ကောက်ယိက....

'ဒါဆို ကျုပ်က အရေးကြီးတဲ့စကားပြောတာကို ခင်ဗျားကြားနိုင်မှာမဟုတ်တော့ပါဘူးဗျာ'

ထိုလူ မျက်မှောင်ကြုတ်သွားလေသည်။

'အရေးကြီးတဲ့စကား ဟုတ်လား'

'ဟုတ်တယ်'

'ငါ့ကိုပြောမလို့ ဟုတ်လား'

ကောက်ယိ ပြုံးလိုက်သည်။

'ဟုတ်တယ်'

'ဟား...ဟား....ဟား'

ထိုလူ ရယ်မောလိုက်လေ၏။

ကောက်ယိက....

'ကျုပ် သဲကန္တာရထဲကို လာခဲ့တာဟာ ကျူစိမ်ရှန်ဆိုတဲ့ လူကို ရှာဖို့ပဲ'

ဟု ပြောလိုက်သည်။

ထိုလူက....

'အဲဒါ ဘာဖြစ်သလဲ'

'သူ့ကိုတွေ့ရင် ကျုပ်က ဓားချင်းပြိုင်မလို့ပါ'

'နောက်ကော....'

'ကျုပ်က ..'

ကောက်ယိမှာ စကား အတော်များများပြောလိုက်ရခြင်းကြောင့် မောဟိုက်လာပြီဖြစ်လေသည်။

ရှေ့ဆက်မပြောနိုင်အောင် ဖြစ်လာသည်။

ထိုလူ ခေါင်းခါယမ်းလိုက်၏။

'မင်း ကိုယ့်ခေါင်းကိုဘောင် ကိုယ်မနိုင်တော့ဘဲ ပြောချင်ရာ လျှောက်ပြောနေတာကိုး၊ ကန္တာရထဲမှာလာပြီး လူ့ဂုဏ်ရ တယ်၊ ခေါင်းချင်းပြိုင်မယ် စိတ်ကူးရတယ်၊ စိတ်မှ မှန်ရဲ့လား မသိဘူး'

ဟု ညည်းလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားလေ၏။

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းစီးသမား တစ်ယောက် ဒုန်းစိုင်းနှင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူသည် ချက်ချင်းပင် ကောက်ယိ၏နံဘေး၌ လှဲချလိုက်လေတော့သည်။

....o....



'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။

မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်း နှင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကောက်ယိ၏အခြေအနေကို မျက်ခြည်မပြတ် လိုက်လံ အကဲခတ်ကြည့်နေသူသည် မမျှော်လင့်သော လှုပ်ရှားမှုတစ်ခု ပြုလုပ်လိုက်လေသည်။

ကောက်ယိ၏နံဘေးသို့ လှဲချလိုက်ခြင်း ဖြစ်၏။

ကောက်ယိ အံ့ဩသွား၏။

'ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ'

ဟု မေးလိုက်သည်။

ထိုလူ အဖြေမပေးပါချေ။

လူသေအလောင်းတစ်လောင်းပမာ မလှုပ်မယှက်ရှိနေပေ တော့သည်။

'ဟေ့ လူ....'

ကောက်ယိက ထပ်မေးရန် ဟန်ပြင်ပြီးမှ မမေးဘဲနေ လိုက်၏။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ ပို၍ ကျယ်လောင်စွာ ထွက်ပေါ်လာလေ သည်။

မြင်းစီးသမားသည် ကောက်ယိအနီးသို့ရောက်လာတော့ သည်။

'ဟော ....'

မြင်းစီးသမားက ပြောသံပေးကာ မြင်းကို အရှိန်သတ် ရပ်တန့်လိုက်၏။

မြင်းပေါ်မှမဆင်းဘဲ ကောက်ယိုတို့အားအကဲခတ်ကြည့်လိုက်သည်။

ကောက်ယိုက ထိုလူအားပြန်၍ ကြည့်လိုက်၏။

ကောက်ယိုထံမှပစ္စည်း ရယူဖို့ တကောက်ကောက် နောက်ယောင်ခံလိုက်ခဲ့သူကမူ မှောက်လျက်လဲလျောင်းနေပြီး တုတ်တုတ်မျှပင် မလှုပ်ချေ။

မြင်းစီးသမားမှာ ရွှေဘရိဂ အာမခံဌာနမှ မြားဝိဇ္ဇာထင်ကျန်ဖြစ်၏။

ထင်ကျန်သည် ကောက်ယိုတို့အား အကဲခတ်ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်၏။

ကောက်ယိုမှာ အစာငတ် ရေငတ်၊ အင်အားပြတ်ကာ မကြာမီ သေဆုံးသွားတော့မည့်အသွင် ရှိနေသည် မဟုတ်ပါလား။

ကျန်တစ်ယောက်ကား မှောက်လျက် ဖြစ်နေခြင်းကြောင့် အကဲခတ်၍ မရသော်လည်း ကောက်ယို ကဲ့သို့ပင် ရှိပေသည်။

ထင်ကျန်သည် ကောက်ယိုကို ကြည့်ကာ....

'ဒီအနီးတစ်ဝိုက်ကဖြတ်သွားတဲ့လူတွေကိုများ မတွေ့မိဘူးလား'

ဟု မေးလိုက်၏။



အာမခံအဖွဲ့အား တိုက်ခိုက်သူမှာ တစ်ယောက်တည်းဖြစ်သော်လည်း ရွှေဒင်္ဂါးတစ်သိန်း သယ်ဆောင်သွားဖို့ကား အဖွဲ့လိုမည်ဖြစ်၏။

ရွှေဒင်္ဂါး သယ်ဆောင်သွားသူများကို ကောက်ယို တွေ့ကောင်းတွေ့နိုင်သည်မဟုတ်ပါလား။

ကောက်ယိုက....

'ဖြတ်သွားတဲ့လူရှိရင် ကျုပ်ဒီလိုလှဲနေပါ့မလားဗျာ'

ဟု ပြန်ပြောလိုက်၏။

သူ၏အသံမှာ အလွန် တိုးညင်းနေပါ၏။

မြားဝိဇ္ဇာထင်ကျန်သည်ပင်မနည်းနားစိုက်ထောင်၍ကြားလိုက်ရခြင်းဖြစ်၏။

သက်ပြင်းတစ်ချက်ချရင်း....

'ဒီဘက်က မလာဘူးဆိုရင် တခြားဘက်ကို သွားရှာရမှာပေါ့'

ဟု ပြောကာ မြင်းကို ခေါင်းလှည့်လိုက်၏။

ကောက်ယို ဘာမျှမပြောပါ။

ရေနှင့်စားနပ်ရိက္ခာ အရေးတကြီး လိုအပ်နေပါသော်လည်း တောင်းခံခြင်းမပြုပါ။

ထိုလူက ပေးချင်လျှင် တောင်းစရာမလိုဘဲ သူရလိမ့်မည်ဖြစ်ကြောင်း နားလည်ထား၏။

ထိုလူက မပေးချင်လျှင် မည်မျှတောင်းတောင်း ပေးမည် မဟုတ်ပါချေ။

ထို့ကြောင့် လေကုန်ခံကာ ဘာမျှမပြောဘဲနေလိုက်ခြင်း ဖြစ်သည်။

ထင်ကျွန်က ထွက်သွားရန် ဟန်ပြင်လိုက်ပြီးမှ ကောက်ယ ကို ကြည့်ကာ....

'မင်းကတော့ ဟုတ်ပါပြီ၊ သူကတော့....'

ဟုပြောကာ လက်ဝေ့ယမ်းလိုက်၏။

'ဝုစ်....'

ခါးမြှောင်လေးတစ်ချောင်းသည်ကောက်ယ၏နံဘေး၌ လဲလျောင်းနေသူထံသို့ တစ်ဟုန်ထိုး ပစ်လွှင့်ထွက်သွားလေတော့၏။

ကောက်ယ ရင်ထိတ်သွား၏။

ထင်ကျွန်က ထိုသို့ပြုလုပ်လိမ့်မည် မထင်မိချေ။

ခါးမြှောင်ဖြင့်ပစ်လိုက်ပုံမှာ အလွန်လျင်မြန်လွန်းလှသည် ဖြစ်ရာ ထိုလူ ရှောင်နိုင်တော့မည် မဟုတ်ဟု ယုံကြည်မိလေ သည်။

'ဒုက္ခပဲ'

ကောက်ယ ရေရွတ်၍မဆုံးသေး၊ ထိုလူသည် မြေပေါ်တွင် လှိမ့်ကာ ရှောင်တိမ်းသွားသည်။

မှောက်လျက်အနေအထား ရှိနေသည်ဖြစ်ရာ ထင်ကျွန်က ခါးမြှောင်ဖြင့် ပစ်ပေါက်လိုက်သည်ကို မည်သည့်နည်းနှင့်မျှ မြင်နိုင်မည်မဟုတ်ပါချေ။



သို့သော်....

ထိုလူသည် နောက်စေ့တွင် မျက်လုံးရှိနေသည့်ပမာ လျင် မြန်စွာ ရှောင်တိမ်းသွား နိုင်ခြင်းကြောင့် ကောက်ယ တအံ့ တသြ ဖြစ်သွားရလေတော့သည်။

... ၀ ...

'ဟား....ဟား....ဟား'

မြူးဝိဇ္ဇာထင်ကျွန် ရယ်မောလိုက်လေ၏။

ထိုလူကိုကြည့်ကာ....'

'ခင်ဗျားက ဟန်ဆောင်နေတဲ့လူပဲ'

ဟု ပြောလိုက်သည်။

ထိုလူက....

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်ကို မြူးနဲ့မပစ်လိုက်တာ ကျေးဇူးပါပဲဗျာ'

ဟု ပြန်ပြောလေ၏။

မြားနှင့်ပစ်က ရှောင်နိုင်မည်မဟုတ်ဟု ဆိုလိုခြင်း ဖြစ်လေ၏။

မြားဝိဇ္ဇာထင်ကျန်သည် ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးလျှင်....

'လက်စသပ်တော့ တစ္ဆေလက် ကျီကွေ့ကိုး'

ဟု ပြောလေသည်။

ကောက်ယိ ရင်ထိတ်သွား၏။

တစ္ဆေလက်ကျီကွေ့သည် သိုင်းလောက၌ ထင်ရှားသော စောရတစ်ယောက် ဖြစ်ပါ၏။

လူချင်း မတွေ့ဖူးသော်လည်း နာမည်ကို ကောက်ယိ ကောင်းစွာ ကြားဖူးထားလေ၏။

တစ္ဆေလက်ကျီကွေ့သည် ပြည်မတွင် ကျင်လည်ကျက်စားနေသူ ဖြစ်ပြီး အဘယ့်ကြောင့် ကန္တာရနယ်မြေသို့ ရောက်ရှိလာပါနည်း။

မြားဝိဇ္ဇာထင်ကျန်က....

'သဲကန္တာရထဲမှာ ခိုးစရာပစ္စည်း မရှိ'

ရုတ်ဘရက် သူ၏ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားပြီးလျှင် ရန်လိုသည့်အသွင်များ ဖြစ်ပေါ်လာလေ၏။

'ကျုပ်တို့ အာမခံဌာနက ရွှေဒင်္ဂါးတစ်သိန်းဖိုး လုယက်ခံလိုက်ရတဲ့ကိစ္စမှာ ခင်ဗျားလက်ချက် မကင်းဘူးလို့ ကျုပ်ပြောချင်တယ်'

ဟု စွပ်စွဲလိုက်လေ၏။



တစ္ဆေလက် ကျီကွေ့သည် မတ်တတ်ရပ်လိုက်ပြီ ဖြစ်ပါသည်။

မြားဝိဇ္ဇာထင်ကျန်၏ စကားကြားလျှင်....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ဟားတိုက် ရယ်မောလိုက်လေသည်။

မြားဝိဇ္ဇာထင်ကျန်က မျက်နှာထားတင်းတင်းဖြင့်....

'ကျုပ်ပြောတာ ရယ်စရာ စကားတစ်ခွန်းမှ မပါဘူး'

ဟု ပြော၏။

တစ္ဆေလက်ကျီကွေ့က....

'အင်း....ကျုပ်ကိုယ်တိုင် အတော် အထင်ကြီးသွားပြီ၊ ရွှေဒင်္ဂါးတစ်သိန်းဖိုး ရမယ်ဆိုရင် အချိန်ကုန်ခံပြီး သူ သေတဲ့အထိ စောင့်စရာ မလိုတော့ပါဘူး'

ကောက်ယိကို ညွှန်ပြကာ ပြောလေသည်။

မြားဝိဇ္ဇာထင်ကျန်၏ အကြည့်သည် ကောက်ယိထံသို့ ရောက်လာပါ၏။

ကောက်ယိ မချိပြုံးပြုံးကာ....

'သူက ကျုပ်သေရင် ကျုပ်ဓား အလကားမဖြစ်အောင် ယူမလို့တဲ့လေဗျာ'

မြားဝိဇ္ဇာထင်ကျန်က ကောက်ယိ၏ခါးမှ ဓားကို ကြည့်လိုက်၏။

'ကျောက်စိမ်းဓား'

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြီး တီးတိုး ရေရွတ်လိုက်လေ၏။

ကောက်ယံ ငြိမ်နေလိုက်၏။

မြားဝိဇ္ဇာထင်ကျန်က....

'ကျောက်စိမ်းခေါး ကောက်ယံဆိုတာ မင်းလား'

ဟု မေးလေ၏။

ကောက်ယံခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် ဘာကြောင့် အန္တာရထဲကို ရောက်လာရသလဲဆိုတာကော ခင်ဗျား သိချင်သေးသလား'

မြားဝိဇ္ဇာ ထင်ကျန်က ဘာမှမပြောဘဲ နေလေ၏။

ကောက်ယံက....

'ကန္တာရသိမ်းငှက် ကျူစိမ်ရှန်နဲ့ ဓားပညာယှဉ်ဖို့ လာခဲ့တာပဲဗျ'

ဟု ပြောလိုက်၏။

မြားဝိဇ္ဇာထင်ကျန်သည် ကောက်ယံကိုတစ်လှည့် တစ္ဆေလက် ကျုံကွေ့ကိုတစ်လှည့် ကြည့်လိုက်၏။

ပြီးလျှင်....

'ရွှေတြိဂံ အာမခံဌာနက သယ်ဆောင်လာတဲ့ ရွှေဒင်္ဂါးတစ်သိန်းဖိုး အလုခံလိုက်ရတယ်၊ ဒီကိစ္စမှာ ခင်ဗျားတို့နှစ်ယောက်ပါနေတယ်ဆိုရင်သက်သာမှာ မဟုတ်ဘူး၊ မပါကြပါစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ်၊ ကဲ သွားပြီဗျို့'

စကားဆုံးလျှင် မြင်းဒုန်းစိုင်းနှင်ကာ ထွက်သွားလေတော့သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သဲမှုန်များ တဖွားဖွားထကာ မကြာမီ မြင်ကွင်းမှ ကွယ်ပျောက် သွားလေတော့သည်။

မြားဝိဇ္ဇာ ထင်ကျန်ကသာ ဒုက္ခပေးမည်ဆိုလျှင် လွယ်မည် မဟုတ်ကြောင်း ကောက်ယံ နားလည်ထားလေသည်။

တစ္ဆေလက်ကျုံကွေ့ သက်ပြင်း ချလိုက်သည်။

'သူ သွားပြီဆိုတော့ ကျုပ်လဲ သွားတော့မယ်'

ပြောပြောဆိုဆို ကောက်ယံကို ကျောခိုင်းကာ ထွက်သွားလေ၏။

ကောက်ယံက တားမြစ်ခြင်း မပြုပါ။

တုတ်တုတ်မျှ မလှုပ်ဘဲ ငေးလျှောင်းနေသည်။

တစ္ဆေလက် ကျုံကွေ့သည်လည်း လျင်မြန်စွာ ထွက်သွားပြီး တစ်ခဏအတွင်းပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

....o....

## ခရီးသည်များ

အရှေ့ဘက်မှ နေရောင် ထွက်ပေါ်လာပြီ ဖြစ်သည်။

အမှောင်ထု လွင့်ပါးကွယ်ပျောက်သွားပြီး ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

ကန္တာရအတွင်း၌ စွပ်ကြောင်းကြီးတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထိုစွပ်ကြောင်းကြီးမှာ လူတစ်ယောက် လျှောတိုက်သွားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော စွပ်ကြောင်း ဖြစ်လေသည်။

ထိုစွပ်ကြောင်းကြီးအတိုင်း လိုက်ကြည့်မည်ဆိုလျှင် တစ်နေရာ၌ အဆုံးသပ်နေပြီး လူတစ်ယောက် မှောက်လျက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။



ထိုလူမှာ ကောက်ယိ ဖြစ်လေသည်။

ကောက်ယိသည် တစ်ညလုံး ရှိသမျှအင်အား အသုံးပြုကာ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ယခု....

လုံးဝ အင်အားကုန်ခမ်းကာ အားပြတ်ပြီး သတိလစ်မေ့မျောနေပြီ ဖြစ်ပါသည်။

အစာရေစာ ပြတ်ခဲ့သည်မှာလည်း အတော်ကြာခဲ့ပြီဖြစ်ရာ အသက်ငွေ့ငွေ့သာ ကျန်တော့သည်ဟု ဆိုရတော့မည် ဖြစ်လေသည်။

သိုင်းလောက၌ ထင်းရှားသော လူငယ် သိုင်းသမားတစ်ယောက် အကန္တာရအတွင်း၌ လူမသိသူမသိ သေဆုံးမည်မှာ ဝမ်းနည်းစရာ ကောင်းလှပေတော့သည်။

သို့သော်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မြင်းစီးသမား တစ်စုသည် အဝေးမှ ထွက်ပေါ်လာကြလေသည်။

ထိုလူစုသည် ဝန်စည်စလှယ်များ သယ်ဆောင်ကာ ခရီးနှင်လာကြရင်း ကောက်ယိနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထိုလူ၏ နံဘေး၌ ခန္ဓာကိုယ် ထွားကျိုင်း သန်မာလှသည့် ခေါင်းတုံးကြီးတစ်ယောက် ရှိနေသည်။

ခေါင်းဆောင် အဘိုးအိုသည် သဲပြင်ပေါ်၌ လဲကျနေသည့် ကောက်ယိကို မြင်လျှင်....

'လူဝံကြီး အခြေအနေ သွားကြည့်စမ်း'

ဟု အမိန့်ပေး လိုက်သည်။

'ကောင်းပါပြီ သခင်'

လူဝံကြီးဆိုသည့် လူသန်ကြီးသည် ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းကာ ကောက်ယိထံသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေသည်။

ကောက်ယိကား လုံးဝ သတိလစ် မေ့မြောနေပြီ ဖြစ်ပါသည်။

လူဝံကြီးသည် ကောက်ယိအား စမ်းသပ်စစ်ဆေးလိုက်ပြီး အသက် ငွေ့ငွေ့ ကျန်သေးသည်ကို သိရလျှင် ချက်ချင်း ပွေ့ထူကာ ပခုံးပေါ်ထမ်းပြီး သူ၏အဖွဲ့သားများ ရှိရာသို့ ပြန်သွားလေသည်။

ခေါင်းဆောင်အဘိုးအိုက....

'အသက်ရှင်နေသေးတယ် ဟုတ်လား'

'ဟုတ်ကဲ့ဆရာ'



'ကောင်းပြီ၊ ရေနည်းနည်းပဲတိုက်၊ တော်ကြာ ရေသီးပြီး တစ်ခါဘည်း အသက်ပါသွားဦးမယ်၊ ပြီးရင် မြင်းပေါ်တင် ခေါ်လာခဲ့၊ မင်းပဲ ဘာဝန်ယူလိုက်'

'ကောင်းပါပြီဆရာ'

လူဝံကြီးသည် ရေဘူးထုတ်ကာ ကောက်ယိကို နှုတ်ခမ်းစွတ်ရုံမျှ ရေတိုက်လိုက်သည်။

ဤတွင်....

'အင်း....အင်း....'

ကောက်ယိထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

လူဝံကြီး ကျေနပ်သွား၏။

ကောက်ယိ၏ဦးခေါင်းကိုပွတ်သပ်ရင်း....

'မင်းမသေနိုင်တော့ပါဘူးကွာ'

ဟု ပြောကာ သူ၏မြင်းပေါ် မှောက်လျက် တင်လိုက်သည်။

ထို့နောက် မြင်းဇက်ကြိုးဆို ဆွဲကာ ခေါ်သွားလေသည်။

အဘိုးအို ခေါင်းဆောင်သော လူဝံကြီးတို့ လူစုသည် ရှေ့ခရီး ဆက်သွားကြရာ ကောက်ယိလည်း ပါသွားလေသည်။

ကောက်ယံမှာ မမျှော်လင့်ဘဲ ကယ်တင်မည့်သူများနှင့် တွေ့ရခြင်းကြောင့် အသက်ဘေးမှလွတ်မြောက်သွားလေတော့သည်။

..... - .....

ည....

ကန္တာရနယ်မြေ၏ တစ်နေရာတွင် မီးပုံကြီးများရှိနေပြီး လူတစ်စု ဝိုင်းဖွဲ့ထိုင်ကာ အနားယူနေ ကြ၏။

ရွှေတရိဂ အာမခံဌာနပိုင်ရှင် ထန်ကျင်တို့လူစု ဖြစ်လေသည်။

ထန်ကျင်နှင့် လက်ရွေးစင် သိုင်းသမား သုံးဆယ်သည် လိုက်တိုက်ခိုက်ခံခဲ့ရသော အာမခံပစ္စည်းများကို လိုက်လံရှာဖွေရန် ဆုံးဖြတ်ထားကြ၏။

အာမခံပစ္စည်းများ ပြန်မရဘဲ သဲကန္တာရထဲမှ သူတို့ထွက်သွားကြမည်မဟုတ်ပါ။



ပစ္စည်းပိုင်ရှင်သူဌေးကြီးယုံ လွှတ်လိုက်သော နတ်ပန်းဒေဝီစွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့ကလည်း အာမခံပစ္စည်းများ မရမနေလိုက်လံရှာဖွေရန် သန္နိဌာန်ချထားလေသည်။

ရွှေဒင်္ဂါးတစ်သိန်းဖိုးဆိုသည်မှာနည်းနည်းနောနောမဟုတ်ပါ။

လူတိုင်း လိုချင်မက်မောကာ လောဘသွက်လာနိုင်သည့် ပမာဏဖြစ်၏။

ယခု....

ညဘက်ရောက်၍ သူတို့ အနားယူလိုက်ကြသော်လည်း စိတ်က မနားနိုင်ကြပေ။

လုယက်သွားသူများ မည်သူမည်ဝါဖြစ်ကြောင်း တိုင်ပင်ဆွေးနွေးကြ၏။

နတ်ပန်းဒေဝီစွာကျင့်က....

'ကန္တာရထဲမှာ သရဲမျက်နှာဆိုတဲ့ ဓားပြ တစ်ယောက်သောင်းကျန်းနေတယ်ဆိုတော့ ရွှေဒင်္ဂါးတွေလုသွားတာသူပဲဖြစ်မယ်'

ဟု ထင်ကြေးပေး၏။

ရွှေတရိဂ အာမခံဌာနပိုင်ရှင် ကျားလက်ဝါးယန်ထင် ခေါင်းညိတ်လိုက်၏။

'သူကလွဲပြီး တခြားတယ်သူမှ မရှိနိုင်ပါဘူး'

'သူ့အကြောင်း မသိတာ ခက်တယ်'

သံမဏိလက်သည်း စွန်ထုံက ပြော၏။

ယန်ထင်က....

'သူ့အကြောင်း သိတန်သလောက်သိပါတယ်ဗျာ'

'ဒါဆို ပြောပြစမ်းပါ'

'သရဲမျက်နှာဟာ ကန္တာရထဲမှာ လှည့်လည်သွားလာနေထိုင်တဲ့ မျိုးနွယ်စုတစ်စုက မွေးဖွားလာတဲ့ လူတစ်ယောက်ဖြစ်တယ်ဗျ၊ သူဟာ မွေးကတည်းက နေလာတာဆိုတော့ ကန္တာရအကြောင်း ကောင်းကောင်း သိတယ်၊ ကျွမ်းကျင်တယ်၊ အရွယ်ရောက်လာတဲ့ အချိန်မှာ တိဘက်ကိုသွားပြီး သိုင်းပညာသင်ခဲ့တယ်'

သရဲမျက်နှာ အကြောင်း ကြားသိလိုက်ရခြင်းကြောင့် စွန်ထုံနှင့်စွာကျင့်တို့ စိတ်ဝင်စားသွားကြသည်။

ယန်ထင်က ဆက်ပြော၏။

'တိဘက်မှာ ပညာသင်လို့ပြည့်စုံတဲ့အခါ ကန္တာရထဲကို ပြန်လာပြီး လုယက်တိုက်ခိုက်တော့တာပဲ'

စွာကျင့်က....

'သူ့နာမည် ဘယ်လိုခေါ်သလဲဆိုတာ ရှင်သိသလား'

ဟု မေးလေသည်။

ယန်ထင် ခေါင်းခါယမ်းလိုက်၏။

'ဟင့်အင်း....မသိဘူး၊ ဒါပေမယ့် သူဟာ မှန်ဂိုတွေကို အလွန်မုန်းတီးတယ်၊ မှန်ဂိုနယ်ထဲကိုဝင်ပြီး မကြာခဏလုယက်တိုက်ခိုက်လေ့ရှိတယ်၊ မှန်ဂိုကုန်သည်တွေဆိုက သတင်းကြားရတာကတော့ သရဲမျက်နှာတို့မျိုးနွယ်စုတွေကို မှန်ဂိုတွေက တိုက်ခိုက်သုတ်သင်ပစ်လေ့ရှိကြလို့ပဲတဲ့၊ သရဲမျက်နှာရဲ့ မိဘ



တွေဟာ မှန်ဂိုတွေလက်ချက်နဲ့ သေဆုံးသွားရတယ်လို့ ပြောကြတယ်'

စွန်ထုံက....

'ဒါကြောင့် မှန်ဂိုတွေကို မုန်းနေတာနေမှာပေါ့'

ဟု ဝင်ပြောလိုက်၏။

ယန်ထင်က....

'မှန်ဂိုတွေကိုသာမကဘူး၊ မှန်ဂိုတွေနဲ့ဆက်သွယ်နေသူတွေကိုပါ မုန်းနေတာ'

စွန်ထုံက....

'သူဌေးကြီးယုံဟာ မှန်ဂိုတွေကိုထောက်ပံ့နေတယ်ဆိုတာ သူ ဘယ်လိုလုပ်သိသွားတာလဲ'

'ဒါတော့ ခင်ဗျားတို့ကိစ္စပဲ၊ သူဌေးကြီးယုံဘက်မှာ သရဲမျက်နှာကို လက်ထောက်ပေးသူတစ်ယောက် ရှိနေမှာပေါ့'

နတ်ပန်းဒေဝီ စွာကျင့်က....

'ရှင်တို့ အာမခံဌာနက သတင်းပေါက်ကြားသွားတာ ကော မဖြစ်နိုင်ဘူးလား'

ဟု စောဒကတက်လေသည်။

ယန်ထင်က....

'ကျုပ်လူတွေက ကိုယ့်အချင်းချင်း ချောက်ကျအောင် ဘယ်တော့မှ မငြိုကြပါဘူးဗျာ'

'ဒီလိုလဲ မပြောနဲ့ဦးလေ၊ ခုတောင် ရှင့်လူတချို့ သေကုန်ပြီ မဟုတ်လား'

ယန်ထင်က....

'သရဲချက်နှာကိုတွေ့ရင် ဒီကိစ္စ ရှင်းသွားမှာပါဗျာ'

'ရှင်က သူ့ကိုတွေ့ရမယ်လို့ ထင်နေသလား'

ယန်ထင်က ခေါင်းညိတ်လိုက်၏။

'တွေ့ရမှာပ'

'သူ ဘယ်မှာလဲဆိုတာကော ရှင်သိလို့လား'

'သိရမှာပါ၊ ကျုပ်တို့ပည့် မြားဝိဇ္ဇာ ပြန်ရောက်လာရင် သိရမှာပါ'

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာ၏။

အဝေးမှ မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်းနှင်လာနေသည်ကို မသဲမကွဲ တွေ့မြင်လိုက်ရလေ၏။

တစ်ဆက်တည်းပင်....

'မြားဝိဇ္ဇာပြန်လာပြီဟေ့'

အာမခံအဖွဲ့သားများ၏ အော်ပြောသံများ ထွက်ပေါ်လာသည်ကိုလည်း ကြားလိုက်ရလေတော့သည်။

....o....



မြားဝိဇ္ဇာထင်ကျန် ပြန်ရောက်လာပြီ ဖြစ်လေသည်။

ယန်ထင်၊ နတ်ပန်းဒေဝီ စွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့က ထိုင်ရာမှ ထရပ်လိုက်ကြလေ၏။

မြားဝိဇ္ဇာထင်ကျန်သည် မြင်းကိုအရှိန်သပ်ကာ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ပြီးလျှင် ယန်ထင်၏ရှေ့တွင် ဒူးထောက်ကာ အရိုအသေ ပြုလိုက်လေသည်။

ယန်ထင်က....

'အခြေအနေ ဘယ်လိုလဲဟေ့'

ဟု မေးလိုက်လေ၏။

ထင်ကျန်က....

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ၄ ရွာ
ဖုန်း ၂၁၃၄၄

'သရဲမျက်နှာကို မတွေ့သေးပါဘူး၊ ဒါပေမယ့် မသက်သာစရာကောင်းတဲ့ လူနှစ်ယောက်နဲ့ ခရီးသွားတစ်ခုကိုတော့ တွေ့ခဲ့ရပါတယ်'

'ဟင်....'

အားလုံး စိတ်ဝင်စားသွားကြလေ၏။

သံမဏိလက်သည်း စွန်ထုံက....

'ဘယ်သူတွေလဲဆိုတာ ပြောစမ်းပါ'

ဟု မေးလိုက်လေ၏။

ထင်ကျန်က....

'ကျောက်စိမ်းခေါ် ကောက်ယိနဲ့ တစ္ဆေလက် ကျိကွေ ပါ၊ ကျန်တဲ့လူစုကတော့ ခရီးသွား ကုန်သည်တွေပါ၊ မြင်းလှည်းသုံးစီးနဲ့ ခရီးသွားနေကြပါတယ်'

ဟု ပြောပြလိုက်၏။

သူ၏စကားကြားလျှင် ဗိုလ်ချုပ်ရှိ စိတ်ဝင်စားသွားကြလေတော့ သည်။

ယန်ထင်က....

'ကျောက်စိမ်းခေါ် ကောက်ယိဆိုတာ သိုင်းလောကမှ ထင်ရှားလာတဲ့ လူငယ်လေးတစ်ယောက်ပဲ၊ သူက ဘာကြောင့် ကန္တာရထဲကို ရောက်လာရတာလဲ'

ဟု ရေရွတ်လိုက်၏။

သံမဏိလက်သည်း စွန်ထုံက....

'ဘစ္ဆေလက် ကျိကွေကို ကျုပ် မသက်သာဘူး၊ အာမခံ ပစ္စည်းတွေ လုယက်ခံရတာ သူ့လက်ချက် ဖြစ်နိုင်တယ် ကျိကွေဟာ ကောင်းတဲ့လူမှ မဟုတ်တာ'

နတ်ပန်းဒေဝီ စွာကျင့်က....

'ကျိကွေကို ဖမ်းခေါ်လာဖို့ကောင်းတယ်'

ဟု အပြစ်ဘင်လေ၏။



မြား.ဝိဇ္ဇာထင်ကျန်က....

'ကျိကွေကို အသေဖမ်းရင် ရမယ်၊ အရှင်ရဖို့တော့ မလွယ် ဘူး၊ ဒါကြောင့် လွှတ်ပေးလိုက်တာပါ၊ သူဟာ ကန္တာရထဲ မှာပဲ ရှိနေဦးမှာပါ'

မှန်ပေ၏။

မြားဝိဇ္ဇာထင်ကျန်က အဖြေမပေးဘဲ နေလိုက်လေ၏။

ယန်ထင်က....

'ကျုပ်တော့ ခရီးသွားကုန်သည်တွေကို မသင်္ကာဘူး၊ တကယ်လို့ အာမခံပစ္စည်းတွေကို တစ်ယောက်တည်း သယ် သွားလို့ မဖြစ်ဘူးဆိုရင် သယ်သွားနိုင်မယ့် လူတွေဟာ သူတို့ ပဲ ဖြစ်ရမှာပေါ့'

ဟု ပြောလေ၏။

နတ်ပန်းဒေဝီ စွာကျင့်က....

'ဒါဆို သူတို့နောက် လိုက်ရအောင်'

ဟု ပြောလေ၏။

ယန်ထင်က ကောင်းကင်ပေါ် မော့ကြည့်လိုက်ပြီး....

'ခုချက်ချင်းတော့ မဖြစ်သေးဘူး'

ဟု ပြောလေ၏။

မှန်ပေ၏။

ကန္တာရအကြောင်း နားမလည်ဘဲ ညဘက်ခရီးသွားရဖို့ မသင့်ပါ။

နတ်ပန်းဒေဝီ စွာကျင့်က....

'မြန်မြန် မိုးလင်းလိုက်စမ်းပါ'

ဟု ရေရွတ်လိုက်လေတော့၏။

.... - ....

မိုးစင်စင်လင်းလာပြီ ဖြစ်လေ၏။

ကန္တာရအတွင်းရှိ စွန်ပလွန်ပင်များ စုရုံး ပေါက်ရောက်နေပြီး ကြည်လင်သော ရေအိုင်ငယ်ရှိသည့် နေရာတွင် ခရီးသွားတစ်စု ရောက်ရှိနေကြလေ၏။

ကန္တာရ၏ ခရီးသွားများအတွက် အလွန် ရှားပါးသော နားခိုရာ ကွန်းထောက်စခန်းတစ်ခု ဖြစ်လေ၏။

ခရီးသွားများသည် ရေကန်ဘေးတွင် မြင်းများကိုရပ်တန့်ကာ သောက်ရေများ ဖြည့်တင်းကြသည် ကိုယ်လက် သန့်စင်ကြ၏။



ထို့နောက် ချက်ပြုပ်စားသောက်ကာ အေးအေး ဆေးဆေး အနားယူကြလေ၏။

ထိုလူစုမှာ အနီရောင်ဝတ် အဘိုးအို ခေါင်းဆောင်သည့် လှူစုဖြစ်လေ၏။

ထိုလူစုတွင် ပါဝင်သည့် လူဝကြီးမှာ အခြားသူများကဲ့သို့ အေးအေးဆေးဆေး အနားမယူနိုင်ဘဲ အလုပ်ရှုပ်နေပါသည်။

သတိလစ်မေ့မြောနေသည့် ကောက်ယာအား ပြုစုနေရနှင်းကြောင့်ဖြစ်၏။

လူဝကြီးသည် ကောက်ယာကို စိတ်ရှည်လက်ရှည် ပြုစုနေပါသည်။

လူပုံလူပန်းက ခက်ထန်ကြမ်းတမ်းသော်လည်း နူးညံ့သိမ်မွေ့သည့် စိတ်နေသဘောထားရှိပုံရ၏။

လူဝကြီး၏ ပြုစုယုယမှုကြောင့်....

'အင်း....အင်း....'

ကောက်ယာမှာ ညည်းညူရင်း သတိရလာတော့သည်။

မျက်လုံးအစုံဖွင့်လိုက်သည်နှင့်....

'ဟင်.... ကျုပ်ဘယ်ရောက်နေတာလဲ'

ဟု မေးလိုက်၏။

လူဝကြီးက....

'အော် တိအထည် ကုန်သည်တွေက မင်းကို ကယ်တင်ခဲ့တာလေ။ ငါတို့ဟာ ကန္တာရကိုဖြတ်ပြီး တိဗက်မှာ ကုန်ရောင်းကုန်ဝယ် လုပ်ကြတဲ့လူတွေပေါ့'

ဟု ရှပ်ပြ၏။

ကုန်သည်များနှင့်တွေ့ရသဖြင့် အသက်ဘေးမှလွတ်မြောက်ခဲ့ရခြင်း ဖြစ်ကြောင်း ကောက်ယိ ဆင်ခြင်မိလိုက်လေသည်။

မည်သို့ဆိုစေ...

အစာငတ်ရေငတ်ဖြစ်ကာ လူမသိသူမသိ အသက်ပျောက်မသွားဘဲ အသက်ရှင်နေသေးသည်မှာ ကံကောင်းသည်ဟု ယူဆရတော့မည် ဖြစ်ပေသည်။

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလိုက်၏။

လူဝကြီးပြုံးလိုက်၏။

'ငါ့ကို ကျေးဇူးတင်ဖို့ထက် ငါတို့ရဲ့ ခေါင်းဆောင်ကြီး အိုရန့်စုကို ကျေးဇူးတင်ရမယ်၊ သူက မင်းကိုကယ်တင်ဖို့ ငါ့ကို အမိန့်ပေးခဲ့တာပဲ'

'သူ့ကိုကျေးဇူးတင်ပါတယ်ဗျာ'

ကောက်ယိက မဆိုင်းမတွပင် ပြောလိုက်၏။

လူဝကြီးက....

'မင်းသက်သာလာပြီဆိုရင် လူမမာတစ်ယောက်လိုနေလို့ မဖြစ်တော့ဘူးကွ'

ဟု ပြောသေး၏။

ကောက်ယိက....

'ကျုပ်ကလဲ မနေတတ်ပါဘူးဗျာ'

ဟုပြောကာ လူးလိမ့်ထလိုက်သည်။



သို့သော်....

အားနည်းနေသေးသည်ဖြစ်ရာ ဒယီးဒယိုင် ဖြစ်သွားလေသည်။

လူဝကြီးက ဖေးမလိုက်၏။

'မင်းတစ်ခုခုစားဖို့တော့လိုပြီ'

ဟု ပြော၏။

ထိုအခါမှ ကောက်ယိလည်း ဗိုက်ထဲမှာကြုတ်ကြုတ်မြည်ကာ ဆာလောင်နေသည်ကို သတိပြုမိလာ၏။

ထိုသို့ ဆာလောင်နေချိန်မှာပင် မွှေးကြိုင် သင်းပျံ့သောဟင်းနံ့များလွင့်ပျံ့လာ၏။

ကောက်ယိ နှာခေါင်းတရှုံ့ရှုံ့ ဖြစ်လာတော့၏။

လူဝကြီးက....

'ခဏနေဦး'

ဟုပြောကာလှည့်ထွက်သွား၏။

မကြာပါချေ။

ပူပူနွေးနွေးစွပ်ပြုတ်ဇလုံပန်းကန်ယူကာ ပြန်လည်ရောက်ရှိလာသည်။

'ရော့ သောက်လိုက်'

'ကျေးဇူးပါပဲဗျာ'

ကောက်ယ°က စွပ်ပြုတ်ပန်းကန်ကိုယူကာ တဟူးဟူးမှုတ်သောက်လိုက်၏။

စွပ်ပြုတ်ပန်းကန်မှာ တစ်ခဏအတွင်း တက်တက်စင်ပြောင်သွားတော့သည်။

ကောက်ယ°က ပါးစပ်ကို လက်ခုံဖြင့်သုတ်လိုက်ပြီး....

'ကျေးဇူးပဲ'

ဟု ပြောလိုက်၏။

လူဝ°ကြီးက....

'မင်း ကျေးဇူးတင်တာတွေ များနေပြီ'

'ဟဲ....ဟဲ....ဖဲ'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြသည်။

သူတို့ ရင်းရင်းနှီးနှီးဖြစ်လာကြလေသည်။

လူဝ°ကြီးက....

'ငါတို့ ပြည်မကာ ပြန်လာကြတာ၊ တိဗက်ကိုသွားမယ်၊ မင်းလိုက်မယ် မဟုတ်လား'

ဟု မေးလေသည်။

ကောက်ယ° ခေါင်းညိတ်လိုက်၏။

'သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်ကလဲ တိဗက်ကို အလည်အပတ်သွားမလို့'



'ဒါဖြင့် ငါတို့နဲ့လိုက်ခဲ့ပေါ့၊ တစ်ခုတော့ရှိတယ်'

လူဝ°ကြီးက သူ့အား စိုက်ကြည့်လိုက်သဖြင့်....

'ပြောပါဗျာ'

ကောက်ယ°က ပြောလိုက်သည်။

လူဝ°ကြီးက....

'ငါတို့နဲ့လိုက်ရင် ငါတို့စည်းကမ်းကို လိုက်နာရမယ်၊ ငါတို့နဲ့အတူ ဒိုးတူဘောင်ဘက် ဝိုင်းလုပ်ရမယ်'

ကောက်ယ° ခေါင်းညိတ်လိုက်သည်။

'ကျုပ် လိုက်နာနိုင်ပါတယ်ဗျာ၊ ဝိုင်းလုပ်ဆိုလဲ လုပ်တာပေါ့'

'အေး.... မင်းသဘောတူတယ်ဆိုရင် ပြီးတာပဲ၊ တို့ဒီညဒီမှာပဲနားမယ်၊ မနက်မှ ခရီးဆက်မယ်'

'ဟုတ်ကဲ့'

'ကန္တာရထဲမှာ သရဲမျက်နှာဆိုတဲ့ ဓားပြ တစ်ယောက် သောင်းကျန်းနေတယ်၊ ဒီတော့ ညဘက် ကင်းစောင့်ရလိမ့်မယ်၊ မင်းက ငါတို့လူတစ်ယောက်နဲ့အတူ ကင်းစောင့်ရလိမ့်မယ်'

တာဝန်သည် သူ၏ပခုံးပေါ်သို့ ကျရောက်လာပြီ ဖြစ်လေသည်။

လူဝ°ကြီးတို့လူစုသည် အပိုကိစ္စများဖြင့် အချိန်ကုန်ခံကြသူများမဟုတ်ဘဲ လုပ်စရာရှိသည်ကို မဆိုင်းမတွ လုပ်ကိုင်ကြသူများ၊ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ကြသူများဖြစ်ကြောင်း ရိပ်မိလိုက်၏။

ကောက်ယိ သဘောတူလိုက်သည်။

'ချုပ် လက်ခံပါတယ်ဗျာ'

ပြောလိုက်လေသည်။

....၆....

ပူပြင်းခြောက်သွေ့သော နွေဘာအချိန်သည် တရွေ့ရွေ့ ကုန်လွန်သွားခဲ့လေသည်။

နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။

လူဝကြီးတို့လူစုသည် တစ်နေ့လုံး အေးအေးဆေးဆေး အနားယူစားသောက်နေကြလေသည်။

ယနေ့အဖို့ ခရီးမဆက်တော့ဘဲ နောက်တစ်နေ့မှ ခရီးဆက်ကြမည်ဖြစ်သည်။

ကောက်ယိ၏စိတ်ထဲ၌....



'တမင်သက်သက် အချိန်တစ်ရက်ဖြုန်းလိုက်တာပဲ'

ဟု တွေးမိလေသည်။

သို့သော်....

သူနှင့် ဘာမှမဆိုင်သဖြင့် ဘာမျှမပြောဘဲ နေလိုက်လေသည်။

ဤသို့ဖြင့် ညနေခင်းသို့ ရောက်လာသောအခါ လူဝကြီး ရောက်လာပြီး....

'မင်းက အမာရွတ်နဲ့အတူ အရှေ့ဘက်မှာ ကင်းစောင့်ရလိမ့်မယ်'

ဟု ပြောလာလေသည်။

မလှမ်းမကမ်းတစ်နေရာ၌ ရပ်နေသူတစ်ယောက်ကိုလည်း ညွှန်ပြလိုက်လေသည်။

ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိပြီးထွားကျိုင်းသန်မာသော လူရွယ်တစ်ယောက်ဖြစ်သည်။

ထိုလူရွယ်၏ မျက်နှာပေါ်တွင် ဓားဒဏ်ရာ အမာရွတ်ကြီး ရှိနေပြီး ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားသည်။

ကောက်ယိသည် ထိုအမာရွတ်ဆိုသူကိုကြည့်ကာ သဘောမကျချင်သလို ဖြစ်သွား၏။

မည်သို့ဆိုစေ....

လူဝကြီးပေးအပ်သောတာဝန်ကို မငြင်းလိုချေ။

'ကောင်းပြီ'

ဟု သဘောတူလိုက်ရသည်။

လူဂျီကြီးက....

'အမာရွတ်က မင်းကိုစောင့်နေတယ် လိုက်သွား'

ဟု ပြော၏။

ကောက်ယိလည်း ဘာမှမပြောတော့ဘဲ အမာရွတ်ဆိုသူထံသို့ လှမ်းသွားလိုက်လေတော့၏။

....o....

ည....

နေရောင် ကွယ်ပျောက်ကာ အမှောင်ထု လွှမ်းမိုးသည့် အကာလ ညအခါဖြစ်ပါ၏။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့လေးရှိနေပြီး မှုန်ဝါးဝါး အလင်းရောင် ဖြာကျနေခြင်းကြောင့် ကောက်ယိနှင့် အမာရွတ်တို့ တစ်ယောက်ကိုတစ်ယောက် တွေ့မြင်နေရခြင်း ဖြစ်လေ၏။



သူတို့နှင့် ဝါးသုံးရိုက်ခန့်အကွာတွင် လူဝကြီးတို့ လူစုရှိနေကြပါသည်။

အနားယူစခန်းချရာ နေရာ၌ မီးပုံများ ထွန်းညှိထားခြင်းကြောင့် အလင်းရောင်များ ထွက်ပေါ် နေသည်ကို အဝေးမှပင် တွေ့မြင်နိုင်လေ၏။

မီးပုံအနီး၌အနားယူနေကြသူများကားအနွေးဓာတ်ရကာ နွေးနွေးထွေးထွေး ရှိကြလိမ့်မည်ဖြစ်ပေ၏။

ဈင်းစောင့်နေရသည့် ကောက်ယိတို့အတွက်ကား ညဉ့်နက်လာလေလေ အအေးဓာတ်ကို ပို၍ ခံစားလာရ လေလေပင်။

ကောက်ယိသည် အင်္ကျီရင်ဘတ်ကို တင်းတင်းစေ့ကာ လက်ပိုက်ထားလိုက်၏။

အမာရွတ်က သူ့အားကြည့်လာပါ၏။

ကောက်ယိချမ်းနေသည်ကို သတိပြုမိလိုက်ဟန်ဖြင့် သူခြုံထားသော ဖျင်စောင်ကို လှမ်းပေးလိုက်လေ၏။

ကောက်ယိ ခေါင်းခါယမ်းလိုက်၏။

'ကျေးဇူးတင်ပါတယ်ဗျာ'

အမာရွတ်က....

'မင်း ချမ်းနေတယ် မဟုတ်လား'

‘ရပါတယ်’

‘မင်းနေကောင်းလာတာ ဘာမှမကြာသေးဘူး၊ ပြန်ပြီး ဖျားနာဦးမယ်ဆိုရင် အစ်ကိုကြီးအိုရှန်စုက ကြိုက်မှာ မဟုတ်ဘူး’

ဟု ပြောလေ၏။

ကောက်ယိုက....

‘ကျုပ် ထပ်ပြီး ဖျားနာစရာ အကြောင်း မရှိတော့ပါဘူးဗျာ’

အမာရှတ် သက်ပြင်းချလိုက်လေ၏။

‘အစ်ကိုကြီးက ပျော့ညံ့တဲ့လူတွေကို သဘောမကျဘူးကွ၊ မင်းကို ခုလိုလက်ခံတာတောင် အားလုံး အံ့သြနေကြတာ၊ မင်း သိပ်ကံကောင်းတယ်’

ကောက်ယို သက်ပြင်းချလိုက်မိလေ၏။

အမာရှတ်က....

‘ကန္တာရခရီးဟာ ဘယ်လောက် ခက်ထန်ကြမ်းတမ်းတယ်ဆိုတာ မင်း သိလောက်ပါပြီ၊ ကန္တာရထဲမှာ ခံနိုင်ရည်ရှိတဲ့လူတွေလောက်ပဲ ကျင်လည်ကျက်စားနိုင်မယ်၊ အသက်ရှင်နိုင်မယ်’

ကောက်ယိုက....



‘ခင်ဗျားတို့က ကျုပ်ကို အထင်သေးနေပေမယ့် ကျုပ်က ခုထိ အသက်ရှင်နေသေးတုန်းပဲဗျ’

‘အစ်ကိုကြီးက မင်းကို လက်မခံဘူးဆိုရင်ကော’

ကောက်ယို ပါးစပ်ပိတ်ထားလိုက်ရလေတော့၏။

အမာရှတ်က....

‘ဘာပဲဖြစ်ဖြစ် တိဗက်ကို ရောက်တဲ့အထိတော့ မင်းကို ခေါ်သွားဖို့ အစ်ကိုကြီး ဆုံးဖြတ်ထားပါတယ်၊ မင်းဟာ ငါတို့ရဲ့ ရန်သူမဟုတ်ပါစေနဲ့လို့ ဆုတောင်းနေရမှာပဲ’

ကောက်ယိုက....

‘ကျုပ်က သရဲမျက်နှာဆိုတဲ့ ဓားပြမဟုတ်ပါဘူးဗျာ’

ဟု ပြောလိုက်၏။

အမာရှတ်က ဘာမျှမပြောတော့ပါ။

အမာရှတ်တို့လူစုသည် ကုန်သည်များဖြစ်ကြသဖြင့် လူဆိုးဓားပြရန်ကို ကြောက်နေကြသည်မှာ မဆန်းဟု ယုံကြည်မိလေ၏။

သူထင်သလို အမာရှတ်သည် စိတ်သဘောဆိုးသူ မဟုတ်ကြောင်းလည်း အကဲခတ်မိ၏။

လူငယ်ကြီးတို့ လူစုအား ကောက်ယို ခင်မင်လာမိလေသည်။

သူတို့နှင့်အတူ တိဗက်သို့တိုင် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်မှာ အကြောင်းရှိပါသည်။

တိဗက်သို့ ရောက်မှ ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဤသို့ဖြင့်....

ကင်းစောင့်ရင်း တစ်ညတာ အချိန် ကုန်လွန်ခဲ့လေတော့သည်။

....

လူသတ်သမား

မိုးစင်စင် လင်းပြီဖြစ်သည်။

ကောက်ယိသည် တစ်ညလုံး ကင်းစောင့်နေခဲ့ပြီး မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားလေ၏။

နာလန်ထစမို့ တစ်ညလုံး အအေးဒဏ်၏ နှိပ်စက်မှုခံရသောအခါ အဖျား ဝင်လာတော့၏။

သူ၏ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေပြီး မျက်လုံးမဖွင့်နိုင်တော့ပေ။

သို့သော်....

'ထစမ်း....ထစမ်း'

တစ်စုံတစ်ယောက်က လှုပ်ကာလှုပ်ကာ နှိုးလာသဖြင့် လန့်နိုးလာလေတော့၏။

မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ လူဝကြီးနှင့် အဖွဲ့သားများ စုရုံးရောက်ရှိနေကြသည်ကို တွေ့ရလေသည်။

ကောက်ယိ လူးလိမ့်ထလိုက်၏။

လူဝကြီးမှာ သူ၏ အသားကို ကိုင်တွယ်မိခြင်းကြောင့်...

'မင်း....ဖျားနေတာပဲ'

ဟု ပြောလေသည်။

ကောက်ယိက...

'ရပါတယ်ဗျာ'

ပြောသာ ပြောလိုက်သော်လည်း မဟန်နိုင်ဘဲ ဒယီးဒယိုင်ဖြစ်နေလေ၏။

လူဝကြီးက...

'မင်း တစ်ညလုံး အိပ်နေတာပဲလား'

ဟု မေးလိုက်သည်။

ကောက်ယိ ခေါင်းခါယမ်း လိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ မနက်မိုးလင်းကာနီးမှ မှေးခနဲ အိပ်ပျော်သွားတာပါ'

'ထားပါတော့လေ၊ အမာရွတ်ကော'

'ဗျာ....'

'အမာရွတ် ဘယ်မှာလဲ'

လူဝကြီး၏ အမေးကြောင့် ကောက်ယိ ကြောင်အမ်းအမ်း ဖြစ်သွားလေတော့၏။



လူဝကြီးကို နားမလည်နိုင်စွာ ကြည့်ရင်း....

'ရှိမှာပေါ့ဗျာ၊ တစ်ညလုံး ကျုပ်နဲ့အတူ ကင်းစောင့်နေတာပဲဗျ'

လူဝကြီး ခေါင်းခါယမ်းလိုက်၏။

'မရှိဘူးကွ'

'သူက ...'

လူဝကြီးက ကြားဖြတ် ပြောလိုက်သည်။

'အမာရွတ် ပျောက်နေတယ်'

ကောက်ယိက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။

အမာရွတ်၏ အရိပ်အယောင်ပင် မတွေ့ရချေ။

ကောက်ယိ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားရလေတော့သည်။

လူဝကြီးက....

'မနက်မိုးလင်းလို့ တခြားကင်းသမားတွေ ရောက်လာကြပေမယ့် မင်းတို့ ရောက်မလာလို့ ငါတို့လိုက်လာတာ၊ မင်း အိပ်ပျော်နေတာပဲ တွေ့ရတယ်၊ အမာရွတ်ကို လုံးဝ ရှာလို့ မတွေ့ဘူး'

ကောက်ယိ ပခုံးတွန့်လိုက်၏။

'ကျုပ်လဲ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူးဗျ'

လူဝကြီးက....

'မင်း တကယ်မသိဘူးပေါ့'

'ကျုပ်သိမှတော့ ပြောမှာပေါ့ဗျာ'

ကောက်ယိ မဒကျမနုပ် ဖြစ်သွားလေသည်။

လူဝကြီးက....

'ကောင်းပြီ၊ လိုက်ရှာကြမယ်'

ဟု ပြောကာ သူ၏အဖွဲ့သားများအား လက်ဝေ့ယမ်းကာ လိုက်ရှာရန် အမိန့်ပေးလိုက်လေသည်။

အဖွဲ့သားများသည် ချက်ချင်းပင် လူစုခွဲကာ လိုက်လံရှာဖွေကြလေသည်။

သို့သော်....

အချိန်များသာတရွေ့ရွေ့ကုန်ဆုံးသွားသည် အမာရှတ်၏ အရိပ်အယောင်ပင် မတွေ့ရချေ။

နောက်ဆုံး လူဝကြီးက ကောက်ယိကိုခေါ်ကာ ခေါင်းဆောင်ဖြစ်သူ အိုရန်စုထံသွားပြီး အကျိုးအကြောင်း ပြောပြလိုက်လေ၏။

အိုရန်စုက အတန်ကြာစဉ်းစားပြီးမှ အမာရှတ်ကို ထားပစ်ခဲ့ကာ အမြန်ဆုံးခရီးထွက်ဖို့ အမိန့် ထုတ်လိုက်လေတော့သည်။

....၀....



'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ် လာလေသည်။

မြင်းစီးသမား တစ်စုသည် ပူပြင်းသော နေရောင်ခြည် အောက်တွင် ခရီးပြင်းနှင်နေကြလေသည်။

ထိုလူစုမှာ ရွှေတာရိဂ အာမခံဌာနပိုင်ရှင် ယန့်ထင်တို့လူစု ဖြစ်လေသည်။

သူတို့သည် ထင်ကျန်တွေ့ရှိခဲ့သော ခရီးသွားတစ်စုအား လိုက်လံရှာဖွေနေကြခြင်းဖြစ်လေ၏။

နေ့ဝက်ခန့် ခရီးပြင်းနှင်လာပြီး....

'ဟိုရှေ့မှာ ရေကန်တစ်ကန်ရှိတယ်'

ရှေ့ဆုံးမှဦးဆောင်လာသည့် ထင်ကျန်က ဝမ်းသာအားရ အော်ပြောလိုက်လေသည်။

မှန်ပေသည်။

အရှေ့ဘက်တွင် သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော ရေအိုင်နှင့် နားခိုစရာတစ်နေရာကို တွေ့လိုက်ရပြီ ဖြစ်လေသည်။

ထင်ကျန်လည်း ဝမ်းသာသွား၏။

ကန္တာရထဲရောက်လာပြီး အပူဒဏ်ခံရတော့မှအရိပ်အာဝါသ၏ တန်ဖိုးကို နားလည် သဘောပေါက်လာကြလေတော့သည်။

ထင်ကျန်က....

'အဲဒီမှာ ငါတို့ ခဏနားကြမယ်'

ဟု ပြောလိုက်သည်။

ထို့နောက်....

ရေကန်ဆီသို့ဦးတည်ကာ မြင်းကို ခုန်းစိုင်း နှင်သွားလိုက်ကြလေသည်။

ရေကန်အနီးသို့ရော [illegible] း‌ပေါ်မှ လွှားခနဲလွှားခနဲ ခုန်ဆင်းလိုက်ကြလေသည်။

ယန်ထင်၊ စွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့ကမူ မြင်းပေါ်မှမဆင်းကြသေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေကြ၏။

ထင်ကျန်သည် ရေကန်ပတ်ဝန်းကျင်ကိုကြည့်ရင်း....

'ညက ဒီနေရာမှာ လူတစ်စု စခန်းချသွားကြတယ်'

ဟု အော်ပြောလိုက်လေသည်။

ယန်ထင်က....

'အေး....အခြေအနေကြည့်လိုက်ဦး'

ဟု ပြောလိုက်သည်။

'ကောင်းပါပြီ ဆရာ'

ထင်ကျန်သည် သဲပြင်ပေါ်မှခြေရာများ၊ မြင်းခွာရာများကို ကြည့်ကာ ထွက်သွားလေသည်။

ယန်ထင်က စွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့အား ကြည့်လိုက်သည်။



စွာကျင့်က....

'ဒီနေရာမှာ စခန်းချသွားတာ လူသုံးဆယ်လောက်ဆိုင်းတွေ့ရှိမယ်'

ဟု မှတ်ချက်ချလိုက်၏။

စွန်ထုံက....

'ရိုးရိုးကုန်သည်တွေဆိုရင်တော့ ကျုပ်တို့အချိန်ဖြုန်းသလို ဖြစ်နေမှာပဲ'

ဟု ပြော၏။

သူ၏စကားကို ယန်ထင်က ဂရုမစိုက်ပါ။

သူ၏စိတ်ထဲ၌....

'ရွှေဒင်္ဂါးတစ်သိန်းဖိုးကို တစ်ယောက်တည်းနဲ့ ဘယ်နည်းနဲ့မှသယ်မသွားနိုင်ဘူး၊ အဖွဲ့ရှိကိုရှိရမယ်၊ ခုတလော ကန္တာရထဲမှာ သရဲမျက်နှာ သောင်းကျန်းနေတယ်ဆိုလို့ ခရီး မသွားရဲကြဘူး၊ ထင်ကျန်တွေ့ခဲ့တဲ့ ခရီးသွားတွေဟာ ဘယ်နည်းနဲ့မှ မရိုးသားနိုင်ဘူး'

ဟု တွေးနေမိ၏။

စွန်ထုံကမူ မြင်းပေါ်မှဆင်းကာ ရေ အဝသောက်ပြီး ကိုယ်လက်သန့်စင်နေ၏။

ရေကန်အနီး၌စခန်းချခဲ့သည့်ခရီးသည်များနှင့်ပတ်သက်၍ လုံးဝစိတ်ဝင်စားမှုမရှိချေ။

ကိစ္စဝိစ္စပြီးလျှင် သစ်ပင်တစ်ပင် အရိပ်အောက်၌ထိုင်ကာ ရိုက္ခာခြောက်များ ထုတ်ယူကာ စားသောက်နေပြန်ပါသေးသည်။

စွာကျင့်က

'သရဲမျက်နှာမှာ နောက်လိုက်အင်အားရှိမယ်လို့ ရှင်ထင်ပွား'

ကြငေါ် မေး၏။

ယန်ထင် ခေါင်းညိတ်လိုက်၏။

'သိပ်သေချာတာပေါ့ဗျာ၊ သဲကန္တာရထဲမှာ ဘယ်သူမှ တစ်ယောက်တည်း လူစွမ်းကောင်းမလုပ်နိုင်ဘူး'

'ဒါဆို ကျွန်မတို့လူစုနဲ့ဖြစ်ပါမလား'

သူမသည် ပထမဆုံးအကြိမ် စိုးရိမ်စိတ်ဝင်လာခြင်း ဖြစ်သည်။

သူမကဲ့သို့ ယန်ထင် စိုးရိမ်နေခဲ့သည်မှာ ကြာပြီဖြစ်လေသည်။

မည်သို့ဆိုစေ....

အာမခံပစ္စည်းများ လုယက်ခံလိုက်ရခြင်းကြောင့် မဖြစ်မနေ ပြန်လည်ရယူရန်ဆုံး ဖြတ်ထားပြီး ဖြစ်၏။

သူ၏အသက်ကို စွန့်လွှတ်ရမည်ဆိုလျှင်ပင် စွန့်လွှတ်ဖို့ ဝန်မလေးတော့ပေ။

စွာကျင့်က....

'သူငှေးကြီးယုံကို လူလွှတ်ပြီး အကြောင်းကြားလိုက်ရင်ကောင်းမယ်၊ သူက အကူအညီ ပို့ပေးမှာပဲ'

ဟု ပြော၏။



ယန်ထင်က....

'ခုချိန်မှတော့ အကူအညီတောင်းဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ သူ့ဆီကအကူအညီမရခင်သရဲမျက်နှာနဲ့ကျုပ်တို့ ရင်ဆိုင်ရမှာပဲ၊ သေရင်သေ၊ မသေရင်တော့ အာမခံပစ္စည်းတွေ ပြန်ရမှာပဲ၊ အကူအညီလိုပါဦးမလားဗျာ'

စွာကျင့် သက်ပြင်းချလိုက်၏။

'ရှင်ပြောတာ မှန်ပါတယ်လေ၊ သူနဲ့တွေ့ရဖို့ လက်ဦးအောင်ကြိုးစားရတော့မှာပေါ့'

ဟု ပြော၏။

ထိုစဉ်....

'မြန်မြန်လာဗျို့'

ခပ်လှမ်းလှမ်းမှ အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အားလုံးလှမ်းကြည့်လိုက်သောအခါ သဲတောင်ဘန်းတစ်ခုပေါ်မှနေပြီး ထင်ကျန်က အော်ခေါ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ယန်ထင်က....

'တစ်ခုခုတော့ ထူးခြားနေပြီ'

မြင်းပေါ်မှ လွှားခနဲခုန်ချကာ ထင်ကျန်ထံသို့ ပြေးလွှားသွား၏။

စွာကျင့်၊ စွန်ထုံနှင့် အာမခံအဖွဲ့သားများလည်း ပြေးလိုက်သွားကြ၏။

မကြာပါချေ။

ထင်ကျန်ရှိနေသော သဲတောင်ကုန်းပေါ်သို့ စုရုံးရောက်ရှိသွားကြတော့၏။

ထင်ကျန်က သဲပြင်ကို ညွှန်ပြလိုက်သည်။

ဝိုင်းကြည့် လိုက်ကြအောအခါ သဲထဲမှ လက်တစ်ဘက် ထိုးထွက်နေသည်ကို တွေ့ရလေသည်။

လူတစ်ယောက် သဲထဲ နစ်မြုပ်နေခြင်း ဖြစ်သည်။

မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်းထင်ရှားပါသည်။

လူသေအလောင်း တစ်လောင်းအားသဲထဲမြှုပ်နှံထားခြင်း ပေတကား....

ယန်ထင်က...

'ဘယ်သူလဲဆိုတာ ကြည့်ရအောင်'

ဟု ပြောလိုက်သည်။

ထင်ကျန်က သဲများကို ဖယ်ရှားလိုက်ရာ လူသေအလောင်း တစ်လောင်း ပေါ်လာသည်။

ထိုလူသေ အလောင်းမှာ လတ်လတ်ဆတ်ဆတ် ရှိသေးသဖြင့် မကြာသေးမီကမှ သေဆုံးသွားခြင်း ဖြစ်ကြောင်း ထင်ရှားပေသည်။

ထို လူသေအလောင်း၏ ရင်ဝ၌ ကြီးမားသော ဒဏ်ရာကြီးတစ်ခု ရှိနေသည်။

ထိုလူ၏ မျက်နှာတွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးရှိနေပြီး မသေမီက အုံ့ဩစရာ အကြောင်းချင်းရာတစ်ခုနှင့် ကြုံတွေ့ခဲ့ရပုံရှိကြောင်း ထင်ရှားပေါ်လွင် နေလေသည်။



ယန်ထင်တို့သည် ထိုလူသေ အလောင်းကိုကြည့်ကာ ဝေဖန်ပြောဆို လိုက်ကြလေသည်။

ယန်ထင်က....

'သံဆူးလို လက်နက်နဲ့ အသတ်ခံလိုက်ရတာပဲ၊ တစ်ချက်တည်းနဲ့ အသက်ပျောက်သွားတာ'

ဟု ပြောသလို စွာကျင့်က....

'သူ သေရမယ်ဆိုတာ မယုံနိုင်အောင် ဖြစ်သွားပုံပဲ'

ဟု မှတ်ချက် ပေးလေသည်။

သံမဏိလက်သည်း စွန်ထုံကမူ....

'လူသေအလောင်းတစ်လောင်းကို တွေ့တာနဲ့ ပျောက်ဆုံးသွားတဲ့ ရွှေဒင်္ဂါးတွေကို ပြန်ရနိုင်မှာလား'

ဟု မဲ့ကာရွဲ့ကာ ပြောလေသည်။

ယန်ထင်က သူ၏စကားကို လျစ်လျူရှုကာ....

'ထင်ကျန် မင်းကော ဘယ်လို သဘောရသလဲ'

ဟု ထင်ကျန်ဘက်လှည့်ကာ မေးလိုက်လေသည်။

ထင်ကျန်က....

'သူ့ရဲ့ ဝတ်စား ဆင်ယင်ပုံကို ကြည့်ရင် သူဟာ ကုန်သည်ပွဲစား တစ်ယောက်လို့ ပြောနိုင်ပါတယ်၊ ဒါပေမယ့် မဟုတ်ပါဘူးခင်ဗျာ'

သူ၏ စကားကို စွာကျင့်က နားမရှင်းသဖြင့်....

'မင်းဘာကို ဆိုလိုတာလဲ၊ ရှင်းပြစမ်းပါဦး'

ဟု မေးလိုက်သည်။

ထင်ကျန်က....

'သူ့ရဲ့ အဝတ်အစားတွေဟာ ကုန်သည်ပွဲစားတွေလို ဝတ်ထားပေမယ့် လှုပ်ရှားရသွယ်ကူအောင် ချုပ်လုပ်ထားတာ တွေ့နိုင်ပါတယ်၊ ပြီးတော့ ခါးပတ်ကလဲ လက်နက်တစ်ခုခု ချိတ်ဆွဲလို့ရအောင် ကွင်းတပ်ထားတာမို့ ဒီလူဟာ ရိုးရိုး ကုန်သည်ပွဲစား မဟုတ်ဆဲ ထမင် ကုန်သည်ပွဲစားလို ဝတ်ဆင် ရှုပ်ဖျက်ထားတာလို့ ပြောနိုင်ပါတယ်'

ဟု ရှင်းပြလိုက်လေသည်။

ယန်ထင်က သဘောကျ သွားလေသည်။

ထင်ကျန်ကို သူက အလွန် အားကိုးအားထားပြုနေရသည် မဟုတ်ပါလား။

စွာကျင့်က....

'သူဟာ မင်းတွေခဲ့ရတဲ့ မသင်္ကာစရာကောင်းတဲ့ ခရီးသည် အုပ်စုမှာပါတဲ့ လူတစ်ယောက်လို့ မင်းထင်သလား'

ဟု မေးလိုက်သည်။

ထင်ကျန်က အမာရွတ်၏ အလောင်းကို သေသေချာချာ အကဲခတ် ကြည့်လိုက်ပြီးမှ...

'ဖြစ်နိုင်ပါတယ်'

ဟု ပြောလိုက်သည်။



စွာကျင့်က....

'ဒါဆို သူတို့လူစုထဲက လူတစ်ယောက် ဘာကြောင့်အသတ်ခံလိုက်ရတာလဲ'

ယခုတစ်ကြိမ်....

သူမ၏ မေးခွန်းကို မည်သူမျှ မဖြေနိုင်ကြချေ။

သူမကိုယ်တိုင်လည်း ဖြေနိုင်မည် မဟုတ်ပါ။

အာမခံ ပစ္စည်းများကို လုယက် တိုက်ခိုက်သွားသည်ဟု ယူဆရသူတစ်စု....

ထိုလူစုထဲမှ လူတစ်ယောက်၏ အလောင်း....

အခြေအနေသည် တစ်စထက်တစ်စ ရှုပ်ထွေးလာတော့သည်။

ယန်ထင်သည် အတန်ကြာ တွေးတော စဉ်းစားလိုက်ပြီးလျှင်....

'သူတို့သွားတာ မကြာသေးဘူး၊ ကျုပ်တို့ လိုက်သွားကြရအောင်'

ဟု ပြောလိုက်၏။

အားလုံး သဘောတူလိုက်ကြ၏။

မသင်္ကာစရာကောင်းသော ခရီးသည်များ နောက်သို့ အပြင်းလိုက်ရန်စီစဉ်လိုက်ကြ၏။

အားလုံး မြစ်းပေါ်ရောက်သွားကြသောအခါ မမျှော်လင့်သော အတားအဆီး တစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ရုတ်တရက်....

ဝန်းကျင်တစ်ခုလုံး ချောက်ချားဖွယ်ကောင်းအောင်တိတ်ဆိတ်သွား၏။

လှုပ်လှုပ်ရွရွဖြစ်နေကြသောယန်ထင်တို့လူစုသည် သဘာဝအနေအထားပြောင်းလဲသွားသည်ကိုချက်ချင်း သတိပြုမိသွားကြသည်။

ထို့ကြောင့်....

ဟိုဟိုသည်သည် ကြည့်လိုက်ကြသလို ဘယ်လိုသဲဟူသောသဘောဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။

ထိုစဉ်....

'ဟီး....ဟီး....ဟီး'

'ဟီး ...ဟီး....ဟီး'

သူတို့ စီးနင်းထားသော မြင်းများသည် ခုန်ပေါက်ကာ ဟီလိုက်ကြ၏။

မြင်းပေါ်၌ ရှိနေသူများ လိမ့်ကျ မသွားရလေအောင် မနည်းထိန်းထားလိုက်ကြရ၏။

ယန်ထင်က....

'တစ်ခုခုတော့တစ်ခုခုပဲ'

သူ၏အတွေး မဆုံးသေးပါ။

'ဟိုမှာကြည့်စမ်း'



တစ်စုံတစ်ယောက်၏ အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အားလုံး လှမ်းကြည့်လိုက်သောအခါ တောင်ဘက်ကောင်းကင်ပြင်မှာ နီရဲနေပြီး သဲပြင်ကြီးမှာ ထကြွကာ ကောင်းကင်ပေါ်သို့ ထိုးတက်တော့မည့်အသွင် ရှိနေသည်ကို တွေ့ရသည်။

ယန်ထင်က....

'သဲမုန်တိုင်း'

ဟု အော်လိုက်၏။

အားလုံး ထိတ်လန့်တုန်လှုပ်သွားကြလေတော့သည်။

သဲကန္တာရတွင် ကြောက်စရာအကောင်းဆုံးအရာမှာ သဲမုန်တိုင်းနှင့် သရဲမျက်နှာတို့ ဖြစ်ကြပါ၏။

ယခု....

သဲမုန်တိုင်းနှင့် ရင်ဆိုင်ကြရတော့မည် ဖြစ်လေသည်။

ယန်ထင်က....

'မြင်းတွေ မလွတ်စေနဲ့၊ သစ်ပင်တွေနဲ့ အကာအကွယ်ယူကြ'

ဟု အမိန့်ပေးလိုက်၏။

ကိုယ်တိုင်လည်း မြင်းပေါ်မှခုန်ဆင်းကာ မြင်းကို သစ်ပင်များကြားသို့ ဆွဲခေါ်သွားသည်။

အားလုံး သစ်ပင်များကြား၌ အကာအကွယ် ယူကြပြီးလျှင်....

'ဝေါ...ဝေါ...ဝေါ...'

'ဝှီး....ဝှီး....ဝှီး....'

သဲမုန်တိုင်းမှာ အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်လာတော့သည်။

....၆....

သုံးရက်...

ကန္တာရခရီးကို တိဗက်သွား ကုန်သည်များနှင့်အတူ လိုက်ပါ ဖြတ်ကျော်လာခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်လေ့သည်။

သုံးရက်အတွင်း လူ'ကြီးက ဆေးဝါးတိုက်ကျွေးခြင်းကြောင့် ကောက်ယီမှာ ပကတိ ကျန်းမာလာသည်။

သို့သော်....



အမာရှတ် ပျောက်ဆုံးသွားသည့် ကိစ္စနှင့် ပတ်သက်ပြီး အားလုံးက သူ့အပေါ် သင်္ကာမကင်း ဖြစ်နေကြကြောင်း ကောက်ယီ ရိပ်မိထားသည်။

သူ့အနေနှင့် မည်သို့ဖြေရှင်းရမှန်းလည်း မသိပေ၊

ထို့ကြောင့်....

အဖြစ်မှန် ပေါ်ပေါက်သည်အထိ လူ'ကြီးတို့ လူစုနှင့် ဆက်လိုက်သွားရန် ဆုံးဖြတ်ထားလိုက်လေ၏။

သုံးရက်တိုင်တိုင် ခရီးပြင်းနှင်ပြီးသောအခါ ကန္တာရနယ်မြေ၏ တစ်နေရာတွင် သစ်ပင်ချုံနွယ်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည့် မြို့ပျက်ကြီးတစ်ခုသို့ ရောက်ရှိသွားကြလေ၏။

ခေါင်းဆောင်အိုရန်စုက....

'တို့ ဒီမှာနားကြမယ်'

ဟု အမိန့်ပေးလေသည်။

အားလုံး မြို့ပျက်ကြီးအတွင်းသို့ ဦးတည် လိုက်ကြလေသည်။

ကောက်ယီသည် မြို့ပျက်ကြီးကိုကြည့်ကာ တအံ့တသြဖြစ်သွားရပါတော့သည်။

အလွန်ခေါင်သောအရပ်ဒေသတွင် မြို့ပျက်ကြီးတစ်ခုရှိနေသည် မဟုတ်ပါလား။

အခိုင်အခံ့ဆောက်လုပ်ထားသော အဆောက်အအုံများ၊ ချုံနွယ်ပိတ်ပေါင်းများဖုံးလွှမ်းကာ ပျက်စီးယိုယွင်းနေပြီဖြစ်သသည်။

သဲ့စ်ချိန်က အလွန်ကြီးကျယ်ခန်းနားခဲ့သော မြို့ကြီးတစ်မြို့သည်။ ြ၁င်း ထင်ရှားနေပါ၏။

ကာက်ယိသည် တအံ့တဩငေးမောကြည့်ရင်း လိုက်ပါ ြ၂ခဲ့ရာ မြို့လယ်ဗိုင်းသို့ ရောက်မှန်းမသိ ရောက်လာလေသည်။

အချို့သော အဆောက်အအုံများသည် အတော်အတန် ကောင်းမွန်နေပါသေးသည်။

အိုရန်စုက....

'ကဲ....လူဝံကြီးက အစီအစဉ်လုပ်ပြီး အနားယူဖို့လုပ်ပါ'

ဟု အမိန့်ပေးလိုက်၏။

လူဝံကြီးက အဖွဲ့သားများအား စီမံခန့်ခွဲလိုက်လေ၏၊

အဆောက်အအုံပျက်များတွင် လူခွဲကာ နေရာချပေးလိုက်သည်။

ထို့နောက်....

အချို့က ကင်းစောင့်ကြပြီး၊ အချို့က စားသောက်ဖွယ်ရာများ ချက်ပြုတ်ကြသည်။



အားလုံး တာဝန် ကိုယ်စီ ထမ်းဆောင် နေရချိန်တွင် ကောက်ယိသည် အဆောက်အအုံပျက်တစ်ခုတွင် ဘာမှမလုပ်ရဘဲ လူငါးယောက်အစောင့်ချထားခြင်းခံရကာ သီးသန့်နေရလေတော့သည်။

လေ ဝေ့ယမ်းတိုက်ခတ်လာသည်။

အပြင်ဘက်ချက်ပြုတ်သောနေရာမှ မွှေးကြိုင်သော ဟင်းနံ့များ လွင့်ပျံ့လာလေ၏။

ကောက်ယိ ဗိုက်ဆာလာသည်။

အဆောက်အအုံပျက်အတွင်း၌ အနားယူရန် နေရာ ပြင်ဆင်ရင်း အစောင့်ငါးယောက်၏ စောင့်ကြည့်ရှုခံနေရသဖြင့် စိတ်ထဲကျဉ်းကြပ်သလို ဖြစ်နေမိလေသည်။

သို့သော်....

'အမာရွတ်နဲ့ ပတ်သက်လို့ ငါဘာမှမသိဘာအမှန်ပဲ၊ အဖြေမှန်ပေါ်လာရမှာပေါ့'

ဟု တွေးကာ ဖြေသိမ့်နေလိုက်ရလေသည်။

ထိုစဉ် ခြေသံများထွက်ပေါ်လာပြီး လူဝကြီး လှမ်းဝင်လာသည်ကို တွေ့ရလေသည်။

လူဝကြီးသည် ကောက်ယိအတွက် စားသောက်ဖွယ်ရာများ ယူလာခြင်း ဖြစ်လေသည်။

'ရော့...စားလိုက်ဦး၊ မင်းလဲ ဗိုက်ဆာနေရောပေါ့'

ဟု ပြောလေသည်။

ကောက်ယိ ဝမ်းသာသွား၏။

လူဝကြီးတစ်ယောက်သာလျှင် သူ့အပေါ် စေတနာရှိသည် မဟုတ်ပါလား။

'ကျေးဇူးပါပဲဗျာ'

ကောက်ယိသည် စားသောက်ဖွယ်ရာများ ယူကာ စားသောက်လိုက်လေသည်။

လူဝကြီးက....

'အမာရွတ် ပျောက်ဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်းအပေါ် သင်္ကာမကင်းဖြစ်နေကြတယ်'

ကောက်ယိက....

'ကျုပ် ဘာမှ မသိလိုက်ရပါဘူးဗျာ'

'ငါယုံတယ်၊ မင်းမှ နေမကောင်းတာ အမာရွတ်က တို့အဖွဲ့ကဆိုပေမယ့် သိုင်းပညာတတ်တာကွ၊ သူ့ကို တော်ရုံတန်ရုံ ဒုက္ခပေးလို့မရဘူး'



ကောက်ယိ မျက်မှောင်ကြုတ်သွားသည်။

'သိုင်းပညာတတ်တယ် ဟုတ်လား'

ဟု မေးလိုက်လေ၏။

လူဝကြီးက....

'ဟုတ်တယ်၊ ဘာလဲ ကုန်သည်လုပ်နေကြတဲ့လူတွေနဲ့ သိုင်းပညာတတ်တာ ဘာမှမဆိုင်ဘူးလို့ မင်း ထင်နေတယ် မဟုတ်လား'

ဟု မေးလေ၏။

ကောက်ယိက ဘာမှမပြောဘဲ နေလိုက်လေ၏။

လူဝကြီးက....

'ကန္တာရအကြောင်း မင်း မသိသေးဘူးလို့ ငါပြောတာပေါ့၊ ကန္တာရထဲမှာ သဘာဝ ဘေးအန္တရာယ်သာမက လူဆိုးဓားပြတွေနဲ့ပါ ရင်ဆိုင်ရတတ်တော့ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ သိုင်းပညာ သင်ထားကြရတာပေါ့'

'ဪ....'

လူဝကြီးက....

'အမာရွတ်ဟာ တို့အဖွဲ့မှာ အားကိုးရတဲ့ လူတစ်ယောက်ပဲ၊ သူ ပျောက်ဆုံးသွားတာကြောင့် သေသွားပြီလို့ ခေါင်းဆောင်က ယူဆထားတယ်လေ၊ ဒါကြောင့်လဲ ချက်ချင်း ထွက်ခိုင်းတာပေါ့၊ နောက်နှစ်ရက်လောက်သွားပြီးရင် လုံခြုံတဲ့နေရာကို ရောက်ပါပြီ'

ကောက်ယိ စိတ်ဝင်စားသွား၏။

'လုံခြုံတဲ့နေရာ ဟုတ်လား'

'ဟုတ်တယ်၊ ငါတို့ရဲ့ မိတ်ဆွေတွေရှိတဲ့ နေရာလေ'

'တိဗက်တွေလား'

'ဟုတ်ပါတယ်'

ကောက်ယိသည် လူဝကြီးအား အကဲခတ်ကြည့်လိုက်ပြီး...

'ခင်ဗျားတို့ကိုကြည့်ရတာ တစ်ခုခုကို ကြောက်နေသလိုပဲ'

ဟု မေးလိုက်လေ၏။

လူဝကြီး မျက်နှာပျက်သွားလေ၏။

သို့သော်....ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး....

'ငါတို့က ဘာကိုကြောက်ရမှာလဲ'

ဟု ပြန်ပြောလိုက်လေ၏။

ကောက်ယိက....

'ခင်ဗျားတို့ကို ကြည့်ရတာ ရိုးရိုးကုန်သည်တွေနဲ့မှ မတူ တာ'

'နေပါဦး၊ မင်းက ဘယ်လိုထင်လို့လဲ'

လူဝကြီးက ခပ်တည်တည် ပြန်မေးလေ၏။

ကောက်ယိက....

စနစ်တကျ ဖွဲ့စည်းထားတဲ့ အာမခံဌာနတစ်ခုနဲ့ တူ တယ်ဗျ၊ ဒါပေမယ့် ခင်ဗျားတို့သယ်လာတဲ့ ပစ္စည်းတွေဟာ တိဗက်မှာရောင်းဖို့ လူသုံးကုန်ပစ္စည်းတွေ ဖြစ်နေတာ ခ တယ်'

လူဝကြီးက....

'အေး....ကန္တာရထဲမှာ ဖြစ်သလို ခရီးသွားမယ်ဆိုရင် လို ခရီးကို ရောက်မှာမဟုတ်ဘူး၊ သေမင်းနိုင်ငံကိုပဲ ရောက်သွ



လိမ့်မယ်၊ ငါတို့ကို မင်း စိတ်ဝင်စားနေတယ်ဆိုရင် အချိန် ကုန်တာပဲရှိမယ်၊ မင်းအတွက် ဘာမှ ထူးမှာမဟုတ်ဘူး'

ကောက်ယိ ပြုံးလိုက်သည်။

'ဒီလိုပြောလိုက်မှပဲ ကျုပ်ကို ပိုင်းပြီး စိတ်ဝင်စားလာ တော့တယ်ဗျ'

လူဝကြီးသည် ကောက်ယိကို စိုက်ကြည့်လိုက်ပြီး....

'ငါပြောတာကို နားမထောင်ဘူးဆိုရင် မင်း ဒုက္ခရောက် ဖို့ပဲ ရှိတယ်၊ တိဗက်နယ်ထဲရောက်ရင် မင်းဘာသာ ကြိုက်တဲ့ လမ်း သွားပေတော့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေတော့ သည်။

ည....

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် နေလေ၏။

ညဉ့်နက်ပြီဖြစ်၍ လူဝကြီးတို့လူစုမှာ အိပ်ဖက် အနားယူ
နေကြပြီ ဖြစ်လေ၏။

ကောက်ယံအား စောင့်ကြည့်နေသူများကလည်း အခန်း
အပြင်ဘက်၌ နေရာယူကာ အနားယူနေကြပြီ ဖြစ်လေ၏။

ကောက်ယံကား အိပ်မပျော်နိုင်သေးပါ။

အိပ်ရာခင်းပေါ် လဲလျောင်းကာ နဖူးပေါ်လက်တင်၍
ကြုံတွေ့နေရသည့် အဖြစ်အပျက်များကို တွေးတော စဉ်းစား
နေမိလေ၏။

ကန္တာရထဲ၌ ထူးခြားသောကိစ္စများ ဖြစ်ပေါ်နေသည်မှာ
သေချာနေပါ၏။

ဦးစွာ သူ၏နောက်သို့ တကောက်ကောက် လိုက်လာသူ
သေဆုံးသွားမည့်အချိန်ကို စောင့်ရင်း သူ၏ဓားကို ရယူလို
သည့် တစ္ဆေလက်ကျိုကွေးဆိုသည့် လူထူးဆန်း....

ထို့နောက်....
မြွေတရိုက် အာမခံဌာနမှ ထင်ကျန်....

တဖန်....
ထူးဆန်းသော လူဝကြီးတို့လူစု ...
ကောက်ယံ သက်ပြင်းချလိုက်မိလေ၏။



ကန္တာရထဲသို့ သူ လာခဲ့ရသည်မှာ အကြောင်းရှိပါသည်။
သူ၏ကိစ္စနှင့် ယခု ကြုံတွေ့နေရသည့် အဖြစ်အပျက်များ
သည် ဆက်စပ်မှုရှိနေပါသလော။

ကောက်ယံမှာ အတွေးကြွယ်ကာ တလူးလူး တလိမ့်လိမ့်
ဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေတော့၏။

ထိုအခိုက်....

'အား....'

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို
ကြားလိုက်ရလေ၏။

တိတ်ဆိတ်နေသောညဉ့်ယံတွင် စူးရှစွာထိုးထွက်ပေါ်လာရာ
ကြက်သီးဖျန်းဖျန်း ထသွားရလောက်ပေတော့၏။

ကောက်ယံ ငေါက်ခနဲထလိုက်၏။

ထို့နောက် အပြင်ဘက် ပြေးထွက်လိုက်လေ၏။

အစောင့် ငါးယောက်ကို ဖြတ်ကျော်ပြီး အပြင်ဘက်
ရောက်သွားပြီးမှ....

'ဟာ....ဘော်ကြာ ငါ့ကို အထင်မှားနေဦးမယ်'
ဟူ တွေးမိကာ ခြေလှမ်းရပ်လိုက်လေ၏။

ထိုစဉ်....
'ရပ်လိုက်စမ်း'

အစောင့်များလည်း လန့်နိုးလာကြကာ လူးလိမ့် ထသွားကြလေ၏။

ကောက်ယိ အဆောက်အအုံအပြင်ဘက် ရောက်နေသည်ကိုမြင်လျှင် ချက်ချင်း အော်ငေါက် ဟန့်တားလာကြတော့သည်။

ကောက်ယိက....

'အော်သံကြားတယ် ဘာစ်ခုခုဘော့ ဖြစ်နေပြီဗျ၊ အဲဒါ ကျုပ်သွားကြည့်မလို့'

ဟု ရှင်းပြလိုက်၏။

သို့သော်....

အစောင့်များသည် ကောက်ယိ၏စကားကို လုံးဝ လက်မခံကြပါချေ။

'မလိုချင်ဘူး၊ မင်း ဘယ်မှမသွားရဘူး'

'အထဲပြန်ဝင်ပါ'

ဟု ပြောကြလေ၏။

ကောက်ယိ မကျေမနပ် ဖြစ်သွား၏။

'ခင်ဗျားတို့ အော်သံမကြားလိုက်ဘူးလား၊ တစ်ခုခုဘာ ဖြစ်နေပြီ'

ဟု ပြောလိုက်ပြန်၏။



အစောင့်များက....

'မလိုချင်ဘူး အထဲပြန်ဝင်ပါ'

ဟု အတင်းအကြပ် ပြောကြလေ၏။

ကောက်ယိ မကျေမနပ် ဖြစ်လာ၏။

'ကျုပ်က....'

ဟု စကား ဆုံးအောင် မပြောလိုက်ရပါ။

ဆူဆူညံညံအသံများ ထွက်ပေါ်လာခြင်းကို ကြားလိုက်ရခြင်းကြောင့် ဖြစ်ပါ၏။

လှမ်းကြည့်လိုက်သောအခါ မီးတုတ်များကိုင်ဆောင်ထားသော လူတစ်စု လှမ်းလာနေကြသည်ကို တွေ့မြင်ရလေသည်။

လူဝကြီးခေါင်းဆောင်သော လူစုဖြစ်၏။

အနီးသို့ ရောက်လာသောအခါ လူဝကြီးမှာ စိတ်ဆိုးမာန်ဆိုးရှိနေသည်ကို တွေ့ရ၏။

ကောက်ယိကို ခြေဆုံးခေါင်းဆုံးကြည့်ကာ....

'ဩော်....မင်းကမအိပ်သေးဘဲကိုး'

ဟု ပြောလိုက်သည်။

သူ၏အသံ ဘာစ်မျိုးဖြစ်နေသည်ဟု ကောက်ယိ ထင်မိသည်။

ထို့ကြောင့်....

'ကျုပ်က နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နိုင်တဲ့ အခြေအနေမရှိ အူးဆိုတာ ခင်ဗျားသိပါတယ်'

ဟု ပြန်ပြောလိုက်၏။

လူဝကြီးက....

'မင်းအခြေအနေက အရေးမကြီးဘူး၊ ငါတို့ လူတစ်ဦး အသက်ခံရပြန်ပြီ'

ဟု ပြောသည်။

ကောက်ယာက....

'အော်သံကြားကတည်းက တစ်ခုခုဖြစ်မယ်လို့တော့ ထင်သားပဲဗျ'

'ဩော်... မင်းအတွက် မထူးဆန်းတော့ဘူးပေါ့ ဟုတ်လား'

ကောက်ယာက....

'ကျုပ်ကို သက်သေမကောင်းဖြစ်နေရင် တတယ့်လူသတ်တရားခံ အစစ် လွတ်မြောက်သွားလိမ့်မယ်ဗျ'

ဟု ပြန်ပြောလိုက်၏။

လူဝကြီးက....

'မင်းလက်ချက် မဟုတ်ဘူးပေါ့'



'ကျုပ်လက်ချက်ဆိုရင် ဒီမှာ ဆက်နေတော့မလားဗျာ။ မြင်းတစ်ကောင်ယူပြီး ထွက်သွားပြီပေါ့'

ကောက်ယာက အချက်ကျကျပြောလိုက်သဖြင့် လူဝကြီး ငိုင်သွား၏။

ကောက်ယာက....

'ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပါဦး'

ဟု မေးလိုက်သည်။

လူဝကြီးအဖြေမပေးနိုင်မီ လူတစ်ယောက်သည် ရှေ့သို့ ခုန်ထွက်လာပြီးလျှင်....

'ဘာဖြစ်တယ်ဆိုတာ မင်းအသိဆုံးပဲ၊ မင်းကိုခွင့်လွှတ်လိမ့်မယ် မထင်နဲ့'

ဟု ငေါက်ကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

ထိုလူ၏ တိုက်ခိုက်မှုမှာ အလွန်လျင်မြန်ပြီး ပြင်းထန်လှပေသည်။

ဝေဝ်ရှုံတန်ရှုံလူတစ်ယောက်ဆိုလျှင် ရှောင်နိုင်မည်မဟုတ်ဘဲ မရှုမလှခံရကာ မြေပေါ် လဲကျသွားနိုင် လောက်ပေသည်။

သို့သော်....

ကောက်ယာသည် သိုင်းလောကတွင် နာမည်ရထားသော လူငယ်သိုင်းသမား တစ်ယောက် ဖြစ်သည်နှင့်အညီ ပွတ်ကာ သီကာရှောင်လိုက်ပြီးမှ နောက်ဆုတ်လိုက်၏။

တစ်ဆက်တည်းပင်....

'ခင်ဗျားကထပ်ပြီးတိုက်ခိုက်မယ်ဆိုရင်တော့ကျုပ်သည်းခံမှာမဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

ထိုလူက ဂရုမစိုက်ဘဲ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း....

'ရပ်လိုက်စမ်း'

လူဝကြီးက ဟန့်တားလိုက်ခြင်းကြောင့် နောက်ဆုတ်သွားရတော့၏။

ထိုလူမှာ ဆံပင်နီကျင်ကျင်ရှိပြီး ခြသေ့်တစ်ကောင် အသွင်မျိုးရှိသူဖြစ်၏။

လူဝကြီးက....

'အသတ်ခံလိုက်ရတာသူ့ညီပဲ'

ဟု ကောက်ယိကို ပြောပြသည်။

ထိုအခါမှ ထိုလူအဘယ်ကြောင့် ဒေါသတကြီးဖြစ်နေရသည်ကို ကောက်ယိ နားလည်မိလိုက်၏။

ညီဖြစ်သူအသတ်ခံလိုက်ရခြင်းကြောင့် သူ့အပေါ် အထင်မှားကာ ဒေါသထွက်နေခြင်း မဟုတ်ပါလား။

လူဝကြီးက....



'ခုဆိုရင် ငါတို့လူနှစ်ယောက် ဒုက္ခရောက်သွားပြီ၊ ငါတို့အဖွဲ့ထဲမှာ လူစိမ်းဆိုလို့ မင်းပဲရှိတယ်၊ ဒါကြောင့် မင်းအပေါ် အားလုံး သံသယဝင်နေကြတာ ဘာမှမဆန်းဘူး၊ ဒါကို မင်း သဘောပေါက်ပေါက်ရမယ်'

ဟု ပြောလေသည်။

ကောက်ယိက....

'ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် တရားခံဟာကျုပ်မှ မဟုတ်တာဗျ'

'အေးလေ....မင်းပါလို့ တပ်အပ်စွပ်စွဲဖို့ ငါတို့ဘက်ကလဲ သက်သေအထောက်အထား မပြနိုင်သေးဘူး၊ ဒါကြောင့် မင်း ထွက်မသွားပဲနေတာ အကောင်းဆုံးပဲ'

ကောက်ယိ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ကျုပ် ဘယ်မှမသွားဘူး'

'ကောင်းပြီ၊ ဟော့....မဝိုးတို့ သူ့ကိုကြည့်ထားကြ၊ အသတ်ခံလိုက်ရတဲ့လူအတွက် စီစဉ်ရဦးမယ်၊ သွားစို့'

ဟု ပြောကာ ထွက်သွားလေသည်။

ဆံပင်နီကျင်ကျင်နှင့်လူက....

'မင်း သတိထားပေါ့ကွာ'

ဟု ကောက်ယိကို ကြိမ်းမောင်းကာ လိုက်သွား၏။

ကျုန်လူများကလည်း လိုက်ပါသွားကြလေ၏။

ကောက်ယိက အဆောက်အအုံပျက်သဲ ပြန်ဝင်လိုက်၏။

အစောင့်ငါးယောက်က လုံးဝမအိပ်ဘဲ စောင့်ကြည့်နေလိုက်ကြလေတော့သည်။

....o....

၂၁၄၄၇

စီရင်သောစား

အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်လေသည်။

ညဉ့်အမှောင်ထုသည် တဖြည်းဖြည်း လွင့်ပါးသွားပြီး အလင်းရောင်အား ကောင်းလာလေသည်။

မကြာမီ မိုးစင်စင်လင်းလာတော့မည် ဖြစ်ပေသည်။

ကောက်ယိသည် အိပ်ရာထက်တွင် လဲလျောင်းနေပါသော်လည်း အိပ်မပျော်နိုင်ခဲ့ပါ။

မျက်လုံး ကြောင်တောင်တောင်ဖြင့် မိုးစင်စင်လင်းသွားတော့သည်။

သူ့ အားစောင့်ကြပ်နေသည့်အစောင့်များလည်း တစ်ဦးမှ မအိပ်ရဲကြတော့ချေ။

မိုးလင်းသောအခါ လူဝံကြီး ရောက်ရှိလာလေသည်။

ကောက်ယိက လူးလိမ့်ထကာ....

'ခင်ဗျားတို့ဟာ သာမန်ကုန်သည်တွေမဟုတ်ဘူးလို့ ကျုပ် ပြောခဲ့သားပဲ'

ဟု ဆီးကြိုပြောလိုက်လေသည်။

လူဝံကြီး မကျေမနပ် ဖြစ်သွားလေ၏။

'ခုအချိန်ဟာ ငါတို့ကို ဝေဖန်နေရမယ့်အချိန် မဟုတ်ဘူးကွ'

'ဒါဖြင့်....'

'ငါလူတွေကို ကြာကြာထိန်းထားနိုင်တော့မှာမဟုတ်ဘူး၊ ဆံပင်နီကြောင့် အားလုံး ဒေါပွနေကြပြီ'

ကောက်ယိ ပခုံးတွန့်လိုက်သည်။

'ကျုပ်မှ လူသတ်တရားခံ မဟုတ်တာ'

'ဘာပဲဖြစ်ဖြစ် ငါနောက်လိုက်ခဲ့'

ကောက်ယိ တွေးတောစဉ်းစားမနေတော့ပါ။

လာမယ့်ဘေး ပြေးတွေ့ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

'ကောင်းပြီလေ'

ဟု ပြောကာ လိုက်သွားရန် ဟန်ပြင်လိုက်လေ၏။

ထိုစဉ်....

'ဆရာ ဆရာ....'

ခေါ်သံများနှင့်အတူ လူအချို့ ပြေးဝင်လာလေ၏။

လူဝံကြီး မျက်ခမှောင်ကြုတ်သွား၏။



'ဘာဖြစ်တာလဲကွ'

ဟု ဆီးကြို မေးမြန်းလိုက်လေသည်။

ပြေးဝင်လာသူများအနက် တစ်ယောက်က....

'ဆံပင်နီ အသတ်ခံလိုက်ရတယ်ဆရာ'

'ဟေ'

လူဝံကြီး မျက်လုံး ပြူးသွား၏။

သတင်းလာပေးသူက....

'ဆံပင်နီက သူ့ညီ အသတ်ခံလိုက်ရလို့ မကျေနပ်ဘူး ဆရာ၊ သူ့ကို အပြစ်မပေးလို့ ဒေါပွပြီး မြို့ပြင်ထွက်သွားတာ ခုမနက် မြို့ပြင်မှာ သူ့အလောင်းတွေ့ခဲ့ရတယ်'

ကောက်ယိ [illegible] မကျေနပ်သဖြင့် တစ်ယောက်တည်း ထွက်သွားပြီး မြို့ပျက်အပြင်ဘက်၌ အသတ်ခံလိုက်ရခြင်းဖြစ်ပုံ ရသည်။

လူဝံကြီး ငိုင်သွား၏။

ကောက်ယိက....

'ခင်ဗျားတို့ ထွက်သွားပြီးကတည်းက ကျုပ် ဒီအထဲမှာပဲ ရှိနေတာ၊ မယုံရင် အစောင့်တွေကို မေးကြည့်'

ဟု ပြောလိုက်၏။

လူဝံကြီးက မမေးပါ။

အစောင့်များကလည်း ဘာမျှ မပြောကြပါ။

အတော်လေးကြာမှ လူဝံကြီးသက်ပြင်းချလိုက်ပြီး....

'သွားကြည့်ကြမယ်'

ဟု ပြောကာ ကောက်ယံကိုပါလိုက်ခဲ့ရန် ခေါင်းဆတ်ပြလိုက်၏။

ကောက်ယံက တုန်လှုပ်ချောက်ချားမှုမရှိဘဲ....

'သွားတာပေါ့ဗျာ'

လူဝံကြီးနှင့် သူ၏အဖွဲ့သားနောက်သို့ လိုက်ပါသွားတော့သည်။

.... ....

မြို့ပျက်ကြီးအပြင်ဘက်၌ လူသေအလောင်း တစ်လောင်းရှိနေပါ၏။

ဆံပင်နီ၏အလောင်းဖြစ်၏။

ဆံပင်နီ၏ရင်ဝ၌ ဓား၊တစ်လက်စိုက်ဝင်နေ၏။

လူသတ်သမားက ဓားတစ်ချက်တည်းဖြင့် ဇီဝိန်ချွေပစ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေ၏။



ဆံပင်နီ၏သိုင်းပညာမခေကြောင်း ကောက်ယံနားလည်ထား၏။

သူ့အား တိုက်ခိုက်ခဲ့သည့် တိုက်ကွက်ကြောင့် ထိပ်တန်းသိုင်းသမား တစ်ယောက် ဖြစ်သည်ကို အကဲခတ်မိလေသည်။

ထို့ကြောင့်....

ဆံပင်နီအား လုပ်ကြံသွားသူသည် ခေသူမဟုတ်ကြောင်း နားလည် သဘောပေါက်လိုက်၏။

လူဝံကြီးသည် ဆံပင်နီ၏ အလောင်းကို အကဲခတ်ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်၏။

'ဒေါသတကြီးဖြစ်နေချိန်မှာ အငိုက်မိသွားတာပဲ'

ဟု မှတ်ချက်ချလိုက်၏။

ကောက်သံမှာမူ ဆံပင်နီ၏ အလောင်းကို ကြည့်ရင်း မျက်နှာ ကွက်ခနဲပျက်သွား၏။

ထိုအချက်ကို လူဝံကြီး သတိပြုမိသွား၏။

'မင်း ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ကောက်ယံက....

'ဓား...'

ဟု ပြောလိုက်၏။

လူဝံကြီးက ဆံပင်နီ၏အလောင်း၌ စိုက်ဝင်နေသောဓားကို ဆွဲနှုတ်လိုက်ပြီး....

'အတော်ကောင်းတဲ့ ဓားပဲ'

ဟု ချီးကျူးလိုက်၏။

မှန်ပေသည်။

အလွန်ထက်မြက်သော ဓားတစ်လက် ဖြစ်ကြောင်း မြင်ရုံဖြင့် သိနိုင်ပါ၏။

လူဝကြီးသည် ဓားကိုတစ်ချက်ဝေ့ယမ်းလိုက်ပြီး....

'မင်း ဘယ်လိုသဘောရသလဲ'

ဟု ကောက်ယိကို မေး၏။

ကောက်ယိက....

'သိပ်ကောင်းတဲ့ ဓားတစ်လက်ပါပဲ၊ ဒီဓားအကြောင်း ကျုပ်ကောင်းကောင်းသိပါတယ်'

'ဪ....'

ကောက်ယိက တည်ကြည်သော မျက်နှာထားဖြင့်....

'ဒီဓားဟာ ကျုပ်ရဲ့ ဓားပါဗျာ'

ဟု ပြောလိုက်သည်။

ထိုဓားသည် ကောက်ယိ၏ ကျောက်စိမ်းဓားဖြစ်လေ၏။

.... ....



ကျောက်စိမ်းဓား....

ကောက်ယိ၏ ကျောက်စိမ်းဓား ပျောက်ဆုံးသွားခဲ့သည်မှာ အတော်ကြာပြီ ဖြစ်ပါသည်။

ယခု....

ကျောက်စိမ်းဓားသည် ဆံပင်နီ၏ ရင်ဝ၌ စိုက်ဝင်လျက်သား ဖြစ်နေချေပြီ။

လူဝကြီးက....

'ဒီဓားဟာ မင်းရဲ့ဓား ဟုတ်လား'

သေချာစေလိုသည့် သဘောဖြင့် ထပ်မေးလေသည်။

ကောက်ယိ ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ရဲ့ ကျောက်စိမ်းဓားပါ'

'ဒါဖြင့် မင်းက ဆံပင်နီကို သတ်ပစ်လိုက်တာပေါ့'

ကောက်ယိက....

'ကျုပ့်ဆီက ပျောက်သွားတာ ကြာပါပြီဗျာ၊ ကျုပ်ကိုယ်ကျုပ်တောင် အနိုင်နိုင် ဖြစ်ခဲ့ရတာ ခင်ဗျားအသိပါ၊ ဓားတစ်လက်ဟာ ကန္တာရထဲမှာ ရေတစ်ပေါက် လောက်တောင် တန်ဖိုး မရှိဘူးဆိုတာ ခင်ဗျားသိပါတယ်'

ကောက်ယိ အစာငတ်ရေငတ်ဖြစ်ကာ ဒုက္ခရောက်နေခဲ့သည်ကို လူဝကြီးတို့ အသိဆုံးပင်....

အသက်ရှင်ဖို့ ကြိုးစားအားထုတ်နေသူ တစ်ယောက်သည် ဓားတစ်လက်ကို ဂရုစိုက်နိုင်တော့မည် မဟုတ်ပေ။

လူဝံကြီးက....

'ဒီဓားဟာ မင်းဆီက ပျောက်ဆုံးသွားခဲ့တယ်လို့ ဆိုချင်တာ ပေါ့ဟုတ်လား'

'ခင်ဗျား သိပါတယ်၊ ကျုပ်ကို ခင်ဗျားတို့ ကယ်ဆယ်လာတဲ့အချိန် ကျုပ်မှာ ဓားပါသလား မပါဘူးလား ရှင်းပါတယ်'

လူဝံကြီး ငိုင်သွားလေသည်။

ထိုစဉ်....

'ဘာပဲဖြစ်ဖြစ် သူဟာ ကျုပ်တို့အဖွဲ့က လူမဟုတ်ဘူး၊ လူစိမ်းတစ်ယောက်ပဲ၊ အဖွဲ့သားတွေ အသတ်ခံရတာ သူ့ပယောဂကြောင့်ပဲ ဖြစ်ရမယ်'

တစ်ယောက်က အောင်ပြောလိုက်လျှင် ကျန် အဖွဲ့သားများက....

'ဟုတ်တယ်၊ ဘုမသိဘမသိ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံရတာမျိုး မလိုချင်ဘူး'

'သူ့ကို အလွတ် မပေးနိုင်ဘူး'

'သူဟာ လူသတ်သမားပဲ ဖြစ်ရမယ်'

ဆူပူအုံကြွ လာလေတော့သည်။

လူဝံကြီးမှာ သူ၏ လူများအား ထိန်းသိမ်းဖို့ ခက်ခဲသွားလေတော့သည်။

တစ်ယောက်က....

'ဒီကောင့်ကို ရှင်းပစ်'



ဟု အောင်ပြောကာ ကောက်ယိထံ ပြေးဝင်တိုက်ခိုက် လိုက်လေသည်။

ထိုအခါ....

'ဟုတ်တယ် ချက္ကာ'

ကျန်လူများကလည်း ဩသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

'ဟေ့....ဟေ့....နေကြဦး'

လူဝံကြီးက ဟန့်တားသော်လည်း မရတော့ချေ။

ကောက်ယိလည်း မတတ်သာတော့ပဲ ပြန်လည် တိုက်ခိုက်လိုက်ရလေသည်။

ထိုအခါ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ကောက်ယိမှာ လူငယ်ဖြစ်သော်လည်း အဆင့်မြင့် သိုင်းသမား တစ်ယောက်ဖြစ်သည်နှင့်အညီ ပြန်လည် တိုက်ခိုက်လိုက်ရာ....

'ဂွန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ လူဝံကြီး၏လူများ ဗရိုဖရဲဖြစ်သွားကြလေတော့၏။

လူဝံကြီး မခံနသာတော့ပါ။

‘မင်း....အေးအေးဆေးဆေး အဖမ်းခံပါ၊ ဒီကိစ္စမှာ မင်းကို သင်္ကာမကင်းစရာ အကောင်းဆုံးမို့ မင်းကို ဖမ်းထားရမှာပဲ’

ဟု ကောက်ယိအား လှမ်းပြောလိုက်၏။

ကောက်ယိ ခေါင်းခါယမ်းလိုက်၏။

‘ကျုပ်လက်ချက် မဟုတ်ဘူးဆိုတာ ခင်ဗျားသိသလို အားလုံးသိကြတာပဲ၊ ဘာဖြစ်လို့ အဖမ်းခံရမှာလဲဗျ’

‘အဖမ်းမခံရရင် မင်းဟာ လူသတ်သမား ဖြစ်သွားလိမ့်မယ်’

လူဝံကြီးက အေးတိအေးစက် ပြောလိုက်၏။

ကောက်ယိက....

‘အဖမ်းခံတော့ကော ဘာထူးမှာလဲ၊ ကျုပ်အပေါ် မတရားလုပ်ကြတော့မှာပဲ မဟုတ်လား’

လူဝံကြီးက ...

‘ဟော....ငါတို့ ဘယ်တော့မှ မတရားမလုပ်ဘူးကွ’

ကောက်ယိ မဲ့ပြုံးပြုံးလိုက်၏။

‘ကျုပ် မယုံနိုင်တော့ပါဘူးဗျာ’

လူဝံကြီးက ...

‘ဒါဆို မင်းကို ငါကိုယ်တိုင် ဖမ်းရတော့မှာပဲ’

ပြောရင်း ရှေ့တိုးလာသည်။

ကောက်ယိက ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

အားလုံးက အခြေအနေစောင့်ကြည့်နေကြ၏။



ကောက်ယိသည်လည်း လူဝံကြီး၏ လှုပ်ရှားမှုကိုကြည့်ရင်း အဆင့်မြင့်သိုင်းသမား တစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလိုက်လေ၏။

ထိုစဉ်....

‘ခွပ်ခွပ်....ခွပ်ခွပ်’

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဝေးမှ မြင်းသုံးကောင်း ဒုန်းစိုင်း နှင်လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ဤတွင် တစ်ယောက်က....

‘အစ်ကိုကြီး ပြန်လာပြီဟေ့’

ဟု အော်လိုက်၏။

ထိုအခါ....

‘အစ်ကိုကြီးပြန်လာပြီ’

‘အစ်ကိုကြီးပြန်လာပြီ’

ကျန်လူများလည်း ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေ၏။

ယခုလို အရေးအကြောင်း ကြုံနေရချိန်မျိုးတွင် ခေါင်းဆောင် အိုရန်စု ပြန်ရောက်လာခြင်းကြောင့် ပျော်ရွှင် မြူးတူးသွားကြသည်မှာ မဆန်းချေ။

လူဝံကြီးက နောက်ဆုတ်လိုက်၏။

'မင်းက မတရားဘူးထင်နေတယ် ဟုတ်လား၊ စိတ်ချ၊ ငါတို့ ဘယ်တော့မှ မတရားမလုပ်ဘူးဆိုတာ မင်း အခု သိရစေမယ်'

ဟု ပြောလိုက်၏။

သူ၏ စကားသံနှင့်အတူ မရှေးမနှောင်းမှာပင် အိုရန်စု နှင့် အဖော်နှစ်ယောက်သည် အနီးသို့ ရောက်ရှိလာကြလေ တော့၏။

....ဝ....

ခေါင်းဆောင်အိုရန်စု ရောက်ရှိသွားပြီဖြစ်လေ၏။

လူဝကြီးနှင့် အဖွဲ့သားများက ကြုံတွေ့နေရသော အဖြစ် အပျက်များကို ရှင်းလင်းပြောပြလိုက်လေ၏။

အိုရန်စုသည် ပြောပြသည့်စကားများကို သေသေချာချာ နားထောင်နေပြီးမှ ကောက်ယဲကိုကြည့်လိုက်၏။



'ငါတို့အဖွဲ့ဟာ တရားမျှတမှုမရှိတဲ့ အဖွဲ့တစ်ခုလို့ မင်း ယူဆတယ် ဟုတ်လား'

ဟု မေးလေသည်။

ကောက်ယဲက ဘာမှမပြောဘဲ နေလိုက်သည်။

အိုရန်စုက....

'ငါ့ရဲ့အဖွဲ့သားတွေ အသတ်ခံရတဲ့ကိစ္စ မင်းမှာ အပြစ် ရှိတယ် မရှိဘူးဆိုတာ ငါဆုံးဖြတ်မယ်၊ တရားမျှတစေရ မယ်'

ပြောပြောဆိုဆို လက်ဝေယမ်းလိုက်ရာ သူ၏ လက်ထဲ ရွှေရောင်ဓားမြှောင်ငါးချောင်း ပါလာလေ၏။

အိုရန်စုက....

'ဒီဓားတွေကို တရားတဲ့ဓားလို့ အားလုံးသိကြတယ်၊ မင်းကို ငါဓားနဲ့ပစ်မယ်၊ မင်းမှာအပြစ်မရှိဘူးဆိုရင် ထိမှာ မဟုတ်ဘူး၊ အပြစ်ရှိတယ်ဆိုရင်တော့ ငါ့ရဲ့ဓားမြှောင်တွေက မင်းကို အဆုံးစီရင်လိုက်လိမ့်မယ်'

ဟု ပြောလေသည်။

ကောက်ယဲ မကျေမနပ် ဖြစ်သွားသည်။

'ဒါက....'

သူက စကား စ,မည် ကြံရုံရှိသေးသည် အိုရန်စုက လက် ကာပြပြီး ဆက်ပြောလေသည်။

'ငါ စကားမဆုံးသေးဘူး၊ ငါ့ဓားမြှောင်နဲ့ မပစ်ခင် ခုနစ်ကနေ တစ်ဆယ်အထိ ရေတွက်မယ်၊ အဲဒီလိုရေတွက်နေတဲ့

အချိန်အတွင်း မင်းလွတ်အောင် မပြေးနိုင်ဘယ်၊ တစ်ဆယ့်ပြည့်မှ ခေါင်းမြွောင်နဲ့ ငါကစ်မှာ'

ကောက်ယိက...

'ဒါ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်လား'

ဟု မေးလိုက်သည်။

အိုရန်စုက...

'ဟုတ်တယ်၊ ငါ့ရဲ့အဖွဲ့သားတွေအပေါ်မှာလဲ ငါဒီလို စီရင်ဆုံးဖြတ်ခဲ့တာချည့်ပဲ၊ အပြစ်မရှိတဲ့လူဆိုရင် ငါ့ ခေါင်းမြွောင်က ဒုက္ခပေးမှာ မဟုတ်ဘူး၊ အပြစ်ရှိမှ စီရင်မှာ၊ ကြောက်စရာမလိုပါဘူး'

'ကျုပ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ'

ကောက်ယိသည် အိုရန်စုကိုကြည့်ကာ စိတ်သဲ တစ်မျိုးတစ်မည် ဖြစ်လာလေ၏။

အိုရန်စုက...

'ဒါဖြင့် မင်းမှာ အပြစ်မရှိဘူးဆိုတာ ဆုံးဖြတ်ဖို့ ခေါင်းမြွောင်နဲ့ ငါစစ်တော့မယ်၊ မင်း ပြေးပေတော့၊ ကဲ....စပြီးရေတွက်ပြီ....တစ်'

သူ၏ရေတွက်သံထွက်ပေါ်လာလျှင် အားလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

အပြစ်ရှိသော အဖွဲ့သားများနှင့် ပတ်သက်ပြီး ဤသို့ငြင်ဆုံးဖြတ်လေ့ရှိသည်။

သူ၏ ခေါင်းမြွောင်ငါးလက်မှ လွတ်မြောက်သူမှာ အပြစ်မရှိသူဟူ၍ ဖြစ်ပေသည်။



အပြစ်ရှိလျှင်လည်း မည်သူမဆို ရှောင်လွတ်လိမ့်မည်မဟုတ်ချေ။

အဖွဲ့သားအားလုံးသည် အိုရန်စုကိုတစ်လှည့် ကောက်ယိကိုတစ်လှည့် ကြည့်နေကြတော့သည်။

'နှစ်...'

ရေရွတ်သံ ထွက်ပေါ်လာသည်။

ကောက်ယိသည် ဝေးရာသို့ ပြေးတော့မည်ဟု အားလုံး ထင်မှတ်ထားကြလေ၏။

'သုံး....လေး....'

အိုရန်စု၏ရေတွက်သံက မှန်မှန်ကြီး ထွက်ပေါ်နေ၏။

ကောက်ယိမှာ ဘုတ်တုတ်မျှပင် မလှုပ်ချေ။

စူးရှတောက်ပသော မျက်လုံးအစုံဖြင့် အိုရန်စုအား စိုက်ကြည့်နေလေသည်။

'ငါး....ခြောက်....ခုနစ်....'

ရေတွက်မှုသည် တစ်ဆယ်သို့ရောက်ဖို့ တစ်စထက်တစ်စ နီးကပ်လာသည်။

မကြာမီ...

ရေတွက်မှုပြီးဆုံးသွားပြီး အိုရန်စုက ခေါင်းမြွောင်ဖြင့် ပစ်ပေါက်တော့မည် ဖြစ်လေသည်။

အိုရန်စု၏ခေါင်းမြွောင်ကို ကောက်ယိ ရှောင်နိုင်ပါမည်လော။

လူဝ ကြီးတို့သိထားသမျှ အိုရန်စု ပစ်ပေါက်လိုက်သည့် ခေါင်းမြွောင်ကို ယခုအချိန်ထိ ရှောင်နိုင်သူ မရှိသေးပေ။

'ရှစ်....ကိုး....'

ရေတွက်သံကား အဆုံးသတ်ဖို့ တစ်စထက်တစ်စ နီးကပ်လာနေပြီဖြစ်သည်။

ယခုတိုင်....

ကောက်ယိသည် တစ်လက်မမျှ ရွေ့လျားခြင်းမပြုပဲ နေရာ၌ပင် မလှုပ်မယှက် ရပ်နေလေသည်။

'တစ်ဆယ်....'

အိုရန်စုသည် အမှတ်စဉ်တစ်ဆယ်ကို ရေရွတ်ပြီးသည်နှင့် လက်ထဲမှ ဓားမြှောင်ငါးချောင်းကို ပစ်လွှင့်လိုက်လေတော့သည်။

'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

ဓားမြှောင် ငါးချောင်းသည် ပျားပိတုန်းများပမာ ကောက်ယိထံသို့ တစ်ချောင်းပြီး တစ်ချောင်း ပစ်လွှင့်သွားလေသည်။

လူဝကြီးနှင့် အဖွဲ့သားများ သက်ပြင်း ချလိုက်ကြသည်။

ကောက်ယိ သေဆုံးသွားတော့မည်ဟု အားလုံး မှတ်ထင်ယူကြည့် ထားကြတော့သည်။

သို့သော် ...

'တောက်....တောက်....တောက်'

ဓားမြှောင် ငါးချောင်းသည် ကောက်ယိ၏ ခြေရင်းမြေပေါ်တွင် စီတန်းကာ စိုက်ဝင်သွားလေသည်။



တစ်ချောင်း တလေမျှပင် ထိမှန်ခဲ့ခြင်း မရှိပေ။

ဝန်းကျင်တစ်ခုလုံး၏ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက် နေလေသည်။

အိုရန်စု သက်ပြင်း ချလိုက်၏။

ကောက်ယိကို စိုက်ကြည့်ရင်း....

'မင်းမှာ အပြစ်မရှိဘူး'

ဟု ဆုံးဖြတ် လိုက်လေ၏။

ဤတွင်....

'ဟေး....ဟေး'

လူဝကြီးတို့ လူစု ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။

ယခု....

သူတို့အားလုံး သဘောထား ပြောင်းလဲသွားကြပြီ ဖြစ်သည်။

တိတ်တဆိတ် လုပ်ကြံမှုများနှင့် ပတ်သက်ပြီး ကောက်ယိတွင် အပြစ်မရှိကြောင်း အားလုံး တညီတညွတ်တည်း လက်ခံလိုက်ကြပြီး ကောက်ယိကို ဝိုင်းဝန်းမွေ့ဖက်ကာ ချီးကျူးဂုဏ်ပြုလိုက်ကြ လေတော့သည်။

....o....

သဲ ျ:မဲကြီး

မုန်တိုင် ကြီး အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်လာလေသည်။

ယန်ထင်တို့ လူစုသည် သစ်ပင်များကို အကာအကွယ်အတွက်ယူကာ မုန်တိုင်း အန္တရာယ်မှ ရှောင်တိမ်း ခဲ့ကြလေသည်။

သို့သော်....

မုန်တိုင်းသည် မျှော်လင့်ထားသည့်ထက်ပင် ပို၍ အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်လာသည်ဖြစ်ရာ....

'ရှီး....ရှီး....ရှီး'

'ဝုန်း....'



'ဖြောင်း....ဖြောင်း....ဖြောင်း'

အချို့ သစ်ပင်များ ထက်ပိုင်းကျိုးကုန်ပြီး အချို့ သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်လေသည်။

ရေအိုင်မှာလည်း တစ်ခဏအတွင်း သဲများဖြင့် ဖို့ပစ်လိုက်သလို ဖြစ်သွားလေတော့သည်။

ယန်ထင်တို့ လူစုသည် မကြုံစဖူးထူးကဲသော မုန်တိုင်းကြီးနှင့် ရင်ဆိုင်လိုက်ရခြင်းကြောင့် တုန်လှုပ်ချောက်ချား ကုန်ကြသည်။

သတ္တဝါ ကောင်းလှသော အာမခံ အဖွဲ့သားများသည်ပင် သွေးပျက်ကာ အထိတ်တလန့် ဖြစ်လာကြသည်။

မြင်းများကိုလည်း ကြာရှည် ထိန်းမရတော့ပါ။

'ဟီး....ဟီး....ဟီး'

မြင်းများသည် ကြောက်လန့်တကြား ရုန်းကန်ကာ ထွက်ပြေးကုန်ကြတော့၏။

'ဟော့....ဟော့'

'မပြေးနဲ့....'

ယန် ထင်၏လူတချို့သည်သွေးရူးသွေးတန်းဖြင့် မြင်းများနောက်သို့ ပြေးလိုက်သွားကြ၏။

ထိုလူများသည် မြင်းများနှင့်အတူ မုန်တိုင်းအတွင်း ကွယ်ပျောက်သွားကြတော့၏။

မုန်တိုင်းသည် နေ့ဝက်ခန့်ကြာအောင် ပြင်းထန်စွာတိုက်ခတ်ပြီး တဖြည်းဖြည်း အရှိန်လျော့ကျသွား၏။

မုန်တိုင်းစဲသွားချိန်တွင်....

....o....

မုန်တိုင်းစဲသွားပြီ ဖြစ်လေ၏။

'ပတ်ဝန်းကျင်တွင်သဲတောင်ပို့ကြီးမှာ တစ်တောင်ခန့်မြင့်တက်လာ၏။

အချို့နေရာများ၌ သဲတောင်ပို့ကြီးများ ဖြစ်နေပြီး အချို့နေရာများ၌ ချိုင့်များ ကျင်းများ ဖြစ်နေ၏။

သစ်ပင်များကား တစ်ပင်မျှမရှိတော့ပါ။

လဲကျသွားသော သစ်ပင်များသည်လည်း သဲများ ဖုံးလွှမ်းခြင်းခံရကာ မြင်ကွင်းမှ ကွယ်ပျောက်နေပြီ ဖြစ်ပါသည်။



ရေကန်မှာလည်း သဲများဖြင့် ဖို့လိုက်သလို ဖြစ်သွားလေသည်။

ယန်ထင်တို့ လူစုသည်....

'အား....ကျွတ် ကျွတ်....'

ညည်းညူသံနှင့်အတူ သဲပြင်ထဲမှ ခေါင်းတစ်လုံး ထွက်ပေါ်လာ၏။

မြားဝိဇ္ဇာထင်ကျန်ဖြစ်၏။

ထင်ကျန်သည် သဲပြင်ထဲတွင် လက်ဖြင့် ယက်ကာစမ်းလိုက်ရာ လေးနှင့် မြားကျည်တောက် ထွက်ပေါ်လာလေသည်။

ထင်ကျန် လေးနှင့်မြားကို ပခုံးပေါ် လွယ်လိုက်၏။

ထို့နောက်....

မတ်တတ်ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မလှမ်းမကမ်း တစ်နေရာ၌ လဲကျနေသူ တစ်ယောက်ကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာသွား၏။

'ဆရာ ယန်ထင်'

ချက်ချင်းပင် ပြေးသွားလိုက်၏။

ယန်ထင်ကလည်း လူးလိမ့်ထလိုက်ပါ၏။

မုန်တိုင်းဒဏ်ကို ခံလိုက်ရခြင်းကြောင့် အသားများ စပ်ဖျဉ်းဖျဉ်း ဖြစ်နေပါသည်။

မျက်လုံးထဲ၊ နားထဲ၊ နှာခေါင်းထဲ သဲများဝင်နေသဖြင့် မနည်းကော်ထုတ်ပစ်ရ၏။

'ထို.... အတော်ဆိုးဝါးတာပဲကွ'

ယန်ထင်က ဒေါသတကြီး ရေရွတ်လိုက်၏။

ထင်ကျန် ပြုံးလိုက်မိ၏။

'ကန္တာရထဲမှာ မုန်တိုင်းထက် ဆိုးတာတွေ ရှိသေးတယ် ဆရာ'

ဟု ပြောလိုက်၏။

ယန်ထင်က...

'ဟေ့.... ငါဘာမှဂရုမစိုက်ဘူးကွ၊ သရဲမျက်နှာနောက်ကို ငါဆက်လိုက်မှာပဲ'

ဟု အော်ပြောသည်။

ထင်ကျန်က....

'ဆရာ'

'မင်း ဘာပြောချင်သလဲ'

'ကျွန်တော်တို့လူတွေ မရှိတော့သလောက်ဘဲ'

'တော့....ငါဂရုမစိုက်ဘူးကွ'

ယန်ထင်သည် ဒေါသတကြီးအော်လိုက်ပြီးလျှင်....

'အခု မင်းနဲ့ငါ နှစ်ယောက်ရှိနေသေးဘာပဲ၊ ဆက်လိုက်ကြမယ်'

ဟု ပြောလေ၏။

ထိုစဉ်...

'ကျုပ်တို့ ရှိပါသေးတယ်ဗျာ'



စကားသံ ထွက်ပေါ်လာလေသည်။

ယန်ထင်နှင့် ထင်ကျန်တို့ ကြည့်လိုက်ကြသောအခါ သဲပြင်ထဲမှ လူနှစ်ယောက် လူးလိမ့်ထလာကြသည်ကို တွေ့မြင်လိုက်ရလေ၏။

နတ်ပန်းဒေဝီစွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့ ဖြစ်ကြပေ၏။

ယန်ထင်က....

'ခင်ဗျားတို့ရှိသေးတော့ ပိုကောင်းတာပေါ့'

ဟု ပြောလိုက်၏။

စွန်ထုံက....

'ကျုပ်တို့လေးယောက် ရှိနေမှတော့ ရွှေဒင်္ဂါးတွေ ပြန်မရစရာ အကြောင်းမရှိပါဘူးဗျာ'

'ဟုတ်တယ်၊ ကျုပ်တို့ ဆက်ပြီးလိုက်ကြမယ်'

'သွားတာပေါ့'

လေးယောက်သား ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ကြ၏။

သဲကန္တာရမှာ ပကတိ အေးချမ်း ငြိမ်သက်နေပါသည်။ ဘာတစ်ခုမှ မဖြစ်ခဲ့သည့်အလား သဘာဝတရားသည် ဟန်ဆောင်ကောင်းလှပေတော့၏။

ယန်ထင်က အရပ်လေးမျက်နှာကို တွက်ချက်ကာ အရှေ့ဘက်သို့ ညွှန်ပြရင်း....

'ဒီဘက်ကို သွားမယ်'

ဟု ပြောကာ ရှေ့ဆုံးမှ လှမ်းထွက်သွား၏။

ထင်ကျန်၊ စွန်ထုံ နှင့် စွာကျဝ့်တို့လည်း ဘာမှမပြောဘဲ လိုက်ပါသွားကြလေ၏။

လေးယောက်သား ဝါးတစ်ရိုက်ခန့် သွားမိကြလျှင်....

'ဟီး....ဖီး....ဟီး'

မြင်းဟီးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟာ....မြင်းဟီးသံတွေဟေ့'

ယန်ထင်က ဝမ်းသာအားရ အော်ပြောလိုက်၏။

မြင်းဟီးသံ ထွက်ပေါ်လာရာဆီသို့ အားလုံး ကြည့်လိုက်ကြလေ၏။

ထိုအခါ လူငါးယောက်သည် မြင်းများဆွဲကာ လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

ယန်ထင်၏လူများ ဖြစ်ပါသည်။

သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြသော်လည်း အသက်မသေဘဲ ကံကောင်းထောက်မပြီး လွတ်မြောက်လာကြသူများ ဖြစ်လေသည်။

လူများသာမက မြင်း ဆယ့်လေးငါးကောင်ကိုပါ ဆွဲလာကြသဖြင့် ယန်ထင်တို့အတွက် အဆင်ပြေသွားလေတော့သည်။



ယန်ထင်က....

'ကျန်တဲ့လူတွေကောဗျ'

ဟု လှမ်းမေးလိုက်သည်။

တစ်ယောက်က....

'မတွေ့ဘူး ဆရာယန်ထင်၊ ကျွန်တော်တို့ငါးယောက်ပဲ ပြန်ဆုံမိကြတာ'

ဟု ပြောပြ၏။

ယန်ထင် သက်ပြင်းချလိုက်သည်။

ကျန်နေသေးသော သူ၏လူများ၏ ကံကြမ္မာ ဆိုးဝါးသွားပြီ ဖြစ်ကြောင်း နားလည် သဘောပေါက်လိုက်မိ၍ ဖြစ်ပေသည်။

မည်သို့ဆိုစေ....

အသက်ဘေးမှ လွတ်မြောက်လာကြသူများသည် မြင်းများ ဆွဲလာကြသဖြင့်....

'ကဲ....ရှိတဲ့လူနဲ့ပဲ ဆက်သွားကြမယ်'

ဟု အမိန့်ပေးလိုက်လေ၏။

မြင်းဆွဲလာသူများက သူတို့စီးနင်းရန် မြင်းလေးကောင်ကို ပေးပြီး ပိုနေသောမြင်းများကို လွှတ်ပေးလိုက်ကြတော့သည်။

'ဟီး....ဟီး....ဟီး'

လှိုင်ဝါဝေ
အမှတ် ၁၉ ၁၃၈၊ ဗိုလ်...
တောင် ၄ ...
ဖုန်း ၂၁၇၅၅

မြင်းများမှာ ရှည်လျားစွာ ဟီလိုက်ကြပြီး ခြေဦးတည့်ရာ ပြေးလွှားသွားကြလေတော့သည်။

ယန်ထင်နှင့်ကျန်လူများလည်း မြင်းကိုယ်စီနှင့် ခရီးပြင်းနှင်သွားကြလေတော့သည်။

....၁....

နေဝန်းနီမှာ အနောက်ဘက်သို့ နိမ့်ဆင်းစပြုနေပြီ ဖြစ်သည်။

သဲပြင်တစ်ခုလုံးကား ခြစ်ခြစ်တောက် ပူလောင်နေဆဲ။

ယန်ထင်တို့လူစုသည် အပူဒဏ်ကိုအမှုမထားဘဲ ခရီးပြင်းနှင်နေကြလေသည်။

တစ်နေ့ထုံး ခရီးပြင်းနှင်လာခဲ့ကြရာမှ....

'ဟိုမှာကြည့်စမ်း'

သံမဏိလက်သည်းစွန်ထုံက တစ်နေရာဆီသို့ညွှန်ကာပြော လိုက်လေ၏။



သူညွှန်ပြသည့်နေရာကို အားလုံး တွေ့မြင်ထားကြပြီ ဖြစ်လေသည်။

သစ်ပင်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော မြို့ပျက်ကြီး ဖြစ်လေသည်။

ယန်ထင် ဝမ်းသာသွား၏။

'ရှေ့ကသွားတဲ့လူတွေ ဒီနေရာမှာ တစ်ထောက်နားသွားနိုင်တယ်၊ သွားကြည့်ရအောင်'

ဟု အော်ပြောကာ ရှေ့ဆုံးမှ မြင်းကို ဒုန်းစိုင်းနှင်သွားလေသည်။

ကျန်လူများလည်း ထက်ကြပ်မကွာ လိုက်ပါသွားကြလေသည်။

မကြာပါချေ။

သူတို့လူစုသည် မြို့ပျက်ကြီးအနီးသို့ ရောက်သွားကြလေသည်။

အားလုံးလိုလို မြင်းကို အရှိန်လျှော့လိုက်ကြ၏။

မြို့ပျက်ကြီးတွင် အန္တရာယ်နှင့် ရင်ဆိုင်ကောင်း ရင်ဆိုင်ရနိုင်ကြောင်း သဘောပေါက်ထားကြခြင်းကြောင့် ဖြစ်လေသည်။

လက်နက်များကိုဆွဲကာ ရင်ဆိုင်တိုက်ခိုက်နိုင်အောင်လည်း အသင့်ပြင်ထားလိုက်ကြ၏။

ထို့နောက်....

မြို့ပျက်ကြီးအတွင်းသို့ သတိကြီးစွာထား၍ဝင်ရောက်သွားကြလေသည်။

လင်းစာပေ
စာမျက် ၁၅/၁၃၈၊ ၆ ဝေမီ

မြို့ပျက်ထဲဝင်မိသည်နှင့်....

'မြေပုံတစ်ခုပါလား'

ယန်ထင်က မြေပေါ်ကိုညွှန်ပြကာ ပြောလိုက်၏။

မှန်ပေသည်။

သဲမြေပြင်တစ်နေရာတွင် မြေပုံတစ်ခုရှိနေ၏။

တစ်ခုခု ထူးခြားနေပြီဖြစ်ကြောင်း အားလုံး သဘော ပေါက်လိုက်ကြလေ၏။

ရှေ့ဆက်သွားကြရာ နောက်ထပ်မြေပုံတစ်ခုကို တွေ့မြင် လိုက်ကြရပြန်လေသည်။

ယန်ထင်၊ ထင်ကျန်၊ စွန်ထု နှင့်စွာကျုပ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ယန်ထင်က....

'ထင်ကျန်....အခြေအနေသွားကြည့်စမ်း'

ဟု အမိန့်ပေးလိုက်သည်။

'ကောင်းပါပြီဆရာ'

ထင်ကျန်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး လျင်မြန်စွာ ပြေးလွှားသွားလေ၏။

ယန်ထင်တို့က အခြေအနေစောင့်ကြည့်ရင်း နေရစ်ခဲ့ကြ လေ၏။

ထင်ကျန်သည် ခဏအတွင်း မြင်ကွင်းမှ ကွယ်ပျောက် သွား၏။

သို့သော်....

တစ်ခဏအတွင်းမှာပင် ပြန်လည်ရောက်ရှိလာလေ၏။



ယန်ထင်က....

'ဘယ်လိုလဲဟေ့'

ဟု ဆီးကြို မေးလိုက်သည်။

ထင်ကျန်က....

'လူတစ်စု ဒီနေရာမှာ ရပ်နားသွားကြပါတယ် ဆရာ၊ ဒါပေမယ့် အခုမရှိတော့ပါဘူး၊ ထွက်သွားကြပါပြီ'

ယန်ထင်က....

'ဘယ်ကို သွားတာလဲ'

'မြောက်ဘက်စူးစူးကို သွားပါတယ်'

ယန်ထင် မျက်မှောင်ကုတ်သွားသည်။

အတန်ကြာ တွေးတောစဉ်းစားလိုက်ပြီးမှ....

'ဒါဆို တိဗက်နယ်မြေထဲကိုဦးတည်သွားနေကြတာပဲ'

ဟု မှတ်ချက်ချလိုက်မိ၏။

ထင်ကျန်က....

'သရဲမျက်နှာဟာ တိဗက်မျိုးနွယ်ဝင် တစ်ယောက်ဖြစ်ပါ တယ်၊ ခရီးသွားတွေဟာ သရဲမျက်နှာရဲ့ လူတွေပဲ ဖြစ်နိုင်ပါ တယ်'

ဟု ဝင်ပြော၏။

ယန်ထင်က....

'အာမခံပစ္စည်းတွေပြန်ရဖို့ဆိုရင် ရေပြည်ထိတောင်လိုက် ရမှာပဲ၊ ကဲ....သွားစို့'

သူတို့သည် မြို့ပျက်အတွင်းမှ ဖြတ်ကာ မြောက်စူးစူးသို့ ဦးတည်သွားရန် ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်....

'ဝှစ်....ဝှစ်....ဝှစ်'

လေတိုးသံများ ထွက်ပေါ်လာ၏။

လက်နက်ပုန်းများ ဟိုမှသည်မှ ပစ်လွှင့်လာသည်။

'ဟင်....'

'ဟာ....'

ယန်ထင်တို့ အထိတ်တလန့်ဖြစ်သွားကြသည်။

ထင်ကျန် သတိပြန်ဝင်လာပြီး....

'သတိထား....ရန်သူ'

ဟု အော်ဟစ်သတိပေးလိုက်၏။

ယန်ထင်တို့ လူစုမှာ ချက်ချင်း စုစုရုံးရုံး ဖြစ်သွားကြသည်။

ရန်သူနောက်လိုက်ရင်း ရန်သူနှင့် ရင်ဆိုင်တိုးလိုက်ရပြီဖြစ်သည်။

.... ၁ ....



'ဝှစ်....ဝှစ်....ဝှစ်'

စူးရှသောလေတိုးသံနှင့်အတူ လက်နက်ပုန်းများ တရစပ် ပစ်လွှင့်လာသည်။

သို့သော်....

လက်နက်ပုန်းများသည် သဲပြင်ထဲသို့ စိုက်ဝင်သွားကြပြီး ယန်ထင်တို့လူစုအား ထိမှန်ခြင်း မရှိချေ။

ပစ်ခတ်သူများကလည်း တကယ် ပစ်ခတ်တိုက်ခိုက်ခြင်း မဟုတ်ဘဲ ခြောက်လှန့်ပစ်ခတ်ခြင်း ဖြစ်ကြောင်း ထင်ရှားပေသည်။

ယန်ထင်တို့လူစုသည် မြင်းပေါ်မှ လွှားခနဲ လွှားခနဲ ခုန်ဆင်းလိုက်ကြပြီး မြင်းများဖြင့် အကာအကွယ် ယူထားလိုက်ကြသည်။

ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သောအခါ ဟိုမှသည်မှ လူရိပ်များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထွက်ပေါ်လာသူများသည် ယန်ထင်တို့အား ပတ်ပတ်လည်မှ ဝိုင်းရံနေရာယူထားလိုက်ကြ၏။

ယန်ထင်က ထင်ကျန်ကိုကြည့်ကာ....

'သူတို့ ထွက်မသွားသေးဘူးကွ၊ မင်း အလှည့်စားခံလိုက်ရပြီ'

ဟု ပြောသည်။

ထင်ကျန် မကျေမနပ်ဖြစ်သွားသည်။

'ကျွန်တော်တို့ လိုက်ရှာစရာ မလိုတော့ဘူးပေါ့'

ဟု ပြန်ပြောလိုက်၏။

ယန်ထင်က ...

'ဒါလဲဟုတ်တာပဲ'

ရန်သူကိုရင်ဆိုင်ရန် အသင့် ပြင်ထားလိုက်လေသည်။

ရန်သူများသည် သူတို့အား အထပ်ထပ် ဝိုင်းရံထားလိုက်ကြသည်။

စုစုပေါင်း လူသုံးဆယ်ကျော် လေးဆယ်နီးပါး ရှိလေသည်။

ယန်ထင်က ရှေ့သို့လှမ်းထွက်လိုက်ပြီး....

'သရဲမျက်နှာ ထွက်လာခဲ့ပါ'

ဟု အော်ပြောလိုက်သည်။

အတွင်းအားကို အသုံးပြု၍ အော်ပြောလိုက်သည်ဖြစ်ရာ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

စွာကျင့်နှင့် စွန်ထုံ တို့သည် ယန်ထင်၏ အတွင်းအားပညာကို ချီးကျူးမိလိုက် ကြလေသည်။

ယန်ထင်၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ပြိုပျက်နေသော အဆောက်အအုံများကြားမှ လူတစ်ယောက် ထွက်ပေါ် လာလေတော့သည်။



ယန်ထင်တို့အားလုံး ထိုလူကို အကဲခတ် ကြည့်လိုက်ကြလေသည်။

ထိုလူမှာ အသက် ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်ဖြစ်ပါသည်။

တည်ကြည် ခံ့ညားသည့် အသွင်ရှိသူလည်း ဖြစ်လေသည်။

ထင်ကျန်က....

'သရဲမျက်နှာဟာ တစ္ဆေသရဲတစ်ကောင်လို ကြောက်စရာကောင်းအောင် အရုပ်ဆိုး အကျည်းတန်တယ်လို့ ပြောကြတယ်'

ဟု တီးတိုး ရေရွတ်လိုက်လေ၏။

ထင်ကျန်၏ စကားအတိုင်းဆိုလျှင် ထွက်လာသည့် အဘိုးအိုမှာ သရဲမျက်နှာ မဖြစ်နိုင်ဟုတွေးကာ စွာကျင့်တို့ ဇဝေဇဝါ ဖြစ်သွားကြတော့၏။

ထို အဘိုးအိုမှာ ခရီးသွား ကုန်သည်များ၏ ခေါင်းဆောင် အိုရန်စု ဖြစ်ပါသည်။

အိုရန်စုက ..

'ခင်တို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါတို့နောက်ကို လိုက်နေရတာလဲ'

ဟု မေးလိုက်လေသည်။

ယန်ထင်က အိုရန်စုနှင့် ရင်ဆိုင်လိုက်၏။

‘ကျုပ်တို့ ဘယ်သူ ဘယ်ဝါဆိုတာထက် ခင်ဗျားဟာ သရဲမျက်နှာ ဟုတ်မဟုတ် အရင်ပြောပါ’

ဟု ပြန်မေးလိုက်လေ၏။

အိုရန်စုက....

‘ကျုပ်မျက်နှာဟာ သရဲမျက်နှာနဲ့ တူနေလို့လား’

ယန်ထင် ငိုင်သွားသည်။

သို့သော်....

‘ကျုပ်တို့ ရွှေတာရိဂ အာမခံဌာနက သယ်ဆောင်လာတဲ့ ရွှေဒင်္ဂါးတွေ လုယက် ခံလိုက်ရတယ်၊ ကန္တာရထဲမှာ ကျက်စားနေတဲ့ သရဲမျက်နှာရဲ့ လက်ချက်ပဲ၊ ကျုပ်တို့က သရဲမျက်နှာကို လိုက်ရှာနေကြတာ၊ မသင်္ကာစရာ ကောင်းတာဆိုလို့ ခင်ဗျားတို့လူစုပဲ ရှိတယ်’

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

‘ဟား....ဟား....ဟား....’

အိုရန်စု ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ....

‘ကျုပ်တို့ လူစုကို မသင်္ကာဘူးတဲ့လား၊ ကျုပ်တို့ဟာ ကန္တာရကိုဖြတ်သန်းပြီး ကူးသန်းရောင်းဝယ်နေတဲ့ ကုန်သည်တွေဆိုတာ လူတိုင်း သိကြတယ်’

ဟု ပြောလိုက်သည်။



ယန်ထင်က....

‘လူဆိုးဓားပြတွေဟာ ကုန်သည်တွေ ဟန်ဆောင်နေလို့လဲ ရတာပဲ’

‘ဪ....ဒီလိုကိုး’

‘ဟုတ်တယ်၊ ကုန်သည်တွေက သိုင်းပညာ တတ်မြောက်ထားကြတယ်ဆိုတာ၊ ဘယ်လိုနည်းနဲ့မှ သဘာဝ မကျနိုင်ဘူး’

ယန်ထင်က အချက်ကျကျ ပြောလိုက်ခြင်း ဖြစ်ပေသည်။

အိုရန်စုက....

‘ကန္တာရထဲကို အခုမင်းတို့ ရောက်လာကြပြီ မဟုတ်လား၊ အခြေအနေ ဘယ်လို ရှိတယ်ဆိုတာ မြင်မှာပေါ့၊ ကျုပ်တို့ လူစုဟာ သဘာဝ ဘေးအန္တရာယ်တွေကော၊ လူဆိုးဓားပြရန်ကပါ ကာကွယ်နိုင်အောင် သိုင်းပညာ လေ့ကျင့်ထားရတယ်၊ ဒါကြောင့် သိုင်းပညာ တတ်မြောက်ထားတာ ဘာမှ မဆန်းပါဘူး’

ဟု ရှင်းပြလိုက်သည်။

ယန်ထင်က လက်မခံပါ။

‘ခင်ဗျား ဘယ်လိုပဲငြင်းချက်ထုတ်ထုတ် ကျုပ်တော့ အယုံအကြည်မရှိဘူး၊ ခင်ဗျားတို့ဟာ သရဲမျက်နှာ ဦးဆောင်တဲ့ ဓားပြအဖွဲ့အစည်းပဲ ဖြစ်ရမယ်’

ဟု ပြောလေသည်။

အိုရန်စု၏မျက်နှာ ခက်ထန်တင်းမာသွားသည်။

'ကျုပ်တို့ကို ရန်ပြုမယ်ဆိုရင် ကျုပ်တို့ကခေါင်းငုံ့ခံနေမှာ မဟုတ်ဘူး၊ ရန်ပြုဖို့အခွင့်အရေးလဲ ပေးမှာမဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

'ဟား....ဟား....ဘား'

ယန်ထင် ရယ်မောလိုက်သည်။

'ကျုပ်ကသဲ အာမခံပစ္စည်းတွေ ပြန်မရဘဲ ဘယ်တော့မှ လက်မလျှော့ဘူး'

ဟု ပြောကာ သက်ဝေ ယမ်းပြလိုက်လေသည်။

ဤတွင်....

'ယား....'

သူ၏ တပည့်င်ါးယောက်သည် ပြာသံပေးကာ ရှေ့သို့ ခုန်ထွက်သာကြပြီး အိုရန်စုအား တိုက်ခိုက်လိုက်ကြလေတော့သည်။

....၀....



'ယား...'

ယန်ထင်က ပြာသံပေးကာ တိုက်ခိုက်လိုက်လေသည်။

ထိုအခါ....

'တိုက်ကြ'

အိုရန်စု၏လူများသည်လည်း လက်နက်ကိုယ်စီဖြင့် ပြေးဝင်လာကြပြီး တိုက်ခိုက်လိုက်ကြလေသည်။

ရှုတ်ခြည်းပင် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

အိုရန်စုက နောက်ဆုတ်လိုက်သည်။

ယန်ထင်ကလည်း နောက်ဆုတ်လိုက်လေသည်။

သူတို့သည် ငယ်သားများ ယှဉ်ပြိုင် တိုက်ခိုက်နေကြသည်ကို အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

'ဝုန်း....'

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ် လာလေသည်။

ယန်ထင်၏လူတစ်ယောက်မှာ မြေပေါ် ဘိုင်းခနဲ လဲကျသွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

အိုရန်စု၏ လူနှစ်ယောက် သုံးယောက်လည်း လဲကျသွားကြလေသည်။

အိုရန်စု မျက်နှာပျက်သွားသည်။

ယန်ထင်၏ လူတစ်ယောက်သည် သူ၏ လူသုံးယောက်ကို ရင်ဆိုင်နိုင်သည်ဆိုလျှင် ငါးယောက်ရှိနေသဖြင့် မိမိလူ ထက်ဝက်ခန့် ကျဆုံးသွားနိုင်ကြောင်း ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့်....

'နောက်ဆုတ်လိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်လေသည်။

သူ၏လူများ ချက်ချင်း နောက်ဆုတ်လိုက်ကြသည့်တိုင် နှစ်ယောက်မှာ ယန်ထင်၏ လူများ၏လက်ချက် မိသွားသေးသည်။

'အား....'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများနှင့်အတူ လဲကျသွားကြလေသည်။

အိုရန်စု ဒေါပွသွားသည်။
'သေပေတော့'
ပြေးဝင်တိုက်ခိုက်ရန် ပြင်လိုက်သည်။



'ရပ်လိုက်'

ယန်ထင်က ရှေ့သို့ခုန်ထွက်လာပြီး ဟန့်တားလိုက်လေသည်။

ဤတွင်....

အိုရန်စုနှင့် ယန်ထင်တို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြတော့သည်။

....o....

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

အိုရန်စုနှင့် ယန်ထင်တို့ လက်ဝါးချင်းရိုက်လိုက်ပြီး ပြိုင်တူ နောက်ဆုတ်လိုက်ကြရလေသည်။
ယန်ထင်က....

'ခင်ဗျား ဘယ်ဆိုးလို့လဲ၊ ကုန်သည်တစ်ယောက်ဟာ ထိုပ်တန်းသိုင်းပညာ တတ်မြောက်ထားတာ အံ့ဩစရာပဲ၊ ကျုပ်ကတော့ ခင်ဗျားကို ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်တော့ဘူး၊ သတိသာထားပေတော့'

ဟု ကြုံးဝါးကာ ထပ်မံ တိုက်ခိုက်လိုက်လေသည်။

ဝ အိုရန်စုကလည်း လက်ဝါးနှစ်ဘက်တွင် အတွင်းအားထိုးကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဒေါ်နှစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေသည်ကို မြင်လျှင် စွာကျင့်က....

'ကျွန်မတို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား'

ဟု ပြောလေသည်။

စွန်ထုံကြ....

'ဘယ်ဖြစ်မလဲ၊ ကျုပ်တို့က ဓားမြတွေကို ခြေရာခံမိထားပြီဆိုတော့ ဆုံးမဖို့ပဲ ရှိတော့တာပေါ့'

ဟု ပြောလိုက်သည်။

ထို့နောက်....

'ယား....'

'သေပေတော့'

ငြာသံပေးကာ အိုရန်စု၏လူများကို ပြေးဝင် တိုက်ခိုက်လိုက်သည်။



ယန်ထင်၏လူများကလည်း လက်မနှေးကြချေ။

မြားဝိဇ္ဇာထင်ကျန်၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ တိုက်ခိုက်ကြ၏။

အိုရန်စု၏လူများကလည်း ဝိုင်းဝန်း တိုက်ခိုက်ကြသောအခါ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

....ဝ....

လျှို့ဝှက်ချက်

‘ဝုန်း...’

‘အား...’

‘အမယ်လေး’

ဓူးရှသော အော်ဟစ်သံများ ထွက်ပေါ် လာလေသည်။

အိုရန်စုတို့လူစုနှင့် ယန်ထင်တို့လူစုသည် တစ်ဘက်နှင့် တစ်ဘက် ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

ယန်ထင်တို့သည် လူနည်းသော်လည်း သိုင်းပညာ ထက်မြက်ကြလေသည်။

ထို့ကြောင့် အိုရန်စုတို့လူစုမှာ လူများသော်လည်း အနိုင်ရနိုင်ကြချေ။



အိုရန်စုသည် ယန်ထင်နှင့် ရင်ဆိုင်ရာတွင် အနိုင်မယူနိုင်ဘဲ ဖြစ်နေသည်။

သူ၏လူများအတွက် စိတ်ပူလာလေသည်။

ထိုအချိန်တွင်....

‘သေပေတော့’

မြားဝိဇ္ဇာထင်ကျန်က အော်ဟေါက်ရင်း လေးမြား ထုတ်ကာ ပစ်ခတ်လိုက်လျှင်....

‘ဝှစ်... ဝှစ်....ဝှစ်’

မြားတံများသည် တရစပ် ပစ်လွှင့်သွားပြီး အိုရန်စု၏လူများအား ထိမှန်သွားလေသည်။

‘အမယ်လေး’

‘သေပါပြီဗျာ’

‘အား...’

အိုရန်စု၏လူများသည် စူးရှစွာအော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

အိုရန်စု ဒေါပွသွားလေသည်။

ထိုအချိန်မှာပင်....

‘ဘယ်ပြေးမလဲ’

'သေဖို့ဖြင်ထား'

ထိပ်တန်းသိုင်းသမားနှစ်ယောက်ဖြစ်သော နတ်ပန်းဒေဝီ မှာကျင့်နှင့် သံမဏိသက်သည်းထု စွန်တို့ကတရကြမ်းတိုက်ခိုက် လိုက်ကြပြန်သောအခါ....

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

အိုရန်စု၏ လူများသည် မယှဉ်နိုင်ဘဲ လဲကျသွားကြပြန် လေသည်။

'ဟား....ဟား....ဟား'

ယန်ထင် သဘောကျစွာ ရယ်မောလိုက်၏။

အိုရန်စုကိုကြည့်ရင်း....

'ဘယ်သိုလဲ ခင်ဗျားလူတွေ မဟန်တော့ဘူး၊ ခင်ဗျားလဲ ကြာကြာခံမှာ မဟုတ်ဘူး'

ဟု ပြောကာ ပြင်းထန်စွာ ဖိ၍ တိုက်ခိုက်လိုက်လေ သည်။

အိုရန်စုက....

'ဘယ်သူခံနိုင်မှာလဲ စောင့်ကြည့်ပါဦး'

ဟုပြောကာ ပြန်သည်တိုက်ခိုက်လိုက်၏။



နှစ်ယောက်သား သူတစ်ပြန် ကိုယ်တစ်ပြန် သဲကြီးမဲကြီး တိုက်ခိုက်နေကြတော့သည်။

.... ၁ ....

တိုက်ပွဲမှာ တစ်စထက်တစ်စပြင်းထန်လာ၏။

အိုရန်စု၏လူများသည် သိုင်းပညာတတ်မြောက်ထားသလို အတွေ့အကြုံ ရှိထားကြပါသည်။

သို့သော်....

ယန်ထင်တို့ကဲ့သို့ ထိပ်သီး သိုင်းအကျော်အမော်များနှင့် ထင်ကျန် ကဲ့သို့ လက်ရွေးစင်များနှင့် ရင်ဆိုင်လိုက်ရသော အခါ တစ်စတစ်စ အရေးနိမ့်လာတော့သည်။

အိုရန်စုသည် သူ၏လူများ အခြေအနေ မဟန်သည်ကို မြင်လျှင် တိုက်ခိုက်နေရာမှ ရုတ်ခြည်း နောက်သို့ ခုန်ဆုတ် လိုက်ပြီး....

'သွားစမ်း'

ဟု အော်ငေါက်ကာ လက်ဝေ့ယမ်းလိုက်၏။

စူးရှတောက်ပသော ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။

ရွှေဓားမြှောင် ငါးလက်သည် ထင်ကျန်တို့ထံသို့ တစ်ရှိန်ထိုး ပစ်လွင့်သွားတော့သည်။

ထင်ကျန် ရင်ထိတ်သွား၏။

'နောက်ဆုတ်ကြ'

သူ၏လူများကို အော်ဟစ် သတိပေးကာ ကပျာကသာ နောက်သို့ခုန်ဆုတ်လိုက်လေသည်။

အာမခံအဖွဲ့မှ ကျန်ရစ်နေသေးသည့် လက်ရွေးစင်အဖွဲ့သားလေးယောက်သည်လည်း ချက်ချင်း နောက်ဆုတ်ရှောင်တိမ်းရန် ဟန်ပြင်လိုက်ကြ၏။

သို့သော်....

ရွှေဓားမြှောင်လေးများ ပစ်လွင့်လာပုံမှာ အသွန်သျှင်မြန်နေသည် ဖြစ်ရကား လွတ်အောင် မရှောင်နိုင်ကြတော့ပါ။

'အား....'

'အွန်း....'

'အမယ်လေး....'

သုံးယောက်မှာ ဓားမြှောင်ထိကာ ပုံလျက်သား သဲကျသွားကြတော့သည်။



ထိုအဖြစ်အပျက်ကိုမြင်လျှင်....

'အောက်....'

ယန်ထင်က ခံပြင်းစွာ တက်ခေါက်လိုက်၏။

တဆက်တည်းပင်....

'သိကြသေးတာပေါ့ကွာ'

ကြုံးဝါးရင်း အိုရန်စုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေ၏။

စွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုတို့က....

'ဓားပြခေါင်းဆောင်ကို သွားဖမ်းကြရအောင်'

'ကောင်းတယ်'

ဟု ပြောကာ နှစ်ယောက်သား ပြိုင်တူ ခုန်ဝင်သွားကြလေသည်။

သူတို့သည် ငယ်သားများထက် အိုရန်စုက ပိုပြီးအရေးပါကြောင်း သဘောပေါက်သွားကြပြီ ဖြစ်သည်။

အိုရန်စုအား ဖမ်းဆီးနိုင်မည်ဆိုလျှင် ငယ်သားများမှာ သက်မဲ့အရုပ်များသဖွယ် ဖြစ်သွားပေလိမ့်မည်။

အာမခံပစ္စည်းများ ပြန်ရနိုင်ပေမည်။

ထိုသို့တွက်ဆမိသဖြင့် အိုရန်စုထံ ခုန်ဝင်လိုက်ကြခြင်းဖြစ်လေသည်။

အိုရန်စုမှာ ယန်ထင်နှင့်ရင်ဆိုင်နေရသည့်ကြားထဲ စွာကျင့်နှင့် စွန်ထုတို့ ရောက်လာသဖြင့် အခက်ကြုံသွားလေ၏။

ငယ်သားများက သူ့အားကူညီရန် ကြိုးစားကြပါသော်လည်း မြားဝိဇ္ဇာ ထင်ကျန် ဟန့်တားထားခြင်းကြောင့် ရှေ့မတိုးလာကြတော့ချေ။

အရဲစွန့်ကာ ရှေ့တိုးသွားကြသူများသည်....

'ဝှစ်....'

'အား....'

ထင်ကျန်၏ မြားချက်ထိကာ လဲကျသွားရတော့၏။

တိုက်ပွဲ၏အခြေအနေသည် တစ်စထက်တစ်စ အဖြေပေါ်လာသည်။

အိုရန်စုတို့လူစုသည် အရေးနိမ့်လာပြီး ယန်ထင်တို့လူစုက အသာစီးရလာသည်။

ယန်ထင်၊ စွာကျင့်နှင့်စွန်ထုံ တို့၏ဝိုင်းရံတိုက်ခိုက်မှုကြောင့် အိုရန်စု ဘေးကြပ်နံကြပ် ဖြစ်လာလေတော့၏။

ထိုအချိန်မှာပင်....

....o....



အိုရန်စု ဘေးကြပ်နံကြပ် ဖြစ်နေလေသည်။

ထိုအချိန်တွင်....

'ရပ်လိုက်ကြပါဗျာ'

ဟန့်တားသံနှင့် အတူ လူတစ်ယောက် ခုန်ဝင်လာလေသည်။

ထိုလူ ခုန်ဝင်လာသည်နှင့်...

'ဝုန်း....'

'ဝုန်း....'

စွာကျင့်နှင့် သံမဏိလက်သည်း စွန်ထုံတို့ နောက်ဆုတ်သွားကြရလေတော့သည်။

ယန်ထင် ရင်ထိတ်သွားပြီး ဆက်၍တိုက်ခိုက်ခြင်း မပြုဝံ့ဘဲ နောက်ဆုတ်လိုက်လေ၏။

အိုရန်စု ယခုမှ သက်သာရာရသွား၏။

ဝင်ရောက်ကူညီလာသူကိုမြင်လျှင်....

'ဩော်....မင်းကိုး'

ဟု ရေရွတ်လိုက်လေသည်။

ဝင်ရောက်ကူညီလာသူမှာ ကောက်ယိ ဖြစ်ပါသည်။

ယန်ထင်သည် ကောက်ယိကိုကြည့်ကာ....

'မင်းပြောသာ မဆိုးဘူး၊ ငါ့လက်ဝါးကို မြည်းစမ်းကြည့်ပါဦး'

ဟု ပြောကာ လက်ဝါးတွင် အတွင်းအားထည့်ကာ ရိုက်ထုတ်လိုက်လေသည်။

အိုရန်စု ရင်ထိတ်သွား၏။

'သတိထား'

ကပျာကယာ အော်ဟစ်သတိပေးလိုက်လေသည်။

သို့သော်....

ကောက်ယိသည် ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ ခါးမှ ဓားကို ဆွဲထုတ်ကာ ယန်ထင်၏လက်ကောက်ဝတ်ကိုခုတ်ချပစ်လိုက်လေသည်။

'ဟင်...'

ယန်ထင် ရင်ထိတ် သွား၏။

သူ၏လက်ဝါးရိုက်ချက်ကြောင့် ကောက်ယိဒုက္ခမရောက်မီ ကောက်ယိ၏ ဓားခုတ်ချက်ကြောင့် သူသာ ဒုက္ခိတဘဝ ရောက်သွားနိုင်သည်ဟု ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် လက်ကိုရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်ရ၏။

အိုရန်စုံ ဝမ်းသာသွားသည်။

ကောက်ယိသည် ယန်ထင်အား ကောင်းစွာ ရင်ဆိုင်နိုင်ကြောင်း နားလည်သဘောပေါက်သွားလေသည်။

ထိုအချိန်တွင် အခြေအနေ ကြည့်နေသော မြားဝိဇ္ဇာ ထင်ကျန်သည်....

'ရှောင်နိုင်ရင် ရှောင်ပေတော့'

ဟု အော်ငေါက်ကာ မြွေမြားတစ်စင်းဖြင့် ပစ်ခတ်လိုက်လေသည်။

သူ၏မြွေမြားကို ရှောင်နိုင်သူ ရှားပါးလှသည်ဟု သိုင်းလောက၌ သတင်းကြီးနေပါသည်။



ယခု....

'ဝှစ်....'

စူးရှသောလေတိုးသံနှင့်အတူ မြွေမြားသည် ကောက်ယိထံသို့ တစ်ဟုန်ထိုး တိုးဝင်သွားပြီဖြစ်ပါသည်။

ကောက်ယိ ရှောင်တိမ်းနိုင်ပါမည်လော။

ကောက်ယိက ရှောင်တိမ်းခြင်း မပြုပါချေ။

လက်တစ်ဘက်ဆန့်တန်းကာ အသာအယာပင် ဖမ်းဆီးထားလိုက်လေသည်။

မြွေမြားသည် ဖျပ်ခနဲမြည်သံနှင့်အတူ ကောက်ယိ၏လက်ထဲ ရောက်ရှိသွားတော့၏။

'ဟာ...'

ထင်ကျန် လွှတ်ခနဲ အော်လိုက်သည်။

မယုံကြည်နိုင်စွာ ကောက်ယိကို ကြည့်လိုက်မိလေသည်။

ကောက်ယိက....

'ကောင်းလိုက်တဲ့မြား'

ဟု ချီးမွမ်းလိုက်သည်။

ထို့နောက် မြားတံဖြင့် ယန်ထင်အား တိုက်ခိုက်လိုက်လေသည်။

ယန်ထင်နှင့် စွန်ထုံတို့လည်း မကျေမနပ် ဖြစ်နေကြပါသည်။

စွာကျင့် ၂....

'ဒီကောင်လေးကို မလွှတ်စေနဲ့'

ဟု အော်ပြောကာ ခုန်ဝင်သွား၏။

စွန်ထူကလည်း အားကျမခံ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

သူတို့ ဝင်ရောက်တိုက်ခိုက်လာကြလျှင် အိုရန်စုက ...

'ကျုပ် ရှိပါသေးတယ်ဗျာ'

ဟု ပြောကာ ကောက်ယိဘက်မှ ပါဝင်ကူညီ တိုက်ခိုက်လိုက်၏။

ပြင်းထန်သော တိုက်ပွဲ ပေါ်ပေါက်လာပြန်တော့၏။

ယခုတစ်ကြိမ်....

ကောက်ယိ ရောက်လာခြင်းကြောင့် ယန်ထင်တို့ အသာမရနိုင်ကြတော့ပါ။

တိုက်ပွဲမှာ သက်ရည် ညီမျှသွားလေတော့သည်။

....o....



မြားဝိဇ္ဇာထင်ကျန်သည် တိုက်ပွဲကို ငေးကြည့် နေမိလေသည်။

အထူးသဖြင့် ကောက်ယိကို တအံ့တဩ ငေးမောကြည့်နေခြင်း ဖြစ်ပါသည်။

ကျော်ကြားလှသော သူ၏မြားကို ကောက်ယိက အလွယ်တကူပင် ဖမ်းထားနိုင်ခဲ့သည် မဟုတ်ပါလား။

ကောက်ယိသည် သူ့ထက် များစွာ ငယ်ရွယ်သူတစ်ဦး ဖြစ်ပါသည်။

သူ့ထက် သိုင်းပညာသာရုံမက သူ၏ဆရာ ယန်ထင်နှင့်ပင် ယှဉ်ပြိုင်နိုင်သည်ကိုတွေ့ရသဖြင့် အံ့ဩနေမိတော့သည်။

အတန်ကြာ အကဲခတ်ကြည့်ပြီးမှ....

'လက်စသတ်တော့ အစာရေစာပြတ်ပြီးလဲနေတဲ့ ကောင်လေးကိုး'

ကောက်ယိကို မှတ်မိသွားပြီး တီးတိုးရေရွတ်လိုက်၏။

ထိုအချိန်တွင်....

'ဝုန်း....ဝုန်း....'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး ယန်ထင်၊ စွန်ထူနှင့် စွာကျင့်တို့မှာ ဒယီးဒယိုင်ဖြင့် နောက်ပြန်ဆုတ်လာကြရသည်ကို တွေ့မြင်လိုက်ရတော့သည်။

ထင်ကျန် စိတ်ခေတ် ကျသွားသည်။

ကောက်ယံကို မယှဉ်နိုင်လျှင် အာမခံပစ္စည်းများ ပြန်ရနိုင်တော့မည် မဟုတ်ပါ။

ထိုအချက်ကို ယန်ထင်လည်း သဘောပေါက် နားလည်ထားဟန် ရှိလေသည်။

'မင်း ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ကောက်ယံက....

'ကောက်ယံပါ'

လက်ထဲမှ ကျောက်စိမ်းဓားကို ဝေ့ယမ်းပြလိုက်ပြီး....

'ကျောက်စိမ်းဓား ကောက်ယံလို့ ခေါ်ပါတယ်'

ဟု ပြောလိုက်၏။

'ဪ....'

သိုင်းလောကတွင် ကောက်ယံ၏ အမည်ကျော်ကြားခဲ့သည်ကို ယန်ထင်လည်း ကြားဖူးထားပေသည်။

'မင်းက ဘာကြောင့် သူတို့ကို ဝင်ကူရတာလဲ'

ဟု မေးလိုက်ပြန်သည်။

ကောက်ယံက....

'သူတို့ဟာ ကုန်သည်တွေပါ၊ ခင်ဗျားထင်သလို လူဆိုးဓားပြတွေ မဟုတ်ပါဘူးဗျာ'



ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ကုန်သည်များဖြစ်၍ မတရား တိုက်ခိုက်ခံနေရသည်ကို ကူညီသော သဘောဖြစ်ကြောင်း ဖော်ပြရာရောက်သည်။

ယန်ထင်က....

'ကုန်သည်တွေက သိုင်းပညာ တတ်တာပဲလား'

ဟု အငေါ်တူးလိုက်သည်။

ကောက်ယံ ပြုံးလိုက်သည်။

'ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးတွေ ပူဘန်းက ရသေ့တွေ သိုင်းပညာ တတ်ထားတာကျတော့ကော ခင်ဗျား ဘာပြောမလဲ'

ဟု ပြန်မေးလိုက်သည်။

ယန်ထင် မခံချိမခံသာ ဖြစ်သွားတော့သည်။

'အင်း... ငါတို့ အာမခံဌာနဟာ သိုင်းလောကမှာ တစ်ခါမှ နာမည်ပျက်မရှိခဲ့ဖူးဘူး၊ ခုတော့ ငါတို့ တာဝန်ယူထားတဲ့ အာမခံပစ္စည်းတွေ ဓားပြတိုက်ခံလိုက်ရပြီ၊ နာမည်ပျက်သွားမှတော့ အသက်ရှင်နေလို့ ဘာထူးတော့မှာလဲ'

ပြောပြောဆိုဆို လက်ဝါးဖြင့် သူ၏ယံထိပ်ကို ပြန်လည်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ယန်ထင်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရပြီမို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ကောက်ယိ ရင်ထိတ်သွားလေသည်။

'မလုပ်နဲ့'

ကပျာကယာ ဟန့်တားလိုက်လေ၏။

ယန်ထင်က....

'မင်းအနေနဲ့ ငါ့ကိုတားမြစ်ဖို့ မကောင်းဘူး'

ဟု ပြောလေသည်။

ကောက်ယိက....

'ခင်ဗျား တာဝန်ယူထားတဲ့ ပစ္စည်းတွေ ဓားပြတိုက်ခံလိုက်ရတယ်ဆိုရင် ပြန်ရအောင် ကြိုးစားမှပေါ့၊ ခုလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲဗျ'

ဟု ပြောလေ၏။

ယန်ထင်က....

'ငါ ကြိုးစားနေတာပဲ၊ မင်းဝင်ရှုပ်လို့ ပြန်မရနိုင်တော့တာ'

'ဘာဆိုင်သို့လဲဗျ'

ယန်ထင်က အိုရန်စုအား ညွှန်ပြလိုက်ပြီး....



'သူတို့ဟာ အာမခံပစ္စည်း လုယူသွားတဲ့ ဓားပြတွေကွ'

ဟု စွပ်စွဲလိုက်သည်။

ကောက်ယိ ခေါင်းခါယမ်း လိုက်လေသည်။

'ဟာ....မဖြစ်နိုင်တာဘဲဗျာ'

ယန်ထင်က....

'ဒါဆို သူတို့သယ်လာတဲ့ ဝန်စည်စလှယ်တွေကို ငါတို့ စစ်ဆေးကြည့်ချင်တယ်၊ ခွင့်ပြုမလားလို့ မေးကြည့်စမ်းပါ'

ဟု စိန်ခေါ်လိုက်၏။

ကောက်ယိက အိုရန်စုကို လှမ်းကြည့်လိုက်၏။

အိုရန်စုက....

'ခင်ဗျား စိတ်ထင်ရာ စွပ်စွဲနေတာကို၊ ကျုပ်က ခင်ဗျား စွပ်စွဲတာကို ခေါင်းငုံ့ခံပြီးလိုက်လျောရမှာလား၊ ဘယ်နည်းနဲ့မှ မလိုက်လျောနိုင်ဘူး'

ဟု ခပ်မာမာပြောသည်။

ကောက်ယိ မျက်မှောင်ကုတ်သွား၏။

ဝန်စည်စလှယ်များအား စစ်ဆေးခွင့် ပြုလိုက်ခြင်းဖြင့် တိုက်ပွဲများ အဆုံးသတ်သွားစေနိုင်သည် မဟုတ်ပါလား။ အိုရန်စုက ငြင်းလိုက်သောအခါ ပို၍ အထင်လွဲစရာများ ဖြစ်လာတော့၏။

ယန်ထင်က....

'ငါပြောတယ် မဟုတ်လား၊ ဝန်စည်စလှယ်တွေကို စစ်ဆေးလိုက်ရင် အဖြေပေါ်သွားမှာစိုးရိမ်လို့ သူက လက်မခံဘူးလေ၊ မင်း ဘာပြောချင်သေးသလဲ'

ကောက်ယိကို လှမ်းမေးသည်။

ကောက်ယိ ပခုံးတွန့်လိုက်၏။

'ကျုပ်က ကာယကံရှင်မဟုတ်တော့ ပြောဖို့ခက်ပါတယ်ဗျာ'

အိုရန်စုက....

'တကယ်တမ်း ကျုပ်တို့ကိုရန်ပြုခဲ့တာ ခင်ဗျားတို့ပဲ၊ ကျုပ်လူအတော်များများ ထိခိုက်ခဲ့ရတယ်၊ ဒါကို တောင်းပန်မယ်ဆိုရင်တော့ ခင်ဗျားတို့ ကြိုက်သလိုစစ်ဆေးပါ၊ ကျုပ်ခွင့်ပြုပါ့မယ်'

ဟု ပြောလာသည်။

ကောက်ယိ ဝမ်းသာသွား၏။

နှစ်ဦးနှစ်ဘက် ပြေလည်သွားရန် လမ်းစပေါ်လာပြီမဟုတ်ပါလား။

'ခင်ဗျား ဘယ်လိုသဘောရသလဲ'
ဟု ယန်ထင်ကို မေးလိုက်၏။



ယန်ထင်က...
'အာမခံပစ္စည်း ရှာဖွေမှ ကျုပ် တောင်းပန်နိုင်မယ်'
ဟု ပြော၏။
ကောက်ယိက အိုရန်စုကိုကြည့်လိုက်၏။
အိုရန်စုက....
'တောင်းပန်မယ်ဆိုရင် ပြီးတာပဲ'
ဟု ပြောသဖြင့် ကောက်ယိ ကျေနပ်သွား၏။
စွာကျင့်နှင့်စွန်ထုံတို့ကား မကျေနပ်ကြပါချေ။
သူတို့သည် ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြပါလျက် ကောက်ယိကို မယှဉ်နိုင်သဖြင့် ခံပြင်းဒေါသထွက်နေကြလေသည်။
ယန်ထင်နှင့်ကောက်ယိတို့ အဆင်ပြေသွားသည်ကိုသဘောမကျကြချေ။
စွာကျင့်က....
'ယန်ထင်၊ ရှင်သတိထားဖို့တော့ လိုမယ်၊ သူတို့မှာ ဘာအကြံအစည်ရှိလဲမပြောနိုင်ဘူး'
ဟုလှမ်းပြီး ရန်တိုက်ပေးသည်။
စွန်ထုံက ...
'သူတို့ကို အလျှော့ပေးစရာမလိုဘူး'
ဟု ဝင်ပြောသည်။
ယန်ထင်က....
'သူတို့ရဲ့ ဝန်စည်စလှယ်တွေကို စစ်ဆေးကြည့်ရဖို့ အရေးအကြီးဆုံးပဲ'

သူ၏သဘောထားကို မပြောင်းလဲဘဲ ခပ်ပြတ်ပြတ် ပြော လိုက်သည်။

စုဒ္ဓာကျင့်နှင့် စွန်ထုံတို့ မျက်ခြေပြတ်ထားလိုက်ကြတော့ သည်။

အိုရန်စုက....

'ခင်ဗျားကြိုက်သလိုစစ်ဆေးနိုင်ပါတယ်'

စစ်ဆေးခွင့်ပြုလိုက်၏။

'ကျုပ်နောက် လိုက်ခဲ့ပါ'

ဟု ခေါ်ကာ လှမ်းထွက်သွား၏။

ယန်ထင်ကလိုက်သွားရာ အားလုံး မနေသာတော့ဘဲ လိုက် ပါသွားကြရလေတော့သည်။



အဆောက်အအုံပျက် တစ်ခု၏ နံဘေးတွင် မြင်းများ စီတန်းကာ ရပ်နားထားလေသည်။

မြင်းများပေါ်တွင် ဝန်စည်စလှယ်များ တင်ဆောင်ထား သည်။

အိုရန်စုက....

'ခင်ဗျား ကြိုက်သလို စစ်ဆေးကြည့်ပေတော့'

ဟု ပြောလိုက်လေသည်။

'ကောင်းပြီ၊ ထင်ကျန် ငါ့ကိုကူစမ်း'

ထင်ကျန်နှင့်အတူ ဝန်စည်စလှယ်များကို ဖြည်ချကာ စစ် ဆေးလိုက်ကြလေသည်။

ရွှေဒင်္ဂါး တစ်သိန်းဖိုးဆိုသည်မှာ နည်းနည်းနောနော ပစ္စည်းများမဟုတ်ပါ။

အလွယ်တကူ ပျောက်ရှရနိုင်မည်မဟုတ်ပါ။

ကောက်ယိက အခြေအနေ စောင့်ကြည့်နေလိုက်သည်။

ယန်ထင်နှင့်ထင်ကျန်တို့သည် ဝန်စည်စလှယ်များကို စိတ် တိုင်းကျ ရှာဖွေလိုက်ကြလေသည်။

သို့သော် ...

အတန်ကြာသောအခါ နှစ်ယောက်စလုံး ချွေးတဒီးဒီး ကျလာတော့သည်။

မြင်း တစ်ကောင်ပြီးတစ်ကောင် ရှာဖွေပြီးသော်လည်း ရွှေဒင်္ဂါးနှင့်တူသည့် ပစ္စည်းဘစ်ခုဘာလေမျှ မတွေ့ရပါ။

နောက်ဆုံး မြင်းအားလုံး ရှာဖွေပြီးစီးသွားသော်လည်း ရွှေဒင်္ဂါး တစ်ပြားဘလေနှ မတွေ့ရပါ။

အိုရန်စုက....

'ကဲ....ခင်ဗျား ဘာပြောမလဲ'

ဟု မေးလေသည်။

ယန်ထင် သက်ပြင်းချလိုက်သည်။

'ကျုပ် အမှားအတွက် ကျုပ် တောင်းပန်ပါတယ်ဗျာ'

ဟု အနူးအညွတ် တောင်းပန်လိုက်လေသည်။

အိုရန်စုက....

'ဟောဒီက မိတ်ဆွေလေး ကောက်ယိုသာ မရှိရင် ကျုပ်က သည်းခံမှာမဟုတ်ဘူး၊ ခုတော့ ထားလိုက်ပါတော့၊ ခင်ဗျားတို့ ထွက်သွားကြပါတော့'

ဟု ပြောလိုက်လေသည်။

ယန်ထင်က ဘာမှမပြောဘဲ ချာခနဲလှည့်ကာ ထွက်သွားသည်။

ထင်ကျန်လည်း လိုက်သွားသည်။

စွာကျင့်နှင့် စွန်ထုတ်တို့လည်း မဘတ်သာတော့ဘဲ လိုက်ပါသွားကြရလေသည်။



ပတ်ဝန်းကျင်တွင် သဲမှုန်များ တထောင်းထောင်းထသွားအောင် မြင်း ဒုန်းစိုင်းကာ ထွက်သွားကြခြင်း ဖြစ်ပေတော့သည်။

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်ထေး
တောင် ၄ ကြိမ်
ဖုန်း ၂၁၃၄၅

ယန်ထင်တို့ ထွက်သွားကြပြီ ဖြစ်လေသည်။

အိုရန်စုက....

'မင်းကို ကျေးဇူးတင်ပါတယ်'

ဟု ကောက်ယိုအား ပြောလေသည်။

ကောက်ယို ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူးဗျာ၊ ကျုပ်က ခင်ဗျားကိုကူညီတာ မဟုတ်ပါဘူး'

'ဟင်....မင်းက....'

'ကျုပ်က အကြွေးဆပ်တာပါ'

အိုရန်စု မျက်မှောင်ကုတ်သွားသည်။

'မင်း ဘာကိုဆိုလိုတာလဲ'

ဟု မေး၏။

ကောက်ယိ ပြုံးလိုက်၏။

'ခင်ဗျားလူတွေ တိတ်ဘဆိတ် လုပ်ကြံခံရတဲ့ကိစ္စတုန်းက ကျုပ်မှာအပြစ်မရှိဘူးလို့ ခင်ဗျား ဆုံးဖြတ်ခဲ့တဲ့အကြွေးကို ပြန်ဆပ်တာပါ'

ထိုစဉ်က အိုရန်စုသည် ရွှေခါးမြှောင်ဖြင့် ကောက်ယိကို ပစ်ခဲ့ပါ၏။

ကောက်ယိက ရှောင်တိမ်းခြင်း မပြုခဲ့သလို ခုခံကာကွယ်ခြင်းလည်း မပြုဘဲ မလှုပ်မယှက် ရပ်နေခဲ့ပါသည်။

အိုရန်စု၏ခါးပညာမှာ တစ်ဘက်ကမ်းခတ် ထူးချွန်နေပါသည်။

အကယ်၍....

အိုရန်စုက ကောက်ယိအား ရှင်းပစ်မည် ဆိုပါလျှင် ရပါသည်။ သို့သော် ထိအောင်မပစ်ဘဲ ကောက်ယိ၏ခြေရင်းသဲပြင်ပေါ်သို့ တမင်ပစ်လိုက်ခြင်းဖြစ်၏။

အိုရန်စုက မိမိတွင် အပြစ်မရှိဟု လက်ခံယုံကြည်ထား၍ ဖြစ်ကြောင်း ကောက်ယိနားလည်ခဲ့ရ၏။



ကောက်ယိက....

'ခုဆိုရင် ခင်ဗျားနဲ့ ကျုပ် ဘာအတုံ့အလှည့်မှ မရှိတော့ဘူး'

ဟု ပြောလိုက်၏။

အိုရန်စု ပြုံးလိုက်သည်။

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်ပြီးမှ ဘာမျှမပြောဘဲ နေလိုက်သည်။

ကောက်ယိက....

'ယန်ထင်မမှားဘူးဆိုတာ ကျုပ်သိတယ်'

ဟု ပြောလိုက်လေသည်။

အိုရန်စုက....

'ကျုပ်တို့ကို ခါးပြတွေလို့ စွပ်စွဲသွားတာလား'

ဟု မေးလေသည်။

ကောက်ယိ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

အိုရန်စု ရယ်မောလိုက်သည်။

ကောက်ယိက....

'ယန်ထင်က ခင်ဗျားတို့သယ်လာတဲ့ပစ္စည်းတွေကို အကုန်စစ်ဆေးသွားတာမှမဟုတ်ဘဲ၊ လူဝကြီးတို့လူစု ထွက်သွားပြီး

ခင်ဗျားတို့ဟာမင်နောက်ချန်နေရစ်ခဲ့တာကို သူ ဘယ်လိုလုပ်သိနိုင်မှာလဲ'

ဟု ပြောသည်။

မှန်ပေသည်။

လူဝံကြီးနှင့် လူတချို့သည် မြို့ပျက်ကြီးနှင့် ဝေးရာသို့ သွားနှင့်နေကြပြီ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ထင်ကျန်သည် တိဗက်နယ်သို့ ဦးတည်သွားနေကြပြီဟု သတင်းပို့ခဲ့ခြင်းဖြစ်သည်။

ကိုရန်စုတို့လူစု ပုန်းအောင်းနေခဲ့ကြခြင်းကြောင့် မတွေ့ခဲ့ခြင်းဖြစ်ပေသည်။

ကောက်ယိ၏ စကားအဆုံးတွင် အိုရန်စုက ခေါင်းညိတ်လိုက်၏။

'မင်းကို လိမ်လို့မရဘူးဆိုတာ ငါသိပါတယ်ကွာ၊ လူဝံကြီးတို့ထွက်မသွားနှင့်ကြဘူးဆိုရင် သူတို့ တွေ့သွားကြတော့မှာပေါ့'

ဟု ပြောလေသည်။

အိုရန်စု မငြင်းတော့ပါ။

ကောက်ယိက....

'ဘာကြောင့် အာမခံပစ္စည်းတွေကို ဓားပြတိုက် လုယက်ခဲ့ရတာလဲဗျာ'



ဟု မေးလိုက်လေသည်။

အိုရန်စုက....

'သူဌေးကြီး ယုံရဲ့ ပစ္စည်းတွေ ဖြစ်နေလို့ပေါ့'

ကောက်ယိ မျက်မှောင်ကြုတ်သွားလေ၏။

အိုရန်စုက ဆက်ပြီးရှင်းပြလိုက်သည်။

'သူဌေးကြီးယုံဟာ ငါတို့ တိုင်းပြည်ကို ကျူးကျော်ဖို့ ကြံစည်နေတဲ့ မွန်ဂိုတွေကို ထောက်ပံ့နေတဲ့လူဆိုတာ မင်းသိဖို့ကောင်းတယ်၊ ကျူးကျော်သူတွေ အင်အားတောင့်တင်းလာရင် ဘာဖြစ်မလဲ သိသလား၊ ငါတို့မြေပေါ် ကျူးကျော်လာမယ်၊ မြို့တွေ ရွာတွေ ဖျက်ဆီးပစ်မယ်၊ ငါတို့ ပြည်သူပြည်သားတွေ အနှိပ်စက်ခံရမယ်၊ အသတ်ခံရမယ်၊ ဒီလိုအဖြစ်မျိုး ဖြစ်မှာစိုးလို့ ငါတို့ကြားဖြတ် လုယက်နေကြတာပဲ'

ကောက်ယိ ငိုင်သွားလေသည်။

အိုရန်စုတို့သည် သာမန်လူဆိုးဓားပြများနှင့် လုံးဝ ကွာခြားနေကြောင်း သဘောပေါက်သွား၏။

တိုင်းပြည်သစ္စာဖောက်တစ်ယောက်၏အကြံအစည်များကို ဖြစ်သည့်နည်းနှင့် ဟန့်တားနေကြသူများ မဟုတ်ပါလား။

အိုရန်စုက....

'ငါတို့ လုယက်လို့ရသမျှကို မရှိနွမ်းပါးသူတွေကို ဝေငှပေးတယ်၊ ဒုက္ခရောက်နေသူတွေကို ကယ်တင်တယ်၊ ငါတို့ကိုယ်ကျိုးအတွက် တစ်ပြားတစ်ချပ်မှ အသုံးမပြုခဲ့ဘူးဆိုရင် မင်းယုံမလား'

ကောက်ယိက....

'မယုံစရာအကြောင်း မရှိပါဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့လုပ်ရပ်တွေ မှားယွင်းနေတယ်'

'မှားနေတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟား....ဟား....ဟား'

အိုရန်စု သဘောကျစွာ ရယ်မောလိုက်လေသည်။

အတန်ကြာရယ်မောပြီးမှ....

'ကဲ....ဘယ်လိုများမှားတာလဲ ပြောစမ်းပါဦး'

ဟု မေးလေသည်။

ကောက်ယိက....

'သူဌေးကြီးယုံရဲ့လုပ်ရပ်တွေကို ခုလိုနည်းနဲ့ ဟန့်တားမယ့်အစား နေပြည်တော်က ဘုရင်မင်းမြတ်နားထဲရောက်အောင် တာဝန်ရှိသူတွေထံ ချဉ်းကပ်ပြီး လျှောက်တင်သင့်တာပေါ့၊ ဒါဆိုရင် သူဌေးကြီးယုံဟာ စုံစမ်းစစ်ဆေးတာ ခံရမယ်၊ အပြစ်ပေးခံရမှာပဲ'

အိုရန်စု ခေါင်းခါယမ်းလိုက်သည်။

'မင်းက သူဌေးကြီးယုံကို အထင်သေးတာကိုး၊ မင်းပြောသလို ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး'

'ဘာဖြစ်လို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ သူဌေးကြီးယုံဟာ လူကြီးလူကောင်းဟန်ဆောင် မျက်နှာဖုံးစွပ်ထားတဲ့ လူယုတ်မာကြီးဖြစ်နေလို့ပေါ့ကွ၊ သူ့ရဲ့မဘာရားတဲ့လုပ်ရပ်တွေကို သက်သေအထောက်အထားနဲ့ ဖော်ထုတ်လို့မရအောင် ပိပိရိရိ လုပ်တတ်တယ်၊



ခု ငါတို့ လုယက်ထားတဲ့ ရွှေဒင်္ဂါးတွေကို သက်သေပြဖို့ မင်းပြောမလား၊ သူပိုင်တာ မဟုတ်ပါဘူးလို့ ငြင်းပြလိမ့်မယ်၊ နောက်ဆုံး ငါတို့ပဲ လူဆိုးဓားပြတွေဆိုပြီး ဒုက္ခရောက်ရမှာကွ၊ သူ့ကို အနုနည်းနဲ့မရနိုင်ဘူးဆိုတာ မှတ်ထားစမ်းပါ'

ကောက်ယိ သဘောမကျချေ။

သက်သေ အထောက်အထား ခိုင်လုံစွာ တင်ပြနိုင်လျှင် သူဌေးကြီးယုံအား အပြစ်ပေးနိုင်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်....၊

အိုရန်စုကိုမပြောဘဲ ဝမ်းထဲ မျိုသိပ်ထားလိုက်လေ၏။

အိုရန်စုက....

'ငါတို့ ဘဝမှန်ကို မင်းသိသွားပြီဆိုတော့ ငါတို့အပေါ် ဘယ်လိုသဘောထားသလဲ ပြောပါ'

ဟု မေးလာသည်။

အလွန် အန္တရာယ်ကြီးသော မေးခွန်း ဖြစ်လေသည်။

ကောက်ယိက အနည်းငယ် စဉ်းစားလိုက်ပြီးမှ....

'သရဲမျက်နှာဆိုတဲ့ လူကို ကျုပ်တွေ့ချင်တယ်'

ဟု ပြောလိုက်သည်။

သရဲမျက်နှာသည် အိုရန်စုတို့ လူစု၏ ခေါင်းဆောင်ဖြစ်ရမည်ဟု ယုံကြည်ထားလေ၏။

အိုရန်စု ပြုံးလိုက်သည်။

'မင်း တွေ့ချင်ရင် တွေ့ရမှာပေါ့'

စကားဆုံးလျှင် မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်လေသည်။

ထိုအခါ မျက်နှာပေါ်၌ ကပ်ဆင်ထားသော မျက်နှာဖုံးတု ကွာကျသွားပြီး အလွန် ရုပ်ဆိုးအကျည်းတန်သည့် မျက်နှာပေါ်ထွက်လာသလေ၏။

တစ္ဆေသရဲ တစ်ကောင်အလား ထင်မှတ်မှားရလောက်အောင် အကျည်းတန် အရုပ်ဆိုးသော မျက်နှာဖြစ်လေ၏။

ကောက်ယံပင် ထိတ်လန့် သွားလေသည်။

အိုရန်စုက....

'မင်း တွေ့ချင်နေတဲ့ သရဲမျက်နှာကို တွေ့ရပြီ မဟုတ်လား'

ဟု ပြောလေသည်။

ကောက်ယံ သက်ပြင်း ချလိုက်သည်။

'ခင်ဗျား ဖြစ်မယ်လို့ ကျုပ် မမျှော်လင့်ခဲ့ဘူး'

ကန္တာရတွင် ကျော်ကြားနေသည့် သရဲမျက်နှာဆိုသည့် ဓားပြကြီးမှာ အိုရန်စု ဖြစ်နေပါသည်။

အိုရန်စုသည် လူရွယ်တစ်ယောက်သာ ဖြစ်ပါသည်။ အဘိုးအို တစ်ယောက်အသွင် ဟန်ဆောင်ရုပ်ဖျက်ထားခြင်း ဖြစ်ပါသည်။

အိုရန်စုက....

'ကဲ...မင်း ရဲ့ သဘောထားကို ပြောပေတော့'

ဟု တောင်းဆိုလိုက်သည်။

ကောက်ယံ အခက်ကြုံ သွားသည်။

သူက အိုရန်စုတို့နှင့် ရန်သူ မဖြစ်လိုပါ။



သို့သော်....

ပုပေါင်း ဆောင်ရွက်ရသည်အထိ အပြည့်အဝ ထောက်ခံမှုမျိုးလည်း မပေးနိုင်ပါ။

အိုရန်စုတို့၏ လုပ်ရပ်သည် ခြွင်းချက်မရှိ လက်ခံနိုင်သော လုပ်ရပ်မျိုးမဟုတ်ဟု သဘောပေါက်ထားခြင်းကြောင့် ဖြစ်ပါသည်။

အိုရန်စုက...

'ငါတို့အဖွဲ့မှာမင်းလိုလူတော် လူကောင်းတွေ အများကြီး လိုနေတယ်'

ဟု ပြောလိုက်လေသည်။

ကောက်ယံ ပြုံးလိုက်သည်။ အိုရန်စုကိုကို ကြည့်ယင်း တစ်စုံတစ်ခု တွေးမိလာသဖြင့်....

'ခင်ဗျားတို့ အဖွဲ့ရဲ့ ခေါင်းဆောင်နဲ့တွေ့မှ ကျုပ်သဘောထားကို ပြောနိုင်မယ်'

ဟု ပြောလိုက်သည်။

အိုရန်စုက....

'ဟင်း....မင်းပဲ၊ ခုနက သရဲမျက်နှာကိုတွေ့ရင် ပြောမယ် ဆို....'

ကောက်ယံက....

'ကျုပ် မှားသွားတယ်၊ သရဲမျက်နှာဟာ ခေါင်းဆောင် ဖြစ်ရမယ်လို့ ထင်မိတာကြောင့်ပါဗျ'

'အေး... ငါက ခေါင်းဆောင်ပဲ'

ကောက်ယံ ခေါင်းခါယမ်း လိုက်သည်။

'မဖြစ်နိုင်ပါဘူးဗျာ'

အိုရန်စုသည် ကောက်ယိအား စိုက်ကြည့်လိုက်ပြီး....

'မင်း ဘာကြောင့် ပြောနိုင်တာလဲ'

ဟု မေးလိုက်သည်။

ကောက်ယိက....

'ခင်ဗျားတို့ဟာ အာမခံပစ္စည်းတွေကို လုယက်ပြီး ကုန်သည်ယောင်ဆောင်ပြီး ထွက်လာကြတယ်၊ လမ်းမှာ အဖွဲ့သားတွေ လုပ်ကြံခံရတယ်၊ ဒီကိစ္စတွေမှာ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်တွေဟာ ထင်သလောက်မဟုတ်တာ တွေ့နေရတယ်၊ ဒီတော့ တစ်ချိန်မှာ အဖြေပေးဆုံးဖြတ်မယ့် လူတစ်ယောက် ပေါ်လာလိမ့်မယ်ဆိုတာ ကျုပ် တွက်မိတယ်လေဗျာ'

အိုရန်စု သက်ပြင်းချလိုက်သည်။

'မင်း မဆိုးဘူး၊ ငါတို့ထင်တာထက်တောင် ပိုပြီး တော်နေသေးတယ်၊ ငါတို့ ခေါင်းဆောင်ဟာ ကန္တာရကြယ်ဆိုတဲ့လူပဲ'

ကောက်ယိက....

'ကျုပ်ကို သူ့ဆီခေါ်သွားမယ် မဟုတ်လား'

ဟု မေးလိုက်၏။

အိုရန်စု ခေါင်းညိတ်လိုက်သည်။

'ခေါ်သွားရမှာပေါ့၊ သူကလဲ မင်းကို တွေ့ချင်နေပါတယ်၊ ကဲ....အချိန်ရှိတုန်း သွားကြရအောင်'

'ကောင်းပြီလေ'

သူတို့သည် ခရီးထွက်ရန် ပြင်ဆင်လိုက်ကြလေသည်။



ကောက်ယိမှာ အိုရန်စုတို့အဖွဲ့၏ လျှို့ဝှက်ချက်ကိုသိနေပြီ ဖြစ်လေသည်။ အိုရန်စုတို့နှင့် လိုက်သွားခြင်းသည် သူ့အတွက် အလွန်အန္တရာယ်များသော လုပ်ရပ်ဖြစ်သည်။

မည်သို့ဆိုစေ....

ကောက်ယိသည် အဖွဲ့ခေါင်းဆောင် ကန္တာရကြယ်နှင့် တွေ့ဆုံရန် အိုရန်စုတို့နှင့် လိုက်ပါ သွားခဲ့လေတော့သည်။

....o....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံမှန်မှန် ထွက်ပေါ်နေ၏။

ယန်ထင်သည် မြင်းဇက်ကြိုးကို ဖွဖွကိုင်ကာ စီးနင်းလိုက်ပါလာ၏။

မြင်းကို မောင်းနှင်ခြင်းမပြုဘဲ သွားလိုရာ သွားစေတော့ဟု သဘောပိုက်ကာ စီးလာခဲ့ခြင်း ဖြစ်လေသည်။

ထင်ကျန်က သူ၏နောက်မှ လိုက်လာသည်။

စွာကျင့်၊ စွန်ထုံနှင့် အာမခံအဖွဲ့သား တစ်ယောက်သည် နောက်ဆုံးမှ လိုက်လာကြလေသည်။

သူတို့သည် မရှုမလှ အရေးနိမ့်ကာ ထွက်လာခဲ့ရခြင်း ဖြစ်သည်။

စွာကျင့်နှင့် စွန်ထုံတို့ ခံပြင်းနေကြပြီး ယန်ထင်မှာ ဝမ်းနည်းကြေကွဲနေသည်။

ထင်ကျန်ကား မခံချိမခံသာ ဖြစ်နေ၏။

ရှုံးနိမ့် ဆုတ်ခွာလာရခြင်း ကြောင့်တော့ မဟုတ်ပါ။

သူတို့သည် ရန်သူ၏လှည့်စားခြင်း ခံလိုက်ရပြီဟု ယုံကြည်မိခြင်းကြောင့် ဖြစ်လေသည်။

မြို့ပျက်ကြီးကိုကျောခိုင်းကာ ထွက်လာခဲ့ကြရင်း အတော်ဝေးဝေးသို့ ရောက်လာလျှင် ထင်ကျန် မနေနိုင်တော့ဘဲ...

'ဆရာ'

ယန်ထင်အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

ယန်ထင်က လှည့်ကြည့်လိုက်သည်။

'မင်း ဘာပြောမလို့လဲ'

'ဆရာ ကျွန်တော်တို့ လှည့်စားခံလိုက်ရပြီ ထင်တယ်ဆရာ'

ထင်ကျန်က အသေအချာကြီး ပြောလိုက်လေသည်။

ယန်ထင်က...

'ဘယ်သူက မင်းကို လှည့်စားတာလဲ'

ဟု မေးလိုက်သည်။

ထင်ကျန်က...

'ကျွန်တော့်ကို မဟုတ်ပါဘူး၊ အားလုံးကို လှည့်စားလိုက်တာပါဆရာ၊ တကယ်တော့ သူတို့ဟာ ကုန်သည်ဟန်ဆောင်ထားတဲ့ ခါးပြတွေပါ၊ ငြင်းလို့ မရပါဘူး'



ယန်ထင်က မြင်းဇက်ကြိုးကို ဆွဲကာ ရပ်တန့်လိုက်လေသည်။

ထင်ကျန်လည်း မြင်းကိုရပ်လိုက်သည်။

သူတို့နှစ်ယောက်ပြောဆိုနေကြသော စကားများကို ကြားသွားသည့် စွန်ထုံနှင့် စွာကျင့်တို့လည်း စိတ်ဝင်စားသွားကြပြီး မြင်းများကို ရပ်တန့်လိုက်ကြသည်။

ယန်ထင်က မြင်းပေါ်မှဆင်းလိုက်၏။

အသင့်ပါလာသော ရေဘူးကိုယူပြီး သဲပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ကာ မော့ချလိုက်၏။

ထင်ကျန်တို့ မနေနိုင်ကြတော့ပါ။ မြင်းပေါ်မှဆင်းလိုက်ကြရသည်။

သူတို့သည် ယန်ထင်တို့အနီး၌ ဝိုင်း၍ ထိုင်မိလိုက်ကြလေသည်။

ယန်ထင်က....

'သူတို့ဟာ ခါးပြတွေဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ငါတို့စိတ်တိုင်းကျရှာခဲ့ကြတာပဲ၊ ဘာမှမတွေ့ခဲ့ကြဘူး မဟုတ်လား'

ဟု ပြောလိုက်သည်။

ထင်ကျန်က....

'သူတို့ဝှက်ထားလို့ ဖြစ်မှာပေါ့ဆရာ'

သူ၏စကားကို စွာကျင့်နှင့် စွန်ထုံတို့ ထောက်ခံလိုက်ကြသည်။

စွာကျင့်က....

'ဟုတ်ဘယ်၊ မင်းပြောတာဖြစ် နိုင်တယ်'

စွန်ထုံက...

'သူတို့ဝှက်ထားပြီးမှရှာခိုင်းတာဖြစ်မယ်၊ ရှာလို့ ဘယ်တွေ့ပါ့မလဲ၊ ကျုပ်တို့ နှပ်ပစ်ခံလိုက်ရတာပဲ'

ယန်ထင်၏မျက်နှာတွင် ခံပြင်းသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

စွန်ထုံပြောသလို နှပ်ပစ်ခံလိုက်ရခြင်း ဖြစ်ကြောင်း သဘောပေါက်မိသော်လည်း လက်တွေ့ ဖော်ထုတ်ဖို့ မဖြစ်နိုင်ပါ။

အိုရန်စုတို့ဘက်မှ ကျော်က်စိမ်းခဲ ကျောက်ယိုက ဝင်ရောက်ကူညီခဲ့သေးသည် မဟုတ်ပါလား။

စွာကျင့်က...

'ရှင် ဒီအတိုင်းပဲ ထိုင်နေတော့မှာလား'

ဟု မေးလေ၏။

ယန်ထင်က သူမကို တစ်ချက်ကြည့်လိုက်ပြီး....

'ထိုင်မနေလို့ ဘာလုပ်ရမှာလဲ'

ဟု ပြန်မေးလိုက်သည်။

စွာကျင့်က....

'သူတို့နောက်ကို လိုက်ကြရမှာပေါ့၊ ဒါမှ သူတို့ဝှက်ထားတယ်ဆိုရင် တွေ့ရမှာပဲ'

ယန်ထင်မဲ့ပြုံးပြုံးလိုက်၏။

'ကျုပ်တို့ တကယ်တမ်းတွေ့ရမှာက သေမင်းပါဗျာ'

ဟု ပြောသေ၏။



စွာကျင့် ဒေါပွသွား၏။

'ရှင်ဟာ သတ္တိမရှိတဲ့အလကားလူပဲ'

ဟု ပြန်လည်ငေါက်လိုက်၏။

ထင်ကျန် မနေနိုင်တော့ပါ။

'ကျုပ်ဆရာကို ဒီလိုမပြောနဲ့ဗျ'

ဟု ကြားဝင်ပြောသည်။

စွာကျင့်က....

'ပြောတော့ဘာဖြစ်သလဲ'

'ခင်ဗျား....'

ထင်ကျန်က ချက်ချင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယန်ထင်က မလှုပ်မယှက်ထိုင်နေလျက် သူနှင့် ဘာမျှမဆိုင်သလို ငေးကြည့်နေသည်။

စွန်ထုံ မနေနိုင်တော့ပါ။

'နေကြပါဦးကွာ၊ အေးအေးဆေးဆေး ဖြေရှင်းမှပေါ့၊ ခုချိန်မှာ ကိုယ့်အချင်းချင်းခိုက်ရန်ဖြစ်ပွားနေမယ်ဆိုရင် ရန်သူက ပိုတောင် သဘောကျဦးမယ်'

ဟု ကြားဝင်ဟန့်တားလိုက်လေသည်။

သူ၏စကားမှန်ကန်နေသည်ဖြစ်ရာ ထင်ကျန်ကော စွာကျင့်ပါ ဒေါသကို ထိန်းချုပ်ထားလိုက်ကြလေ၏။

ယန်ထင်က....

'ထင်ကျန်'

'ဟုတ်ကဲ့ဆရာ'

'မြို့ပျက်ထဲကိုမဝင်ခင် အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ မင်းကို ငါသွားကြည့်ခိုင်းခဲ့တယ် မဟုတ်လား'

ထင်ကျန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဆရာ'

'အေး....မင်း သွားကြည့်ပြီးတော့ ရန်သူတွေဟာ မြောက်ဘက်စူးစူး တိဗက်နယ်ဘက်ကိုဦးတည်သွားကြပြီလို့ မင်းပြောခဲ့တယ်နော်'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်သူတို့ကိုကောင်းကောင်းခြေရာခံနိုင်ပါတယ်၊ မြောက်ဘက်စူးစူးကို ထွက်သွားကြတာ အမှန်ပါပဲ'

ဤတွင် စွာကျင့်က ဝင်ပြောလေသည်။

'မင်းက အဲဒီလိုပြောခဲ့လို့ မြို့ပျက်ထဲဝင်သွားတာနဲ့ရန်သူ အဝိုင်းခံလိုက်ရတာပဲ မဟုတ်လား'

ထင်ကျန်က သူ့မှအား မကျေမနပ် ကြည့်လိုက်လေ၏။

သို့သော် ဘာမှမပြောချေ။

ယန်ထင်က....

'သူတို့လူစုထဲက တချို့တစ်ဝက်ဟာမြောက်ဘက်စူးစူးကို ထွက်သွားကြပြီး တချို့တစ်ဝက်ကမြို့ပျက်ထဲမှာခိုအောင်းနေခဲ့ကြတယ်ဆိုရင် မင်း ဘာပြောမလဲ'

ဟု မေးလေသည်။

ထင်ကျန်က....

'ဆရာပြောတာ အမှန်ပါပဲခင်ဗျာ'



စွာကျင့်သည် တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်ပြီး ဘာမှမပြောဘဲ နေလိုက်လေသည်။

စွန်ထုံက အသာငြိမ်သာ နားစွင့်နေပါသည်။

ယန်ထင်က...

'မြို့ပျက်ထဲမှာ ကျန်နေတဲ့သူတွေဆီမှာ ရွှေဒင်္ဂါးတွေ မရှိဘူးဆိုရင်...'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေ၏။

သူတို့ မည်သို့မည်ပုံလှည့်စားခံခဲ့ရသည်ကို ရှုပ်လုံးပေါ်လာပြီ ဖြစ်လေသည်။

အာမခံပစ္စည်းဖြစ်သော ရွှေဒင်္ဂါးများ သယ်ဆောင်ထားကြသူများသည် မြောက်ဘက်စူးစူးသို့ ထွက်သွားနှင့်ကြပြီ ဖြစ်လေသည်။

စွန်ထု မနေနိုင်တော့ပါ။

'ကျုပ်တို့ တိဗက်ကို လိုက်သွားကြမယ်'

ဟု အားတက်သရော ပြောလိုက်လေသည်။

ရွှေဒင်္ဂါးများအား ခြေရာခံမိနေပြီ မဟုတ်ပါလား။

စွာကျင့်က...

'ဟုတ်တယ် လိုက်ကြမယ်'

ဟု ထောက်ခံလိုက်သည်။

ယန်ထင် သက်ပြင်းချလိုက်သည်။

ထင်ကျန်ကို စိုက်ကြည့်ရင်....

'ထင်ကျန်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ'

'အာမခံပစ္စည်းတွေပြန်မရဘဲ သဲကန္တာရထဲက ငါ ဘယ်တော့မှ ပြန်မလာဘူး'

ဟု ကတိပေးလိုက်လေ၏။

ထင်ကျန်က....

'ကျွန်တော်လဲ လိုက်မယ် ဆရာ'

ယန်ထင် ခေါင်းခါယမ်းလိုက်သည်။

'မင်းလိုက်စရာမလိုဘူး'

'ဗျာ....'

မမျှော်လင့်သောစကားကြားလိုက်ရခြင်းကြောင့်ထင်ကျန် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ယန်ထင်ကို နားမလည်နိုင်စွာကြည့်ရင်း....

'ဆရာ....ကျွန်တော်မလိုက်ရဘူး ဟုတ်လား'

'အေး မင်းလိုက်စရာ မလိုဘူး'

'ဆရာ'

ထင်ကျန်က စောဒကတက်ရန် ဟန်ပြင်လိုက်ချိန်မှာပင် ယန်ထင်က လက်ကာပြလိုက်ပြီး....

'ငါ့စကားကို သေသေချာချာ နားထောင်ပါ'

ဟု ပြောလိုက်သည်။

ထင်ကျန် ဘာမျှမပြောတော့ပါချေ။

ဆရာဖြစ်သူတွင် အရေးကြီးသော ကိစ္စတစ်ခု ရှိနေပြီဟုလည်း ရိပ်မိသွား၏။

ယန်ထင်က တည်ကြည်သော မျက်နှာထားဖြင့်....



'ပြည်မမှာကျားသစ်ညီနောင်ဆိုတဲ့သိုင်းသမားနှစ်ယောက်ရှိတယ်၊ သူတို့ဟာ ငါနဲ့ ပညာသင်ဘက် ညီအစ်ကိုတွေပဲ၊ သူတို့ရဲ့ပညာ ငါ့ထက်သာတယ်၊ တကယ်လို့များ ကန္တာရထဲက ငါ ပြန်မလာနိုင်တော့ဘူးဆိုရင် သူတို့ကိုသွားပြီး အကြောင်းကြားပါ၊ အာမခံပစ္စည်းတွေရအောင် ကူညီပေးဖို့ ငါက အကူအညီတောင်းခဲ့တယ်လို့ ပြောပြပါ'

'ဆရာ'

'ထင်ကျန် မင်းသွားတော့၊ ငါနဲ့ ရွှေတရိဂ အာမခံဌာနရဲ့ ဂုဏ်သိက္ခာကို ကယ်ဖို့ ဒီတစ်နည်းပဲ ရှိတော့တယ်'

ထင်ကျန် ခေါင်းငိုက်စိုက်ကျသွားလေသည်။

ယန်ထင်က....

'ငါ့ကို တစ်လစောင့်ပါ၊ တစ်လပြည့်လို့ ငါ ပြန်ရောက်မလာဘူးဆိုရင် ငါမှာတဲ့အတိုင်း လုပ်ပေတော့၊ ကဲ....သွားတော့'

ထင်ကျန်သည် ဆရာဖြစ်သူ၏အမိန့်ကို လွန်ဆန်ရန် မဖြစ်နိုင်ကြောင်း သဘောပေါက်မိလိုက်လေသည်။

ထို့ကြောင့်....

'ဆရာပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်ဆရာ'

ဟု ပြောကာ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လိုက်၏။

ထို့နောက် မြင်းပေါ် လွှားခနဲခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ သံမှုန်များ တဖွားဖွားထောင်း ထသွားပြီး ထင်ကျန်မှာ တစ်ခဏအတွင်းပင် အဝေးသို့ရောက်ရှိကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

ထင်ကျန်ထွက်သွားပြီးမှ ယန်ထင်က ထိုင်ရာမှ ထလိုက်သည်။ စွန်ထုံနှင့် စွာကျင့်ကိုကြည့်ကာ...

'ကဲ...ရှေဒင်္ဂါးတွေ နောက်ကိုလိုက်ရအောင်'

ဟု ပြောလိုက်လေသည်။

## ဘယ်ဆီဘယ်ဝယ်

လှိုင်စာပေ
စာအုပ် ၁၈/၁၃၈၊ မြေ [illegible]
တောင် [illegible]
ရှိုး ၂၀၇၄၄

'ခွပ်ခွပ်...ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ပူပြင်းသော နေရောင်ခြည်အောက်တွင် အကာအကွယ်ကင်းမဲ့သော ကန္တာရပေါ်စ်နေရာ၌ မြင်းစီးသမားတစ်စုသည် မြောက်ဘက်စူးစူးသို့ ဦးတည်ကာ ခရီးနှင်နေကြလေသည်။

ထိုလူစုမှာ အိုရန်စု (ဝ ါ) သရဲမျက်နှာခေါင်းဆောင်သည့် လူစုဖြစ်လေသည်။

ကောက်ယ ီသည် အိုရန်စုနှင့်အတူ ယှဉ်တွဲကာ ရှေ့ဆုံးမှ မြင်းစီး၍ လိုက်ပါလာခဲ့သည်။

ယန်ထင်တို့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် ကောက်ယီ၏ အစွမ်းအစကို တွေ့မြင်ခဲ့ရသဖြင့် အိုရန်စု၏ အဖွဲ့သားများသည် ဝေဖန်ပြောဆိုခြင်း မပြုဝံ့ကြတော့ချေ။

ကောက်ယ ီသာ ဝင်ရောက်ကူညီခြင်းမပြုလျှင် အိုရန်စုတို့ပင် ဒုက္ခရောက်နိုင်သေးသည် မဟုတ်ပါလား။

အိုရန်စုသည် ကောက်ယီနှင့်အတူ ယှဉ်တွဲကာ မြင်းစီးနှင်လာရင်း....

'ကျုပ်ရဲ့ မျက်နှာက အတော့်ကို အရုပ်ဆိုးနေတယ်ဆိုတာ မင်းတွေ့တယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ကောက်ယိ မြုံးလိုက်သည်။

'ဒီလောက်လဲ မဟုတ်ပါဘူးဗျာ'

အိုရန်စုက····

'ကျုပ် စိတ်ချမ်းသာအောင် မပြောပါနဲ့လေ၊ ကျုပ်ရဲ့ မျက်နှာဟာ ဘီလူးသရဲထက်တောင် ရုပ်ဆိုးသေးတယ်ဆိုတာ ကျုပ် သိပါတယ်၊ ရုပ်ဆိုးတာက အရေးမကြီးပါဘူး၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကျုပ်ပြောပြချင်တာပါ'

ကောက်ယိ စိတ်ဝင်စား သွားသည်။

နေပူလေပူထဲ ခရီးသွားနေရခြင်းက စိတ်အိုက်စရာကောင်းလှပေ၏။

အိုရန်စု၏ ဇာတ်ကြောင်း ကြားသိရလျှင် စိတ်ပြောင်းစိတ်လွှဲ ဖြစ်သွားမည် ထင်မိသည်။ ထို့ကြောင့်....

'ခင်ဗျား ပြောပြမယ်ဆိုရင် ကျုပ်လဲ နားထောင်ချင်ပါတယ်ဗျာ'

ဟု ပြောလိုက်၏။

အိုရန်စုက....

'ကျုပ်က တစ်ကောင်ကြွက် မဟုတ်ဘူးဗျ၊ အမေအိုကြီးနဲ့ ညီမလေး တစ်ယောက်ရှိတယ်၊ အရင်ကဆို ဂူချွမ်နယ်ခြားရွာတစ်ရွာမှာ သားအမိတွေ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြတာပေါ့ဗျာ'



သူ၏ မျက်လုံးများ ရီဝေသွားလေ၏။

အတိတ်မှ ဖြစ်ရပ်များကို မြင်ယောင်လာပုံရ၏။

အဝေးသို့ မျှော်ကြည့်ရင်း သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလာသည်။

ကောက်ယိလည်း နားထောင်ရင်း မြင်းကို အသားကျစီးနင်း သွားသည်။

အတိတ်....

အလွန် ရင်နာစရာကောင်းသော အတိတ်ဇာတ်ကြောင်း တစ်ခု ဖြစ်ပေတော့သည်။

···· - ····

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပ နေလေသည်။

အဝေးတွင် မှိုင်းညို့ညို့ တောင်တန်းများကို တွေ့မြင်နေရသည်။

စိမ်းလန်းသော သစ်တောများလည်း ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလေသည်။

ထို့နောက် လယ်တော ယာတောများ....

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ် နေသည်။

ကောင်းကင်ပေါ်တွင် တိမ်ဖြူများ လွင့်မျောနေလေသည်။

အိုရန်စုသည် လယ်တောထဲ၌ အလုပ်လုပ်နေရာမှ ခေတ္တ ရပ်နားကာ နဖူးပေါ်မှချွေးများကို သုတ်လိုက်၏။

ဆင်းရဲနွမ်းပါးသူတို့အတွက် ပင်ပန်းကြီးစွာ လုပ်ကိုင်မှ ဝမ်းရေးပြေလည်သည့် အခြေအနေ မဟုတ်ပါလား။

အိုရန်စုကား အခြား အလုပ်သမား နှစ်ယောက်စာမျှ လုပ်ကိုင်သူ ဖြစ်လေသည်။

လယ်တောထဲ၌ လည်းကောင်း၊ ထင်ခွေ ရေခပ်ရာ၌ လည်းကောင်း၊ သူမပါလျှင် မပြီးသလောက်ပင်။

ပင်ပန်းကြီးစွာ လုပ်ကိုင်ရင်း မိခင်အိုကြီးနှင့် အပျိုတော် ဝင် ညီမငယ်လေးကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်လေသည်။

အိုရန်စုသည် အလုပ်ကို ဘယ်တော့မှ မညည်းညူသလို စိတ်သဘောဖြူစင်ပြီး လူတစ်ဘက်သားအား ကူညီဖို့ ဝန် မလေးသူ ဖြစ်သည်။

ထို့ကြောင့် တစ်ရွာလုံးက သူ့အား ချစ်ခင်ကြလေသည်။

ယနေ့....

အိုရန်စု ခေတ္တ အမောဖြေနေစဉ် ရွာဘက်မှ လူတစ်ဦး ပြေးလွှား လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

အိုရန်စုက အမှတ်မထင် ထိုလူကိုကြည့်ရင်း ညီမဖြစ်သူကို သတိရလိုက်မိလေသည်။

'နေမွန်းတည့်တော့မယ်၊ ခုထိတောင် ညီမလေး ထမင်း လာမပို့သေးပါလား'

ညီမဖြစ်သူကို မျှော်လိုက်မိသည်။



သူ၏ညီမကား ပေါ်မလာပါ။ ပြေးလွှားလာနေသူ မှာ လျှင် အနီးသို့ ရောက်လာသည်။

ထိုလူကို အိုရန်စု ကောင်းစွာသိထားပါ၏။

သူတို့အိမ်နှင့် သေချင်းကပ်အိမ်လေးမှ သူ၏သူငယ်ချင်း အာဟုတ်ဆိုသူ မဟုတ်ပါလား။

အိုရန်စုက....

'အာဟုတ်မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲကွ'

ဟု ဆီးပြီး မေးလိုက်၏။

အာဟုတ်က....

'ဘာဖြစ်ရမလဲ၊ ဒုက္ခများကုန်ပြီကွ'

'ဟေ....ဒုက္ခဟုတ်လား၊ ဘာတွေဒုက္ခများတာလဲ၊ ဘယ်သူ တွေ ဒုက္ခများတာလဲကွ'

'မင်းအမေနဲ့ မင်းညီမပေါ့'

'ဘာ....'

အိုရန်စု၏အသံ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

အာဟုတ်က....

'သူဌေးသား ယုံပွေ့က မင်းရဲ့ညီမကို သဘောကျလို့ ဆိုပြီး အဓမ္မဆွဲခေါ်သွားလို့ မင်းအမေ ငိုယိုပြီးလိုက်သွားလေရဲ့ အဲဒါ....'

သူ စကားဆုံးအောင် မပြောလိုက်ရပါ။

အိုရန်စုက သူ့ရှေ့မှ တစ်ဟုန်ထိုး ပြေးထွက်သွားခြင်း ကြောင့်ဖြစ်လေသည်။

'ဟော့....ဟော့....နေပါဦးကွ'

အဲဒီဟုတ်သည် ဆော်ဟစ်ဟန့်တားရင်း ပြေးလိုက်သွားရှာတော့သည်။

....၁....

ရွာထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်နေပါသည်။

ရွာလေးနှင့် ခြောက်မိုင်ခန့် အကွာတွင် မြို့ရှိလေသည်။

ထိုမြို့မှ သူဌေးကြီးယုံပေါက်သည် အလွန်ချမ်းသာကြွယ်ဝပြီး အိုရန်စုတို့ရွာလေးမှ လယ်မြေယာမြေ အများအပြားကို ပိုင်ဆိုင်ထားသူဖြစ်ပေ၏။

အိုရန်စုတို့ရွာသူရွာသားများသည် သူဌေးကြီးယုံပေါက်နှင့် ကင်းနိုင်သူရှားပေ၏။

သူဌေးကြီး ယုံပေါက် ပိုင်ဆိုင်သော လယ်မြေများတွင် အငှားလုပ်ကြရသည်။ သာရေးနာရေး၊ လူမှုရေးကိစ္စများ ပေါ်ပေါက်လာ၍ ငွေကြေးလိုအပ်လျှင် အတိုးကြီးပေးကာ ချေးငှားကြရသည်။

ထို့ကြောင့်လည်း သူဌေးကြီးယုံပေါက်သည် အိုရန်စုတို့ ရွာလေးတွင် ထင်သလို မင်းမူနိုင်ခဲ့ပေတော့သည်။

သူဌေးကြီးယုံပေါက်သည် ရွာသို့ အရောက်အပေါက်နည်းပြီး မြို့ရှိစံအိမ်ကြီးတွင် နေထိုင်ကာ ကိစ္စအဝဝကို သူ၏လူယုံ တစ်ဦးနှင့် လွှဲအပ်ထားသည်။



ရွာသို့ မကြာခဏ ရောက်လာတတ်သူမှာ သူဌေးကြီး ယုံပေါက်၏သား သူဌေးသား ယုံပွေ့ဖြစ်သည်။

ယုံပွေ့သည် သူငယ်ချင်းများနှင့် လာရောက် ပျော်ပွဲစားလေ့ရှိပေသည်။

ယုံပွေ့ရောက်လာလျှင်ရွာသူရွာသားများကောင်းကောင်း မနေကြရတော့ချေ။

ယုံပွေ့ခိုင်းစေသမျှ လုပ်ပေးကြရသည်။ ပြုစုကြရသည်။ ယုံပွေ့ကား သူဌေးသားပီပီ အရက်သောက်၊ အပျော်အပါးလိုက်၊ လောင်းကစားမှုများ ပြုလုပ်ကာ ပျက်စီးနေသူ ဖြစ်သည်။ ယုံပွေ့ ရွာသို့ ရောက်လာပြီဆိုလျှင် မိန်းမပျိုလေးများအိမ်ထဲမှအိမ်ပြင် မထွက်ရဲအောင်ပင်။

ယခု....

အိုရန်စုသည် မြင်းတစ်ကောင်လို ဒုန်းစိုင်းပြေးလာခဲ့၏။ ရွာထဲသို့ရောက်လျှင် လူအများစုရုံးကာ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်ကို မြင်လျှင် ဒိန်ခနဲဖြစ်သွားပြီး ပြေးလိုက်သွားသည်။

အနီးသို့ ရောက်သွားသောအခါ ရွာသားတစ်ယောက်က အဘွားအိုတစ်ယောက်အား ပွေ့ဖက်ထားသည်ကို တွေ့ရ၏။

'အမေ....'

အိုရန်စု မချိတင်ကဲ ခေါ်လိုက်လေသည်။

အဘွားအိုမှာ သူ၏မိခင် ဖြစ်နေပါသည်။

အိုရန်စုသည် မိခင်ကိုပွေ့ဖက်ထားရင်း....

'ဘယ်လိုဖြစ်ရတာလဲ အမေရယ်'

သူ၏အသံ ငိုသံပါနေတော့သည်။

အဘွားအိုမှာ တစ်ကိုယ်လုံး ဖုံအလိမ်းလိမ်း သွေးအလိမ်းလိမ်း ပေကျံ နေပါသည်။

အဘွားအိုသည် အိုရန်စု၏အသံ ကြားလျှင်....

'သား ...'

'အမေ'

'မင်း....မင်းညီမကို လူယုတ်မာ သူဌေးသား အထင်းဆွဲခေါ်သွားတယ်'

'တောက်....'

အိုရန်စု တက်ခေါက်လိုက်သည်။

အဘွားအိုက...

'သား....သမီးလေးဘဝ ရေတိမ်နစ် ...'

သူမ စကားဆုံးအောင် မပြောနိုင်တော့ပါ။

နှုတ်ခမ်းထောင့်မှ သွေးများသိုစီးကျလာပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွား တော့သည်။

'အမေ....အမေ'

အိုရန်စုသည် မိခင်၏အလောင်းကိုပွေ့ဖက်ကာ အတင်းလှုပ်၍ ခေါ်လေ၏။

အိုရန်စုသည် ရှိုက်ကြီးတငင် ငိုကြွေးရင်း....

'အမေ....အမေရယ်.... ဘယ် ဗိုဖြစ်ရ တာလဲဗျာ၊ ကျုပ်ကို ပြောပြစမ်းပါဦးဗျ'

ဝိုင်းအုံကြည့်နေသူများကို အရူးကြီးတစ်ယောက် သဖွယ် မေးလိုက်လေ၏။



ရွာသားတစ်ယောက်က....

'ခင်ဗျား အမေနဲ့ညီမ စျေးကအပြန်မှာ အရက်မူးနေတဲ့ သူဌေးသားတို့လူစုနဲ့တွေ့ပြီး ခင်ဗျားညီမကိုဆွဲတာနဲ့ ခင်ဗျား အမေက တောင်းပန်တာ အဘွားကြီးရှုပ်တယ်ဆိုပြီး ဝိုင်းရိုက်နှက်ကြတာပဲဗျ၊ ခင်ဗျားအမေ လဲကျသွားတော့ ခင်ဗျား ညီမကိုခေါ်ပြီး ထွက်သွားကြတယ်'

ဟု မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

'တောက်....'

အိုရန်စု ဒေါသတကြီး တက်ခေါက်လိုက်လေ၏။

မိခင်၏အလောင်းကို မြေပေါ်ချလိုက်ပြီး အနီးသို့ရောက်လာသည့် အာဟုတ်အား....

'အာဟုတ်....ငါ့အမေအလောင်းကို ကြည့်ပြီး စီစဉ်လိုက်ပါကွာ၊ ညီမလေးနောက်ကို ငါလိုက်သွားဦးမယ်'

ဟု အားကိုးတကြီး မှာကြားလိုက်သည်။

အာဟုတ်က....

'စိတ်ချ သူငယ်ချင်း'

အသံတုန်တုန်ဖြင့် ကတိပေးလေသည်။

အိုရန်စုလည်း စုန်းခနဲ ထရပ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

သူ၏ခြေလှမ်းများကား သူဌေးကြီး ယုပေါက်၏ စံအိမ်သို့ ဦးတည်နေလေတော့သည်။

...ဒ....

မြို့ထဲတွင် လူစည်ကားနေ၏။

မြို့လယ်တွင် သူဌေးကြီးယု ပေါက်၏ ကြီးမားခန့်ညား သော စံအိမ်ကြီး တည်ရှိလေသည်။

အိုရန်စုသည် စံအိမ်ကြီးရှေ့သို့ရောက်လာပြီဖြစ်သည်။

အပေါ်ပိုင်း အင်္ကျီမပါ ဗလာကျင်းလျက် ချွေးတလုံးလုံး ဖြင့် ပြေးလွှား ရောက်ရှိလာသည့် အိုရန်စုကို ကြည့်ကာ အစောင့်များက....

'ချုပ်လိုက်စမ်း'

ဆီးကြိုဟန့်တားလိုက်ကြလေသည်။

အိုရန်စုက....

'ဟေ့....မင်းတို့ရဲ့ လူယုတ်မာ သူဌေးသားကို ခေါ်လိုက် စမ်း၊ ငါ့ညီမကို ချက်ချင်းထုတ်ပေး၊ မပေးရင် စံအိမ်ကို ဖျက်ဆီးပစ်မယ်'

ဒေါသတကြီး အော်ပြောလိုက်လေသည်။

အစောင့်များသည် ဒုက္ခပေးရန်လာသည်ဟု သဘောပိုက် ကာ....

'ဟေ့ကောင်....ဒီမှာလာပြီး အော်ကြီးဟစ်ကျယ်လုပ်မနေ နဲ့၊ ထွက်သွားစမ်း'

'ကြားပါတယ်ကွာ၊ မောင်းထုတ်လိုက်ကြတာပေါ့'

တစ်ယောက်တစ်ပေါက်ပြောကာ အိုရန်စုထံသို့ပြေးဝင် လာကြလေသည်။ အိုရန်စုမှာ ဒေါသဖြစ်နေရကား....

'လူယုတ်မာရဲ့နောက်လိုက်တွေ သေပေတော့'

ဆီးကြို တိုက်ခိုက်လိုက်လေသည်။



အစောင့်များမှာ မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်းခံလိုက်ရ သဖြင့်....

'ဝုန်း....'

'အား....'

'အမယ်လေး'

ဗူးရှုစွာအော်ဟစ်ကာ ဖရိုဖရဲဖြစ်သွားကြတော့သည်။

ဆူဆူညံညံအသံများကြောင့် သူဌေးကြီး ယုံပေါက်သည် ကိုယ်ရံတော်များခြံရံကာ ရောက်ရှိလာလေ၏။

'ဘာဖြစ်နေကြတာလဲဟေ့'

သူဌေးကြီးယု ပေါက်က ခပ်ထန်ထန် ငေါက်လိုက်၏။

အိုရန်စုက....

'ခင်ဗျားသားလူယုတ်မာ ဘယ်မှာလဲ'

ဟု ပြန်ငေါက်လိုက်လေ၏။

'ဘာကွ'

မြို့မျက်နှာဖုံး သူဌေးကြီး ယု ပေါက်မှာ အိုရန်စုကဲ့သို့ ရွာသားတစ်ယောက်၏ အော်ငေါက်ခြင်းခံရသဖြင့် ဒေါသ ထွက်သွားလေသည်။

'ဘာပြောတယ်ကွ၊ မင်း ဘော်တော်စော်ကားပါလား၊ သေချင်ပြီထင်တယ်'

'ဟား....ဟား....ဟား'

အိုရန်စု ခံပြင်းနာကြည်းစွာ ရယ်မောလိုက်လေသည်။

'ခင်ဗျားသားကို လူယုတ်မာလို့ပြောတော့ ခင်ဗျား မခံ နိုင်ဘူးပေါ့လေ၊ ခင်ဗျားသားရဲ့ ရမ်းကားမှုကြောင့် ကျုပ်

အမေ သေသွားရပြီ၊ ကျုပ်ညီမကိုလဲ ခင်ဗျားသားကအဘင်း အဓမ္မခေါ်သွားတယ်၊ ကဲ...ဘာပြောချင်သေးသလဲ'

ထိုစကားကြားလျှင် သူဌေးကြီးယု ပေါက် မျက်နှာပျက်သွားလေသည်။

သူ၏သား ယုံပွေသည် အကျင့်ပျက်ပြီး ထင်ရာစိုင်းနေသူဖြစ်ကြောင်း သိထားပါ၏။

သို့သော်....

တစ်ဦးတည်းသောသားမို့ အလိုလိုက်ထားပြီး သားဖြစ်သူ လုပ်သမျှ အပြစ်မမြင်နိုင်ချေ။

ယခု....

သူ၏သားသည် ပြဿနာတစ်ရပ်ကို အိမ်သို့ အပါခေါ်လာခဲ့ပြီ ဖြစ်လေသည်။

သူဌေးကြီး ယုံပေါက်သည် စိတ်ထဲမှ စိုးရိမ်သွားမိသော်လည်း....

'ဟေ့....ငါ့သားကို မဟုတ်မတရားလာမစော်ကားနဲ့၊မင်းစုက္ခများသွားမယ်'

ဟု ခြိမ်းခြောက်လိုက်လေသည်။

အိုရန်စုမှာ ဒေါသမွန်ထူနေသည်ဖြစ်ရကား....

'ကျုပ်က ကြောက်မယ်များ မှတ်သလား၊ ခင်ဗျားတို့ လူယုတ်မာသားအဖကို ဆုံးမဖို့လာခဲ့တာ သေဖို့သာ၊ ပြင်ထားပေတော့'

အော်ငေါက်ရင်း ပြေးဝင်သွားလေ၏။

သူဌေးကြီးယုံပေါက် ထိတ်လန့်သွားလေ၏။



ကပျာကယာ နောက်ဆုတ်ရင်း....

'ဟေ့ ဒီကောင့်ကို ဆုံးမလိုက်ကြစမ်း'

သူ၏ကိုယ်ရံတော်များကို အမိန့်ပေးလိုက်လေသည်။

ကိုယ်ရံတော်များသည် ကြေးစားသိုင်းသမားများ ဖြစ်ကြပေသည်။

ချက်ချင်းပင် ရှေ့သို့ခုန်ထွက်ကာ တိုက်ခိုက်လိုက်သည်နှင့် သာမန် လယ်သမား ယာသမားလေး အိုရန်စု မရှုမလှ ခံလိုက်ရလေတော့၏။

'ဂုန်း....'

'အား....'

အိုရန်စု မြေပေါ်လဲကျသွားလေ၏။

သို့တိုင် ကိုယ်ရံတော်များသည် ညှာတာထောက်ထားခြင်း မရှိဘဲ ထပ်မံ ထိုးကြိတ် ကန်ကျောက်ကြပြန်လေ၏။

အိုရန်စုမှာ မြေပေါ် လိမ့်နေတော့၏။

ထိုအချိန်တွင်....

'ဖေဖေ ဘာတွေဖြစ်နေတာလဲဟင်'

မေးမြန်းသံနှင့်အတူ ဝတ်ကောင်းစားလှ ဝတ်ထားသော လူငယ်တစ်ယောက်သည် အခြား သက်တူရွယ်တူ ကောင်လေးလေးငါးယောက် ခြံရံကာ ရောက်ရှိလာလေ၏။

ထိုလူငယ်မှာ သူဌေးသား ယုံပွေဖြစ်လေသည်။ သူဌေးကြီး ယုံပေါက်သည် သားဖြစ်သူကိုမြင်လျှင်....

'သား... မင်း ဘာတွေ ပြဿနာရှာလာပြန်ပြီလဲ'

ဟု မေးလျှော၏။

ယုံပွေသည် အိုရန်စုကိုမြင်လျှင် အခြေအနေကို သဘော ပေါက်သွားပြီး တဟဲဟဲ ရယ်မောလိုက်လေ၏။

'အလကားပါဖေဖေရယ်၊ ကျေးတောသားတွေဟာ အလ ကားနေရင်း ပြဿနာရှာချင်နေကြတာပါ၊ သူ့ကို ကျွန်တော် တာဝန်ယူလိုက်ပါမယ်'

ဟု ပြောပြီး....

'သူငယ်ချင်းတို့ရေ၊ ဒီကောင့်ကို ဆွဲခေါ်လာခဲ့ကြပါကွာ' သူ၏ အပေါင်းအဖော်များကို လှမ်းပြောလိုက်၏။

'ဟား....ဟား....ဟား'

ယုံပွေအား မြှောက်ပင့် ညာဝါး စားသောက်နေသည့် လူငယ်တစ်စုကလည်း သံသေးသံကြောင်ဖြင့် ရယ်မောရင်း အိုရန်စုအား ခြေနှစ်ချောင်းမှကိုင်ကာ တရွတ်တိုက် ဆွဲခေါ် သွားလေ၏။

သူဌေးကြီး ယုံပေါက်သည် သားဖြစ်သူနှင့် အပေါင်း အဖော်တစ်စုကို ကြည့်ရင်း သက်ပြင်းချကာ ကျန်ရစ်ခဲ့လေ တော့သည်။

.... ၁ ....

မြို့ပြင်တွင် တောင်တန်းတစ်ခုရှိ၏။

တောင်ကုန်းအောက်ဘက်၌ ရစ်ခွေကာ စီးဆင်းသွား သော ချောင်းလေးတစ်ခု ရှိပေသည်။

'ဟား....ဟား....ဟား'

တောင်ကုန်းပေါ်မှ ရယ်မောသံများ စီစီညံနေပါသည်။



ယုံပွေတို့လူစုသည် အိုရန်စုံအား မြို့ပြင်တောင်ကုန်းပေါ် သို့ ခေါ်လာကြပြီး စိတ်တိုင်းကျ ထိုးကြိတ်ကန်ကျောက်ကာ နှိပ်စက်ကြလေ၏။

အိုရန်စု၏တစ်ကိုယ်လုံး ဒဏ်ရာဗရပွရကာ သွေးချင်းချင်း နီရဲနေတော့၏။

အားရပါးရ နှိပ်စက်ပြီးမှ ယုံပွေက အိုရန်စု၏ ဆံပင်ကို ဆောင့်ဆွဲရင်း မျက်နှာကိုမော့စေပြီး....

'ဟေ့ကောင်၊ မင်းညီမကို ငါသဘောကျလို့ ဆွဲခေါ် သွားတာ မင်း မကျေနပ်ဘူး ဟုတ်လား၊ မင်းညီမ သူဌေး သားရဲ့ ကတော်ဖြစ်ရမယ်ဆိုတာ မင်း မသိဘူးလား၊ တော် တော် အသုံးမကျတဲ့ကောင်'

မှုချီ မျှစ်ချီးပြောလိုက်၏။

အိုရန်စုမှာ တစ်ကိုယ်လုံးနာကျင်နေပြီးခြေလက်များမလှုပ် ရှားနိုင်တော့ပေ။

သို့တိုင် ယုံပွေကို အမုန်းကြီး မုန်းနေသည်ဖြစ်ရာ....

'ထွီ....'

မျက်နှာကို တံတွေးနှင့် ထွေးပစ်လိုက်လေတော့သည်။

'ဟာ'

ယုံပွေ လွှတ်ခနဲအော်လိုက်၏။

မျက်နှာကို တံတွေးစဉ်သွားသဖြင့် ဒေါသခြောင်းခြောင်း ထွက်သွားသည်၊

'တောက်.... ခွေးကောင်၊ ငါ့ကို တံတွေးနဲ့ထွေးတယ်ပေါ့ လေ၊ သိကြသေးတာပေါ့'

အသင့်ဆောင်ထားသော ဓားမြှောင်တစ်လက် ထုတ်ယူကာ အိုရန်စု၏မျက်နှာကို မှန်းပစ်လိုက်၏။

'အား....'

အိုရန်စု၏ ချိုသာန္ဓ အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

'ကဲကွာ....ကဲကွာ....'

ယုံပွေက ဒေါသကြီးဖြင့် နှိပ်စက်မဆုံးအောင် ရှိနေသည်။

နောက်ဆုံး အိုရန်စု ခေါင်းငိုက်စိုက်ကျသွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

ထိုအခါကျမှ ယုံပွေရပ်တန့်လိုက်၏။

'ဒီကောင်သေပြီ၊ ချောင်းထဲ ပစ်ချလိုက်ကြဟေ့'

သူ၏ အပေါင်းအသင်းများကို ပြောပြလိုက်၏။

မျက်နှာလိုမျက်နှာရလုပ်လိုကြသော လူငယ်များကလည်း အိုရန်စုအား ချိုင်းမှမ,ကာချောင်းထဲသို့ ပစ်ချလိုက်ကြတော့သည်။

....ဝ....

အိုရန်စု၏စကား ဆုံးသွားပြီဖြစ်သည်။

သူ၏မျက်လုံးအစုံ၌ မျက်ရည်များ ဝိုင်းနေ၏။

ခံပြင်းဒေါသထွက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် ခံစားချက်များ ရောပြွမ်းခံစားနေရဟန် ရှိသည်။

ကောက်ယ° ပင့်သက်ရှိုက်လိုက်၏။



လူမဆန်လှသည့် သူဌေးသားယုံပွေတို့ လူစုကိုလည်း မုန်းတီးမိသည်။

အိုရန်စုမှာ မိခင်သေဆုံးသွားပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် နှိပ်စက်ခံခဲ့ရသည်ကို မေ့နိုင်မည်မဟုတ်ကြောင်း ထင်ရှား၏။

မည်သို့မည်ပုံ အသက်ရှင်သန် လွတ်မြောက်ခဲ့သနည်း ဟူ၍လည်းကောင်း၊ ညီမဖြစ်သူ အခြေအနေမည်သို့ရှိသည်ဟူ၍လည်းကောင်း မမေးရက်တော့ပေ။

အိုရန်စုက....

'ကျုပ်ကို ချောင်းထဲပစ်ချလိုက်တာပဲ ကံကောင်းတယ်လို့ဆိုရမယ်၊ ချောင်းရေနဲ့ မျောသွားပြီး တစ်နေရာ ရောက်တော့ ကယ်မယ့်လူနဲ့ တွေ့ခဲ့ရတယ်၊ ကယ်တင်ရှင်ကြောင့် ကျုပ် အသက်ရှင်ခဲ့ရတယ်၊ သိုင်းပညာ တတ်မြောက်ခဲ့ရတယ်'

ကယ်တင်ရှင်အား အိုရန်စု အလွန်ပင် ကျေးဇူးတင်လိမ့်မည်ဟု ကောက်ယ° ယုံကြည်မိလေသည်။

အိုရန်စုက....

'ကျုပ်တို့ လုယက်တိုက်ခိုက်ခဲ့တဲ့အာမခံပစ္စည်းတွေရဲ့ပိုင်ရှင် သူဌေးကြီးယုံဟာ ကျုပ်ဘဝကို ဖျက်ဆီးခဲ့တဲ့ ယုံပွေပေါ့ဗျာ'

ဟု ပြော၏။

ကောက်ယ°၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အိုရန်စု သူဌေးကြီးယုံအား အဘယ့်ကြောင့်မုန်းတီးနေသည်ကို သဘောပေါက်သွားတော့၏။

အိုရန်စုက....

'ကျုပ်ကို ကယ်တင်ခဲ့တဲ့သူ ဘယ်သူလဲဆိုတာ မသိချင်ဘူးလား'

ဟု မေး၏။

ကောက်ယိ ခေါင်းညိတ်လိုက်သည်။

'သိချင်ပါတယ်ဗျာ'

အိုရန်စုက...

'ကျုပ်တို့ အဖွဲ့ခေါင်းဆောင် ကန္တာရကြယ်ပါပဲ'

ကောက်ယိ သက်ပြင်းချလိုက်မိ၏။

ကန္တာရကြယ် ဆိုသူအား လူမမြင်ရမီ ကြည်ညိုလေးစားသည့်စိတ်များ ဖြစ်ပေါ်လာရလေတော့၏။

ထိုစဉ်....

'ဟိုမှာကြည့်စမ်း'

အဖွဲ့သားတစ်ယောက်၏ အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကောက်ယိတို့ ရင်ထိတ်သွားကြပြီး အရှေ့ဘက်သို့ လှမ်းကြည့်လိုက်ကြလေ၏။

ထိုအခါ ကောင်းကင်ပေါ်တွင် လင်းတငှက်များ ပျံဝဲနေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

အိုရန်စုမျက်နှာ ကွက်ခနဲပျက်သွား၏။

'ရှေ့မှာ တစ်ခုခုတော့ဖြစ်နေပြီ၊ မြန်မြန်သွားရအောင်'



ဟု ပြောကာ ဖောခနဲ ဖြောသံပေးရင်း ဒုန်းစိုင်း စီးနှင်းသွားလေ၏။

ကောက်ယိတို့လည်း ထက်ကြပ်မကွာ လိုက်ပါသွားကြလေတော့သည်။

....o....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာနေပါသည်။ သဲမှုန်များတဖွားဖွားလွင့်စဉ်သွားအောင်ပင်ကောက်ယိတို့ လူစု မြင်းဒုန်းစိုင်း နှင်သွားကြလေ၏။

အဘန်ကြာလျှင် သဲတောင်ပူစာလေးများ စုရုံး တည်ရှိနေသည့် နေရာတစ်နေရာသို့ ရောက်သွားကြလေသည်။

ကောက်ယိတို့ ရောက်လာသဖြင့် လင်းတငှက်များ ဝုန်းခနဲ ထပျံသွားကြပါသေး၏။

'သတိထားကြဟေ့'

အိုရန်စု၏အသံ ထွက်ပေါ်လာသည်။

အားလုံး မြင်းကို အရှိန်သပ်ရပ်ကာ ပတ်ဝန်းကျင်ကို သတိကြီးစွာထား၍ အကဲခတ်ကြည့်လိုက်ကြလေ၏။

သဲတောင်ပူစာလေးများရှေ့တွင် လဲကျ သေဆုံးနေသူများ ရှိနေပါသည်။

ပြန့်ကျဲနေသော အလောင်းများကိုကြည့်ရ၍ မကြာသေးမီကမှ သေဆုံးသွားခဲ့ကြခြင်း ဖြစ်ကြောင်း ကောက်ယိတို့ဆင်ခြင်မိလိုက်ကြ၏။

အဘာယ်ကြောင့်ဆိုသော်....

ထို သေဆုံးနေကြသူများမှာ အိုရန်စု၏လူများ ဖြစ်နေ ခြင်းကြောင့်တည်း။

အိုရန်စုသည် နောက်မှ ထက်ကြပ်မကွာ လိုက်နေသော ယန်ထင်တို့လူစုကို လှည့်စားဖို့အတွက် လူစုခွဲရန် စီစဉ်ခဲ့လေ သည်။

လူဝကြီးနှင့် အဖွဲ့သား ဆယ့်ငါးယောက်ကို လုယက် ထားသော ရွှေဒင်္ဂါးများနှင့်အတူ ရှေ့မှသွားနှင့်စေပြီး သူတို့ က နောက်ကျန်နေရစ်ကာ ယန်ထင်နှင့် ရင်ဆိုင်ရန် စီစဉ်ခဲ့ ခြင်းဖြစ်၏။

ယန်ထင်တို့လူစုအား လှည့်စားပြီး မောင်းထုတ်နိုင်ခဲ့သော် လည်း ရှေ့မှသွားနှင့်ကြသည့် လူဝကြီးတို့လူစုသည် မမျှော် လင့်သော အဖြစ်ဆိုးနှင့် ရင်ဆိုင်လိုက်ရပြီတကား။

'တောက်....'

အိုရန်စုသည် ခံပြင်းစွာ တက်ခေါက်လိုက်ပြီး မြင်းပေါ် မှ ခုန်ဆင်းလိုက်လေ၏။

သူ၏အဖွဲ့သားများကလည်း ခုန်ဆင်းလိုက်ကြသည်။

သူတို့သည် လဲကျသေဆုံးနေသူများအား လိုက်လံစစ်ဆေး လိုက်ကြလေသည်။

ထိုအခါ အလောင်းများ၏ အသားအရည်မှာ ပြာနှမ်း နေပြီး သေဆုံးသူများ၏မျက်နှာသည် ကြောက်မက်ဖွယ် ကောင်းအောင် ရှုံ့မဲ့နေသည်။



အိုရန်စုက....

'အဆိပ်မိကုန်ကြတာပဲ'

ဟု မှတ်ချက်ချလိုက်သည်။

အဆိပ်ကြောင့် သေဆုံးသွားကြရသည့်အဖြစ်ကို သိလိုက် ရပြီဖြစ်သော်လည်း မည်သူ့လက်ချက်ဖြစ်သည်ကိုကား မသိ နိုင်သေးပါချေ။

လုပ်ကြံသွားသည့်တရားခံမှာ မည်သူဖြစ်ပါသနည်း။

ကောက်ယိသည် မြင်းပေါ်မှမဆင်းသေးဘဲ သေဆုံးနေ သည့် အလောင်းများကြားတွင် လူတစ်ယောက်ကို ရှာဖွေ နေမိလေသည်။

လူထက်မို့၍ ကြံ့ခိုင်သန်စွမ်းပြီး တုတ်ခိုင်ကြီးမားသော ခန္ဓာကိုယ်ပိုင်ရှင် လူဝကြီးအား သဲပြင်တွင် ထင်းခနဲ တွေ့ မြင်ရမည်ဖြစ်လေသည်။

သို့သော်....

'လူဝကြီး ဘယ်ပျောက်နေဘာလဲ'

အိုရန်စု၏စကားသံ ထွက်ပေါ်လာလေသည်။

ရွှေဒင်္ဂါးများသယ်ဆောင်သွားသည့် လူဝကြီးတို့အဖွဲ့တွင် အဖွဲ့သားများ၏အလောင်းကို တွေ့ရသော်လည်း လူဝကြီး ကား ပျောက်ချင်းမလှ ပျောက်ဆုံးနေလေသည်။

ထို့အတူ....

'ရွှေဒင်္ဂါးတွေလဲ ရှာမတွေ့ဘူး'

ဟိုဟိုသည်သည် လိုက်လံရှာဖွေနေသည့် အဖွဲ့သားများ ထဲမှ ပြောဆိုသံများလည်း ထွက်ပေါ်လာလေ၏။

လူဝံကြီးနှင့်အတူ မြွေဒဂံါးများပါ ပျောက်ဆုံးနေပြီ တကား။

အုိရန်စု ခေါင်းကုတ်လိုက်သည်။

ကောက်ယိက လှမ်းကြည့်လိုက်သောအခါ....

'ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ'

ဟု ညည်းတွားလိုက်လေ၏။

ကောက်ယိက....

'လူဝံကြီးကိုရှာလို့တွေ့ရင်တော့ အဖြေမှန်ပေါ်လာမှာ ပဲဗျ'

ဟု ပြောလိုက်၏။

အိုရန်စု အားတက်သွားသည်။

'ဟုတ်တယ်၊ လူဝံကြီးကို လိုက်ရှာရမယ်'

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

အဝေးမှမြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြား လိုက်ကြရလေသည်။

အားလုံး သတိကြီးစွာထားကာ လှမ်းကြည့်လိုက်ကြလေ သည်။ ထိုအခါ....

မြင်းစီးသမားတစ်ယောက်သည် သူတို့ထံသို့ ဦးတည်ကာ ဒုန်းစိုင်းစီးနင်းလာနေသည်ကို တွေ့မြင်ရလေ၏။

အုိရန်စု ဝမ်းသာသွား၏။

'လူဝံကြီးပဲ ဖြစ်မယ်'

ဟု ရေရွတ်လိုက်လေသည်။



သို့သော်....

မြင်းစီးသမား တစ်စထက်တစ်စ နီးကပ်လာသော အခါ သူတို့မျှော်လင့်သလို လူဝံကြီးမဟုတ်ဘဲ အခြားလူတစ်ဦး ဖြစ် နေသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်လျှင် ကောက်ယိရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ် လာလေတော့သည်။

....၁....

မြင်းစီးသမားသည် ကောက်ယိတို့အနီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ကောက်ယိက....

'သတိထား၊ သူ့ကို စိတ်မချရဘူး'

ဟု အုိရန်စုအား သတိပေးလိုက်၏။

အကြောင်းမှာ....

ထိုလူသည် သူ ထံမှကျောက်စိမ်းဓားကို ရယူဖို့ သူ့နောက် သို့တကောက်ကောက် လိုက်ရင်း သူသေဆုံးသွားမည့်အချိန်ကို စောင့်မျှော်နေခဲ့သူ (ဝါ) တစ္ဆေလက်ကျိုကွေ ဖြစ်နေခြင်း ကြောင့်တည်း။

အိုရန်စု ခေါင်းခါယမ်းလိုက်သည်။

'သူဟာ ရန်သူမဟုတ်ပါဘူး၊ မိတ်ဆွေပါ'

ဟု ပြန်ပြော၏။

ကောက်ယိ တအံ့တသြဖြစ်သွားရပါတော့၏။

'မိတ်ဆွေဟုတ်လား'

အိုရန်စု ခေါင်းညိတ်လိုက်၏။

'ခေါင်းဆောင်ကြီး ကန္တာရကြယ်ရဲ့ညာလက်ရုံး ကျီကွေ့လေ၊ ကျုပ်တို့အဖွဲ့ကပဲပေါ့၊ မင်းကို ကယ်ဖို့ပြောတာ သူပဲ၊ အဖွဲ့သားတွေ လုပ်ကြံခံခဲ့ရတဲ့ကိစ္စဟာ မင်းလက်ချက် မဟုတ်ဘူးလို့ အာမခံခဲ့တာလဲ သူပဲ'

ဟု ပြောပြ၏။

ယခုမူ....

အိုရန်စုက ရွှေခါးမြွောင်ဖြစ်၍ သူ့အားထိခအောင် မပစ်ခဲ့သည့် အကြောင်းရင်းကို ကောက်ယိ သိရှိလိုက်ရလေတော့သည်။ ထိုစဉ်....

'တရားခံဘယ်သူသဲလို့ မင်းတို့စဉ်းစားနေကြဘယ် မဟုတ်လား၊ ခေါင်းရှုပ်ခံပြီး စဉ်းစားမနေကြပါနဲ့၊ အစ်ကိုကြီး ပြောဖြလိမ့်မယ်၊ လိုက်ခဲ့ကြပေတော့'

ဟု ပြောလိုက်၏။

အိုရန်စု ဝမ်းသာသွား၏။

'သွားကြမယ်ဟေ့'

လက်ဝေ့ယမ်းကာ သူ၏အဖွဲ့သားများကို အမိန့်ပေးလိုက်၏။

အားလုံးလိုလို မြင်းပေါ်ခုန်တက်လိုက်ကြ၏။

ကျီကွေ့သည် ကောက်ယိကို ပြုံးပြလိုက်ပြီး....

'မင်းဆီက ကျောက်စိမ်းဓားကို ငါဘယ်တော့မှ ရနိုင်တော့မယ်မထင်ပါဘူးကွာ'

ဟု ပြောလိုက်၏။



ကောက်ယိက....

'ကျုပ်တစ်ယောက်လုံးကိုရထားပြီးမှ ကျောက်စိမ်းဓားကို လိုချင်သေးသလားဗျာ'

ဟု ပြန်မေးလိုက်၏။

'ဟား....ဟား....ဟား'

ကျီကွေ့ သဘောကျစွာရယ်မောလိုက်၏။ ထို့နောက်...

'သွားစို့'

မြင်းကို နောက်ကြောင်းလှည့်ကာ မောင်းနှင်သွားလေသည်။

ကောက်ယိသည် အိုရန်စုတို့လူစုနှင့်အတူ ကျီကွေ့နောက်သို့ လိုက်ပါသွားတော့သည်။

....ငါ....

နှစ်ရက်....

မြောက်စူးစူးသို့ နှစ်ရက်ခန့် ခရီးပြင်းနှင်ပြီးသောအခါ သဲကန္တာရကြီးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီး တောအုပ်များ၊ တောဝတန်းကြီးများဖြင့် စိမ်းလန်းစိုပြည်သော အရပ်ဒေသသို့ ရောက်ရှိသွားကြလေ၏။

ကောက်ယိ၏ ဘဝတစ်သက်တာတွင် ပထမဦးဆုံးအကြိမ် မြောက်ပိုင်းကန္တာရကို အောင်မြင်စွာ ဖြတ်သန်းလာနိုင်ခဲ့ခြင်းဖြစ်၏။

တောအုပ်များ၊ တောင်တန်းများကို ဖြတ်ကျော်ပြီးလျှင် တောင်ပေါ်မြို့လေးတစ်မြို့သို့ ရောက်ရှိသွားလေ၏။

ထိုမြို့လေးမှာ တရုတ်လူမျိုးများ၊ တိဗက်လူမျိုးများ၊ နယ်ခြားမှ မျိုးနွယ်စုများ စုရုံးနေထိုင်ရာ မြို့တစ်မြို့ဖြစ်ပေသည်။

ကျော်ကွေ၏ ဦးဆောင်မှုဖြင့် မြို့စွန်ရှိ သိုးများဆိတ်များ မွေးမြူထားသော ခြံဝင်းတစ်ခုသို့ ရောက်ရှိသွားကြလေသည်။အိုရန်စု၏အဖွဲ့သားများမှာဝမ်းသာပျော်ရွှင်နေကြ၏။

ကိုယ့်အိမ်ကိုယ့်ယာသို့ ဘေးမသီ ရန်မခ ပြန်ရောက်လာခြင်းကြောင့် ဝမ်းသာ ပျော်ရွှင်နေကြခြင်း ဖြစ်ကြောင်း ကောက်ယိ ဆင်ခြင်မိသည်။

ကျီကွေက....

'ကျုပ်နောက် လိုက်ခဲ့ပါ'

ကောက်ယိအား လှူခဲ့ကာ ခေါ်သွားသည်။

ကောက်ယိ လိုက်သွားရာ မကြာပါချေ ခြံဝင်း အနောက်ဘက်မှ အိမ်လေးတစ်လုံးရှေ့သို့ ရောက်သွားလေသည်။

အိမ်တံခါး ဖွင့်ထားပါသည်။

အိမ်ထဲမှ မွှေးကြိုင်သင်းပျံ့သော အမဲသားဟင်းနံ့များ ထွက်ပေါ်နေလေသည်။

ကောက်ယိ ဗိုက်ဆာလောင် လာလေတော့သည်။

ကျီကွေက....

'အိမ်ထဲ ဝင်သွားပါ'

ဟု ပြောသည်။

ကောက်ယိလည်း ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ဘဲမြင်းပေါ်မှဆင်းကာ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။



အိမ်ထဲ၌ ပြင်ဆင်ထားပုံမှာ ရိုးရိုးရှင်းရှင်းလေးသာ ဖြစ်ပါသည်။ သို့သော်....

သန့်ရှင်း သပ်ရပ်ကာ နေချင်စဖွယ် ကောင်းလှပေ၏။

ကောက်ယိ အိမ်ထဲ ရောက်သွားသောအခါ စားပွဲတစ်လုံး၌ လူတစ်ယောက်ထိုင်ကာ အရက် သောက်နေသည်ကို တွေ့ရသည်။

ချိုင်းပြတ်သိုးမွေး အင်္ကျီဝတ်ထားပြီး မုတ်ဆိတ်မွေး ပါးပြိုင်းမွေးများရှိသော အသက်သုံးဆယ်အရွယ် လူရွယ်တစ်ဦး ဖြစ်လေသည်။ ထိုလူရွယ်က....

'ထိုင်ပါ'

ထိုင်ခုံတစ်လုံးကို ညွှန်ပြကာ ပြောလေသည်။

ကောက်ယိက လှမ်းသွားပြီး ထိုင်ချလိုက်သည်။

လူရွယ်က....

'ညီမရေ....ဧည့်သည်အတွက် စားစရာသောက်စရာ ယူလာခဲ့ပါဦး'

ဟု အော်ပြောလိုက်၏။

မရှေးမနှောင်းမှာပင် မိန်းကလေး တစ်ယောက်သည် စားသောက်ဖွယ်ရာများ ထည့်ထားသည့် လင်ပန်းတစ်ချပ်ကို ကိုင်ကာ မီးဖိုချောင်မှ ထွက်လာလေသည်။

ကောက်ယိ၏ ရှေ့စားပွဲပေါ်တွင် ချပေးလိုက်သည်။

လူရွယ်က....

'စားလိုက်ပါဦးဗျာ'

ဟု ဧည့်ဝတ်ပြုလေသည်။

ကောက်ယာမှာ ခရီးပန်းလာသလို အာလေသ၀်နေပါသည်။ ထို့ကြောင့်....

'ကျေးဇူးပါပဲဗျာ'

ဟု ပြောကာ စားသောက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်....

မိန်းကလေး၏ မျက်နှာကို သတိထား မိလိုက်သောအခါ မစားနိုင်ဘဲ ဖြစ်သွားရတော့သည်။

ထိုမိန်းကလေးအား သူ မြင်ဖူးပါသည်။

မြင်ဖူးသည် ဆိုရုံထက် ကောင်းစွာ မှတ်မိနေသည်ဟု ဆိုပါမှ မှန်လိမ့်မည် ဖြစ်ပေသည်။

ထိုမိန်းကလေးသည် ကန္တာရ ခရီးအစတွင် လှမ်းပေါ်၍ သေချင်ဟန်ဆောင်ပြီး သူ့အား လုပ်ကြံရန် ကြိုးစားခဲ့သည့် မိန်းကလေး ဖြစ်နေသည် မဟုတ်ပါလား။

'လက်စသပ်တော့ မင်းကိုး'

ကောက်ယာ လွတ်ခနဲ ရေရွတ်မိလိုက်သည်။ လူရွယ်က...

'သူက ကျုပ်ညီမ ကျူပေအင်ပါ'

ဟု မိတ်ဆက်ပေးလေ၏။

ကောက်ယာက လူရွယ်ကို ကြည့်လိုက်မိသည်။ လူရွယ်က...

'ကျုပ်ဟာ မင်းလိုက်ရှာနေတဲ့ ဓားသမား ကျူစိမ်ရှန်ပါ၊ ဒီအရပ်ဒေသမှာတော့ ကျုပ်ကို ကန္တာရကြွယ်လို့ ခေါ်ကြပါတယ်ဗျာ'

ဟု ပြောလေသည်။



အမဲသား ဟင်းနံ့သည် လွန်စွာပင် မွှေးကြိုင်နေလေသည်။

သို့သော် ကောက်ယာ မစားဖြစ်တော့ပါ။

ရန်သူတည်ခင်းကျွေးမွေးသော အစားအစာကို မည်သူမျှ စားသောက်လိုကြလိမ့်မည်မဟုတ်ပါချေ။

ကောက်ယာ ထိုင်ရာမှ ထရပ်လိုက်၏။

လူရွယ်(ဝါ)ကန္တာရကြွယ် ကျူစိမ်ရှန်အား ခပ်စိမ်းစိမ်း ကြည့်လိုက်ပြီးလျှင်....

'ကျုပ်က ခင်ဗျားနဲ့ ဓားပညာ ယှဉ်ပြိုင်ဖို့ လာခဲ့တာပဲ'

ကျူစိမ်ရှန်က....

'ထိုင်ပါဦးဗျာ၊ အေးအေးဆေးဆေးပေါ့၊ စားသောက်ရင်း စကားပြောကြတာပေါ့၊ ဓားပညာယှဉ်ပြိုင်တယ်ဆိုတာ အလောတကြီးမလုပ်လို့ လဲရပါတယ်'

လေသံအေးအေးဖြင့် ပြောသည်။

အဘယ်ကြောင့်မှန်းမသိ ကောက်ယာမှာ ထိုင်ခုံတွင် ပြန်ထိုင်ချလိုက်မိသည်။

ကျူစိမ်ရှန်က....

'ကျုပ်ညီမက မင်းကို ဟန့်တားခဲ့တာ ကျုပ်ခိုင်းလိုက်လို့ပါ'

ကောက်ယာ ပြုံးလိုက်၏။

'ကျုပ်ရဲ့ ဓားပညာအခြေအနေ ဘယ်လိုရှိတယ်ဆိုတာကို ခင်ဗျား သိချင်လို့ ပဲမဟုတ်လား'

ကျူစိမ်ရှန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ ကျုပ်ကို ယှဉ်ပြိုင်ချင်တဲ့လူတစ်ယောက် သိုင်းလောကမှာ ပေါ်ထွက်လာတယ် ဆိုတဲ့သတင်းကို ကြားမိတယ်လေ၊ ဒါကြောင့် သတိနဲ့စောင့်ကြည့်နေခဲ့တာ၊ မင်းက ဘယ်လိုအကြောင်းကိစ္စမှမရှိဘဲ ကန္တာရထဲကို လာခဲ့တယ်ဆိုတော့ မင်းပဲ ဖြစ်မယ်လို့ တွက်မိတာနဲ့ စမ်းကြည့်လိုက်တာပါ'

ကောက်ယိက....

'ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်မယ့်လူ အမှန်ပဲဗျ'

ကျူစိမ်ရှန်က....

'ကျုပ်တစ်ခုမေးချင်တယ်'

'မေးပါ'

'ဘာကြောင့် ကျုပ်နဲ့ ယှဉ်ပြိုင်ချင်တာလဲ'

ကောက်ယိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ သူ၏ မျက်နှာလည်း ခက်ထန် တင်းမာသွားလေသည်။

'ခေါင်းသမား ယင်ထင်နန် ကြောင့်ပဲ'

ကျူစိမ်ရှန်၏မျက်နှာတွင် အံ့သြသည့်အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

ကောက်ယိကို နားမလည်နိုင်စွာကြည့်ရင်း....

'မင်းက သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ကောက်ယိက....

'သူဟာ ကျုပ်ရဲ့ဆရာပဲ'

ထိုစကားကြားလျှင် ကျူစိမ်ရှန် ငိုင်သွားလေသည်။



ကောက်ယိက....

'ကျုပ်ရဲ့ဆရာဟာ ခင်ဗျားလက်ချက်ကြောင့်သေဆုံးသွားခဲ့ရတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို စိန်ခေါ်ပြီး ယှဉ်ပြိုင်မလို့ဘဲ'

….ဝ….

နေခြည်ဖြာကျနေသည်။

နေရောင်ခြည်အောက်တွင် မြို့လေးမှာ စည်စည်ကားကား ရှိနေ၏။

လမ်းမကြီး၏ဝဲဘက်ခြမ်းမှ စားသောက်ဆိုင်တစ်ဆိုင်တွင် လူတစ်ယောက်ထိုင်ကာ အရက်သောက်နေလေသည်။

ထိုလူမှာ ထင်ကျန်ဖြစ်ပါသည်။

ထင်ကျန်မှာ အတော်ကြာသွားခဲ့ပြီဖြစ်သည်။

ကန္တာရ၌ ကြုံတွေ့ခဲ့ရသည့် ခါးသီးသော အဖြစ်အပျက်များကို အရက်နှင့် ကုစားနေခြင်းဖြစ်ပေသည်။

ထင်ကျန် အရက်သောက်နေစဉ် ဆိုင်ရှေ့မှ လမ်းသွားလမ်းလာများနှင့်အတူရောနှောကာ ဖြတ်လျှောက်သွားသည့် လူထွားကြီး တစ်ယောက်ကို တွေ့ရလေသည်။

ထင်ကျန် မျက်မှောင်ကုတ်သွားသည်။

'သူ့ကို ငါတွေ့ဖူးပါတယ်'

မည်သည့်နေရာ၌ တွေ့ခဲ့ဖူးသည်ကို စဉ်းစားကြည့်လိုက်သည်။

မကြာပါချေ။

'သူဟာ ကုန်သည်တွေလို ရုပ်ဖျက်ထားတဲ့ ဓားပြအဖွဲ့ကို ခေါင်းဆောင်ခဲ့တဲ့ လူသန်ကြီးပဲ'

ပြန်လည် အမှတ်ရလာသည်နှင့် ထိုင်ရာမှဝုန်းခနဲ ထရပ်လိုက်ပြီး ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ထင်ကျန်သည် လူဝကြီးအား တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

ထို့ကြောင့်....

လမ်းသွားလမ်းလာများအား တိုးဝှေ့ကာ ဒရောသော ပါး ပြေးလိုက်သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်သီဟအောင်

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible]
ဖုန်း ၂၁၇၄၄